
www.burmeseclassic.com



# မအေးလေး

## ကောင်းကင်ညို့၏ လှည့်ဖြားမှု

ာမူခွင့်ပြုချက်အမှတ် - ၂၇၉/၂၀၀၃ (၂)
က်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၉၃/၂၀၀၃ (၃)

၂၀၀၃ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

တ်ဝေသူ ... ဒေါ်မိုးတေနိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### နိုင်ငံတော်ဆုံးခန်းရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မအေးလေး . .

## ကောင်းကင်ညို့၏ လှည့်ဖြားမှု

မောင်ကျော်လှိုင် စေတနာစာပေမှ
စီစဉ်သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ
လုံးဝကဲ့ရဲ့ခံရသော ယောက်ျား(မိန်းမ)
လုံးဝချီးမွမ်းခံရသော ယောက်ျား(မိန်းမ)သည်
ရှေ့၌လည်းမရှိခဲ့
ယခုလည်းမရှိ
နောင်လည်းရှိလိမ့်မည်မဟုတ်
(ဓမ္မပဒ)



'ခိုင်မင်းခန့်'ဆိုသောကောင်လေးနှင့်ဆုံတွေ့ခဲ့ခြင်းက 'ကြွေ'၏ဘဝကို ထူးခြားစွာပြောင်းလဲစေလိမ့်မည်ဟု . . 'ကြွေ' လုံးဝ မမျှော်လင့် . . မထင်မှတ်ခဲ့ပါ။

သို့သော် . . .

ကြွေ၏ဘဝတစ်ခုလုံး . . 'ခန့်'ကြောင့် လုံးဝပြောင်းလဲခဲ့ရခြင်းက ရွာမလိုညီသောကောင်းကင်ပြင်၏လှည့်ဖြားမှုသာဖြစ်လေသည်။

☺ 😐 ☺

www.burmeseclassic.com

www.burmeseclassic.com



နီလွင်က သူမ၏မွေးနေ့ပွဲကို ထူးခြားဆန်းပြားစွာကျင်းပခဲ့ခြင်းက ခိုင်မင်းခန့်နှင့် 'ကြွေ'တို့စတင်ဆုံစည်းဖို့ အကြောင်းတရားများဖြစ်ခဲ့လေသည်။

အများအားဖြင့်တော့ . . မွေးနေ့ပိုင်ရှင်မှ မိတ်ဆွေသူငယ်ချင်းများကို အစားအသောက်တစ်ခုခုဖြင့်ကျွေးမွေးဧည့်ခံခြင်းပဲပြုလုပ်ကြတာများပါသည်။

နီလွင်ကျတော့ အစားအသောက်ကျွေးမွေးဧည့်ခံခြင်းအပြင် ပျော်ရွှင်စရာအထိမ်းအမှတ်အဖြစ် ကစားပွဲတစ်ခုကိုပါပြုလုပ်ခဲ့လေသည်။

ထူးခြားဆန်းပြားစွာပြုလုပ်ထားသောခေါင်းဆောင်းများမှာ နိုင်ငံခြားရုပ်ပြောင်ကာတွန်းရုပ်များ (ဥပမာ . . မစ်ကီမောက်၊ ဆပ်ကပ်လူရွှင်တော်ရုပ်)အပြင် ယုန်၊ ကြက်၊ ဝက်၊ မြင်း ရုပ်ပုံများဖြစ်ကြပါသည်။

ဝတ်ရသည့်ဝတ်ရုံကလည်း ဆရာဝန်များခွဲစိတ်ခန်းဝင်သည့်အခါဝတ်ရသည့် လက်နှစ်ဖက်စွပ် နောက်ကျောကွဲဝတ်ရုံရှည်များဖြစ်သဖြင့် . . . .

ရုပ်ပုံပါခေါင်းဆောင်းများဆောင်းပြီး ဝတ်ရုံရှည်များဝတ်လိုက်တာနှင့် ဘယ်သူက နီလွင်ကြည်၊ ဘယ်သူက



'ကြွေဝတ်မှုန်'ဆိုတာ ဘယ်လိုမှခွဲခြား၍မရနိုင်အောင်ရှိ၏။

ရုပ်ပုံပါသော ခေါင်းဆောင်းများကိုလည်း ရွေးချယ်ယူငင်ခွင့်မရှိချေ။ မိမိဆွဲယူလိုက်သောအိတ်ထဲမှခေါင်းဆောင်းများကို သတ်မှတ်ပေးထားသောနေရာမှာ ပြိုင်တူဆောင်းလျက် ဝတ်ရုံကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင်ဝတ်ကြရသဖြင့် . . တစ်ယောက်ကိုတစ်ယောက် သတိထားကြည့်မိချိန်မရကြပေ။

အားလုံးပြီးစီးအောင်ဝတ်ပြီးချိန်အထိ မပြီးသေးသောသူက ထိုပွဲအစ၏ ခွေးရူးပဲဖြစ်လေသည်။

"မြင်းကျားကြီးဟေ့ . . မြင်းကျားကြီး ကျန်နေပြီ"

သတ်မှတ်ချိန်ထက်နောက်ကျထွက်လာသူတို့ဝိုင်းဟားကာ လတ်ခုပ်တီးသူထဲမှာ ကြွေလည်းပါလေသည်။

ကြွေကျတော့ ကုသိုလ်ကံကောင်းလှစွာ ယုန်ခေါင်းစွပ်တလေးရသဖြင့် လှတပတရှိနေသေးသည်ဟု အောက်မေ့ရလေသည်။

"ဘာလုပ်ရမှာလီ . . ."

"ဘာလုပ်ရမှာလဲ . . . ပြောလေ . . ."

အော်မေးသံက ယောက်ျားသံဖြစ်၏။

"လိုက်လေ . . လိုက်ဖမ်း၊ တစ်ယောက်ယောက်ကိုမိအောင်ဖမ်းရမှာ"

"ကိုင်း . . လိုက်ပြီ၊ ပြေးနိုင်မှလွတ်မယ်ဟေ့ရော . . ဒိန်း

www.burmeseclassic.com



တပ်တပ် . . ဒိန်းတပ်တပ်"

မြင်းကျားခေါင်းစွပ်က အော်လည်းအော်၊ တစ်ရှိန်ထိုးပြေးလိုက်သဖြင့် မိန်းကလေးစုထံမှ . . အီးခနဲ . . အားခနဲ အော်သံတွေ စီညံစွာထွက်ပေါ်လာခဲ့၏။

ကြွေ ပထမတော့ ရောသောပေါသောပြေးမိပြီးမှ သတိရစွာ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် စံပယ်ရုံနံဘေးမှာ ပုဝင်ထိုင်နေလိုက်၏။

မပြေးရတော့ . . ကြွေ . . မမောတော့ဘူးပေါ့။

ကြွေ . . ကိုယ့်အတွေးနှင့်ကိုယ်ပျော်ကာ ရယ်မိချိန်မှာ . . .

'ဝေါင်း' . . ခနဲ အော်သံက ကြွေ့အနားမှာ အနီးကပ်ပေါ်လာခဲ့၏။

"အမယ်လေး"

အမှတ်တမဲ့မို့ ကြွေ တကယ်လန့်သွားရပါသည်။

ကြွေ့အနားမှာ ကျားကြီးတစ်ကောင် . . .

လေးဘက်တွားလာပြီး ကြွေ့အပေါ်ခုန်အုပ်မည့်ဟန်ပြင်ခြင်းကြောင့် ကြွေ ကပျာကယာထပြေးစဉ်မှာ ကြွေ့ခြေထောက်ကိုလှမ်းဆွဲထားသဖြင့် . . ကြွေ ရှေ့သို့ဟပ်ထိုးလဲကျလေသည်။

"ဟင် . . ဒါ . . ဘာလုပ်တာလဲ"





ကြွေ လန့်ဖျပ်စွာထအော်မှ သဘောကျစွာရယ်သံထွက်လာခဲ့၏။

"ဆောရီးကွာ . . ဆောရီး၊ ကိုယ်က ကိုယ့်သူငယ်ချင်း 'မင်းစော'မှတ်လို့ဆွဲလိုက်တာ နာသွားလား ဟုတ်လား"

အသံက ကြည်လင်လှ၏။ စေတနာကရုဏာကလည်းပိုလှ၏။ ကြွေ့ကိုမြန်ဆန်စွာဆွဲထူပုံက သွက်လက် လျင်မြန်လှလေသည်။

ကြွေက ထိုင်မိကာမှ သူ့လက်များကိုပုတ်ထုတ်လိုက်၏။ မြေပေါ်ဟပ်ထိုးလဲကျခြင်းကြောင့် ကိုင်ရိုက်လိုက်သလို နာကျင်သွားတာလည်းအမှန်ပင်ဖြစ်လေသည်။

"မနာဘဲ နေမလား၊ လဲကြည့်ပါလား . . အဲဒီလိုမျိုး"

နှုတ်သီးကောင်းလှချည်။ ရန်တွေ့မိလေသည်။

"အားပါးပါး . . စွာလိုက်တာ၊ ကြက်တူရွေးခေါင်းစွပ်နဲ့ လဲစွပ်ဖို့ကောင်းနေပြီ"

"ရှင်မပြေးဘဲ ဘာလာလုပ်နေတာလဲ . . ဒီမှာ"

သူ့ထံမှ ရယ်သံသဲ့သဲ့ထွက်လာလေသည်။

"မင်းလိုပဲပေါ့ . . မင်းရော ဘာလို့ဒီမှာပုန်းနေရတာလဲ"

"မပြေးချင်လို့ပေါ့"

"အေး . . တို့လည်း မပြေးချင်လို့ပေါ့"

ကြွေ မျက်စောင်း လှစ်ခနဲထိုးမိလေသည်။

"အဲဒါဆိုရင်လည်း တခြားလွတ်လွတ်ကျွတ်ကျွတ်တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာသွားနေပါလား၊ ဘာလို့ ဒီကိုလာရတာလဲ"

"မှန်တာပြောရရင် အစကပြေးလာတာ၊ မင်းဝင်ပုန်းတာမြင်တာနဲ့ ခြောက်ချင်စိတ်ဖြစ်လာတာနဲ့ ခြောက်တာ၊ မင်းမျက်လုံးလေးတွေက သိပ်လှတာပဲ၊ ဟော . . အဲဒီလိုမျက်စောင်းထိုးတာက ပိုလှသေးတယ်"

"သွားစမ်းပါ . . ဘာတွေလျှောက်ပြောနေတာလဲ"

ကြွေ အပြေးအလွှား ပြေးထွက်လာချိန်မှာ ကြွေ့ Hand Chain လက်တောက်ပျော့ကလေးပြုတ်ကျကျန်ခဲ့တာ ကြွေ လုံးဝသတိမထားမိလိုက်ပေ။

"ဟေး . . မိပြီ . . ဒီမှာဟေ့"

အသံက နောက်နားမှာပေါ်လာသဖြင့် ကြွေ လန့်သွား၏။ လှည့်ကြည့်လိုက်တော့ ကျား၏ကိုယ်ပေါ်မှာ မြင်းကျားကြီးခွစီးထားလေသည်။

"ကောင်းတယ် . . မှတ်ကရော"

ကြွေ လက်ခုပ်တီးမိလေသည်။





ကြွေ ဝတ်စုံရှည်ကြီးချွတ်ပြီး ခေါက်သိမ်းဖို့ပြင်သည့်အချိန်ကျမှ လက်က Hand Chain ကိုသတိရ၏။

"ဒုက္ခပဲ . . ကြွေ့လက်ကောက်ကလေးမရှိတော့ဘူး . . ပျောက်သွားပြီ"

အလန့်တကြားအော်မိ၏။

ဝတ်စုံချွတ်ချိန်မှာ ကျွတ်ကျခဲ့တာလား၊ ဟိုဒီငုံ့ကြည့်ချိန်မှာ အနီးကပ်ရပ်လာသူ၏ခြေအစုံကို မြင်ရ၏။

ကြွေ ခေါင်းမော့ကြည့်လိုက်ချိန်မှာ ကြွေ တစ်ခါမျှမမြင်ဘူး မတွေ့ဘူးသောမျက်နှာကိုတွေ့လိုက်ရ၏။

ကြည်လင်ရွှင်းသန့်သောမျက်နှာမှ အပြုံးမျက်ဝန်းများက ရွှန်းလဲ့တောက်ပနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွေ အံ့အားသင့်စွာကြည့်နေချိန်မှာ သူမျက်နှာက တဖြည်းဖြည်းချင်းပြုံးလာလျက် ခြေကားယား လက်ကားယားပြုကာ 'ဝေါင်း'ခနဲအသံပြုလေသည်။ ကြွေ အလန့်တကြား ထ,ရပ်လိုက်မိလေသည်။

"ဟင် . . ရှင်၊ ရှင် ဘာလာလုပ်တာလဲ"

စောစောက 'ကစားပွဲ'မှာ ကျားနခါင်းစွပ်ထားတာ သူပဲဟု ကြွေ သိလိုက်၏။

"ခင်ဗျား . . ဘာရှာနေတာလဲ"

"ဘာရှာရှာ . . ရှင့်အပူလား"

"ဟား . . မတရား စွာတာပါလား၊ ဒီမှာကြည့် . . ဘာလဲဆိုတာ"

သူက ဘောင်းဘီအိတ်ထဲမှပစ္စည်းကိုနှိုက်ယူပြီး ကြွေ့မျက်နှာရှေ့မှာ တွဲလွဲလေး ယမ်းပြ၏။

ကြွေ့ . . ဟင်း(န်း)ချိန်းကလေး။

ကြွေ . . တကယ်ပျော်သွားလေသည်။

"ဟယ် . . ပျော်လိုက်တာ၊ ကြွေက ပျောက်သွားပြီမှတ်ပြီး အရမ်းကိုလန့်သွားတာ"

ပြောရင်း လှမ်းယူတော့ သူက လက်နောက်ဆုတ်သွား၏။

"ဒီလို ဘယ်ရမလဲ"

"ဘာလဲ . . ဒီလိုမရဘူးဆိုတာက"





"ပစ္စည်းဆိုတာ ရေအာဆုံး ကုန်းတစ်ဝက်လေ၊ ဒီလို လွယ်လွယ်လေးပြန်ပေးလို့ဘယ်ဖြစ်မလဲ"

"ကြည့်စမ်း . . ရှင်က ပြန်ပေးတစ်ပိုင်းပဲ"

"မဟုတ်တာဗျာ . . ခင်ဗျားကို ကျွန်တော်က ခင်လို့သတ်သက် 'စ'နေတာပါ၊ ရော့ . . ဟောဒီမှာ ခင်ဗျားလက်ကောက်၊ စောစောကပြောတာ ကြားလိုက်ပါတယ် . . ခင်ဗျားနာမည်က 'ကြွေ'ဆိုသလားလို့"

ကြွေ သဘောကျစွာ ရယ်မိလေသည်။

"ရှင်က တော်တော်ဖြီးတတ်တာပဲ၊ နာမည်သိစရာလိုလို့လား"

"လိုတာပေါ့ . . ကျွန်တော်က ခင်ဗျားနဲ့ခင်မင်သိကျွမ်းချင်တာကိုး ကြွေရဲ့၊ ကျွန်တော့်နာမည်က ခိုင်မင်းခန့်တဲ့၊ ဟိုဘက်အိမ်မှာရောက်နေတဲ့ဧည့်သည်"

"ဟင် . . ဟိုဘက်အိမ်ကဆိုလည်း ဟုတ်သေးရဲ့၊ တိုဘက်အိမ်ကဧည့်သည်က ဘာလို့ပါလာရတာလဲ"

"မင်းစောကလိုက်ခဲ့ပါဆိုလို့ လိုက်လာခဲ့မိတာ . . နီလွင်ကြည်ကလည်း လိုက်ခဲ့ပါ တရရခေါ်တာကိုး၊ ဒီအရွယ်တွေရောက်နေတဲ့အထိဆော့မယ်မှန်းမသိလို့ပါ . . သိရင်မလိုက်ပါဘူး"

"အမယ် . . ရှင်ကပဲ ကြီးကြီးကျယ်ကျယ်"

"ဟုတ်တယ်လေ . . ကျွန်တော်နဲ့ကအစိမ်းသက်သက်ကြီး

www.burmeseclassic.com



ဖြစ်နေတော့ ဘယ်ကောင်းမလဲ၊ ခု . . ခင်ဗျားကိုမိတ်ဆွေဖွဲ့ရတာတောင် ဘယ်လောက်ခက်ထားသလဲ၊ ခုထိနာမည်မပြောသေးတာကြည့်လေ"

ကြွေ ပြုံးမိလေသည်။

"ရှင်မေ့သွားပြီမှတ်တာ . . မမေ့သေးဘဲကိုး၊ မှတ်ထားကြွေ့နာမည်က ကြွေဝတ်မှုန်တဲ့၊ ရှင့်နာမည်က ခန့်မင်းခိုင်နော်"

"ခိုင်မင်းခန့်ပါ၊ ဘယ်က ခန့်မင်းခိုင်ရမှာလဲ"

"ဆောရီး . . ဆောရီး . . မှားသွားလို့၊ ကြွေမှတ်လိုက်ပြီ ခိုင်မင်းခန့် . . ခိုင်မင်းခန့်"

ထိုအချိန်မှစ၍ 'ကြွေ'နှင့် 'ခန့်'တို့ သိကျွမ်းရင်းနှီးခဲ့ကြလေသည်။

☺ 😐 ☺






နောက်နေ့များမှာတော့ သူသည် ကြွေနှင့် မကြာခဏဆုံမိကြလေသည်။

ထိုသို့ဆုံမိအောင်လည်း သူက တမင်ဖန်တီးယူခဲ့တာ 'ကြွေ' နောင်တစ်ချိန်မှာသိရလေသည်။

ကြွေ . . ကြက်တောင်ရိုက်ရာမှာ သူ ရောက်ရှိလာလျက် ပါဝင်ကစားလိမ့်မယ်လို့ ကြွေ ဘယ်လိုမှမထင်မှတ်ခဲ့ပါ။

ဖြူဖွေးဆွတ်နေသော စပို့ရှပ်အဖြူ ဘောင်းဘီတိုအဖြူဝတ်ဆင်ထားသဖြင့် . . အင်မတန်မှကြည့်ကောင်းနေသော 'သူ့'ကို ကြွေ သတိမထားမိခင်မှာပင် တွဲဘက်အဖော်သူငယ်ချင်းများက သတိပြုမိသွားခဲ့ကြတာဖြစ်လေသည်။

"အရမ်းကို Hand Some ဖြစ်တာပဲနော် . . သူသားအ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းလှတာပဲ၊ နာမည်ကလည်း ခပ်ဆန်းဆန်းဟဲ့ . . ခိုင်မင်းသန့်ဆိုလား"

"မဟုတ်တာ . . ခိုင်မင်းခန့်ပါ၊ ဘယ်က သန့်ပါလာရတာလဲ"

ကောင်မလေးတွေ ရယ်မောပြောဆိုသံကြောင့် သူ ရောက်နေတာ ကြွေ သိလိုက်၏။

ကြွေ လှမ်းကြည့်ချိန်မှာ လက်မြှောက်နှုတ်ဆက်လိုက်သောသူ့ကိုမြင်ရ၏။

"ဟော . . ဟိုမှာ . . ဟိုမှာ လက်ပြနှုတ်ဆက်နေတယ်ဟဲ့၊ အဟီး . . တို့ သူ့အကြောင်းပြောတာ သိသွားလားမသိဘူး"

တခစ်ခစ်ရယ်မောပြောဆိုသံကိုတော့ . . သူ မကြားနိုင်ပါ၊ ကောင်မလေးသုံးလေးယောက်က 'ဟေး'ခနဲ ပြန်လည်လက်ပြနှုတ်ဆက်လိုက်ချိန်မှာတော့ သူ ရုတ်တရက်ကြောင်အမ်းသွား၏။

ပြီးမှ . . ရှက်အမ်းအမ်းပြုံးပြီး နောက်ကျောခိုင်းသွားသဖြင့် . . ကြွေ့သူငယ်ချင်းကောင်မလေးတွေအတွက် ပိုမိုနောက်ပြောင်ကြဖို့ဖြစ်သွား၏။

"ဟယ် . . ရှက်သွားပြီထင်တယ်"

"မနောက်ပါနဲ့ကွယ် . . ကောင်လေး သနားပါတယ်"

"ကြည့်ရတာ . . တို့အထဲကတစ်ယောက်ယောက်ကို သဘောကျနေတာထင်တယ်"





"ဟုတ်ပါရဲ့ . . ဘယ်သူဖြစ်မယ်ထင်သလဲ"

"ငါ ထင်တာပဲ"

"အေး . . နင်က ဘယ်သူ့ကိုထင်တာလဲ"

"ငါ . . ထင်ပါတယ်လို့ပြောပြီးနေမှကွာ"

သဘောကျစွာရယ်သံတွေ ညံသွား၏။

အားလုံး ပါးစပ်မပိတ်နိုင်အောင်ရယ်နေရချိန်မှာ ပြုံးရုံမှလွဲ၍ ပါဝင်ပြောဆိုခြင်းမရှိသူက . . ကြွေ တစ်ယောက်ပဲရှိတာ နီလွင် သတိထားမိသည်အထိပါ။

'ကြွေ့'ဘဝတစ်သက်တာမှာ ဘယ်ယောကျ်ားလေးကမှ ကြွေ့နှလုံးသားကို လှုပ်ခါနိုင်စွမ်းမရှိကြခဲ့ကြပါ။

ယခု . . သူ့ကျမှ . . ကြွေ့နှလုံးသားလေးများလှုပ်ခါလျက် ရင်ခုန်မိတာ ကြွေ ဝန်ခံချင်လေသည်။ ကောင်မလေးတွေက သူ့အကြောင်းပြောတာလည်း မကြိုက်ချင်ပေ။

ကြက်တောင်ရိုက်ကစားချိန်မှာ ကြွေနှင့်သူ မကြာခဏ မျက်လုံးချင်းဆုံတွေ့ခဲ့ကြလေသည်။ သူ ရယ်ပြုံးပြတာကို ကြွေက မသိချင်ယောင်ဆောင်ကာ ခပ်တည်တည်ပဲပြန်ကြည့်ခဲ့လေသည်။

အပြန်မှာတော့ . . သူ့ပြိုင်ဘီးလေးက ရှေ့ကြိုရောက်နေပါလျက် ကြွေ့စက်ဘီးကိုစောင့်ခေါ်သလို ပြန်ကွေလာကာ ကြွေနှင့်ယှဉ်တွဲစီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . ကိုယ့်ဘာသာကိုယ်သွားမှာ သွားတာမဟုတ်ဘူး၊ ဘာလိုက်ရှုပ်မလို့လဲ"

ကြွေက မျက်နှာစူပုပ်ပုပ်ကလေးဖြင့် မျက်ခုံးငေါ်လေးရှုံ့ပြောသည့်တိုင် . . စိတ်ထဲမှသာယာကျေနပ်မိတာ ကြွေသာအသိဆုံးဖြစ်လေသည်။

"ကြွေက ရှုပ်တယ်ထင်ရင်တော့ ဆောရီးပဲ၊ တကယ်တော့ ကြွေ့ကိုတွေ့ချင်လို့ကို ကြံဖန်လာခဲ့တာ ကြွေရဲ့မင်းစောကို 'ပ'ထုတ်ပြီး သူ့နေရာမှာ အစားဝင်လာခဲ့တာ၊ အဲဒါတွေအားလုံးက ကြွေ့ကိုတွေ့ချင်လွန်းလို့ဆိုတာ ကြွေသဘောပေါက်မှာပါ"

"ဟင့်အင်း . . ဘာသဘောပေါက်ရမှာလဲ၊ ကြွေသိတာကတော့ . . ရှင့်ကို ကောင်မလေးတွေသဘောကျမှန်းသိလို့ ရှင် ရှိုးပြနေခဲ့တာပဲ"

"ဟာ . . ကြွေ . . ဘာတွေလျှောက်ပြောနေတာလဲ၊ ဟားဟား ဟား . . သိပြီ၊ ကြွေက အူတိုနေခဲ့တာပဲ"

ခန့်က သဘောကျစွာ ရယ်လိုက်၏။ မျက်ဝန်းတောက်တောက်နှင့်ကောင်မလေး၏ ကလေးဆန်လှသောအမူအရာလေးများက သူ့ကို ညို့ယူဖမ်းစားနိုင်ခဲ့၏။

ကြွေ၏ အရိုးခံဟန်ကလေးက 'ခန့်'၏မျက်ဝန်းထဲမှတစ်ဆင့် နှလုံးသားထဲအထိ တိုးဝင်နေရာယူခဲ့၏။



'ကြွေဝတ်မှုန်'ဆိုသောကောင်မလေး၏နာမည်လေးကအစ သူ့ကိုဆွဲဆောင်ခဲ့တာလေ။ခန့်၏ပတ်ဝန်းကျင်မှာမြင်နေကျဟန်ဆောင်ထားသောမျက်နှာထားများနှင့် သီးခြားတည်ရှိနေသည့်ပင်ကိုယ်ဟန်နှင့် ပင်ကိုယ်အလှက ခန့်၏စိတ်နှလုံးကိုဆွဲဆောင်နိုင်စွမ်းရှိလှ၏။

'ကြွေ' ဆိုသောနာမည်လေးကို တိုးတိုးတစ်ဖုံကျယ်ကျယ်တစ်မျိုး အသံထွက်ခေါ်မိ၏။

'မင်းစော'ထံမှာ ကြွေ့အကြောင်းမေးမိသည်အထိ သူ စိတ်ဝင်စားခဲ့ရပါသည်။

"မလုပ်နဲ့ကွ . . တကယ့်ဆတ်ဆတ်ကြဲ . . မာနခဲလေး တစ်လောကလုံးမှာ သူနဲ့တန်တဲ့သူ မရှိဘူးလို့တောင်ထင်နေသလားမသိပါဘူး၊ အားလုံးကို ရန်လုပ်လွှတ်တာပဲ၊ တစ်ယောက်မှကို လက်မခံခဲ့ဘူး၊ မျက်နှာထားက ဘာတင်းသလဲမမေးနဲ့၊ လှသလောက် မာန တတယ်ကြီးတယ်"

"မှန်မှန်ပြော . . မင်းရော အဲဒီလို ရန်လုပ်ခံရတဲ့အထဲပါခဲ့သေးတယ်မဟုတ်လား"

ခန့်ပြောတော့ မင်းစော အရှက်ပြေ ရယ်လေသည်။

"ဟေ့ကောင် . . မှန်မှန်ဖြေ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောကျတာ ဝန်ခံတယ်ကွာ .. ကြိုက်တယ်၊ နည်းနည်းပါးပါးပြောကြည့်ခဲ့ဖူးတယ်"

"အဲဒီတော့ ...."

"အဲဒီစကားမျိုးတွေပြောဖို့စိတ်ကူးရှိနေသမျှ သူနဲ့စကားပြောဖို့တောင် စိတ်မကူးပါနဲ့တဲ့ .. အချစ်ဆိုတာဘာလဲ သူ တကယ်မသိတာတဲ့၊ မသိဘဲရှိမလားကွနော်.. ဒီအရွယ်တောင်ရောက်နေပြီဟာ"

မင်းစော၏ မျက်နှာပြာဟန်အမူအရာကိုကြည့်ကာ ခိုင်မင်းခန့် ရယ်ခဲ့ရပါသည်။

ယခုတော့ .. သူ့အလှည့်ရောက်ခဲ့ပြီ။

အော်ချင်ရင်လည်း အော် ...

ငေါက်ချင်ရင်လည်း ငေါက်တော့ ကြွေရေ ..

ဆုံးဖြတ်ချက်ဖြင့် ကြွေ့ထံသို့ရောက်လာခဲ့ရတာပါ။

ကြွေ့မျက်နှာစူပုပ်ပုပ်ကလေးက စူပုပ်ထားသည့်တိုင်အောင်တောင်မှ ကြည့်၍ကောင်းသေးတော့။

မျက်စောင်းထိုးတာလေးက ချစ်စရာကောင်းသေးတော့။ ကြွေရယ်၊ ရင်မှာ ပိုမိုမြတ်နိုးရလေသည်။

"ဘာအူတိုတာလဲ .. ဘာလို့အူတိုရမှာလဲ၊ ဘာဆိုင်လို့လဲ .. မဆိုင်လိုက်တာ"



"ကျွန်တော်ကတော့ ဆိုင်ချင်တယ်၊ ဒီနေ့လာခဲ့တာလည်း ကြွေ့ကိုတွေ့ချင်လွန်းလို့ ကြွေနဲ့တွေ့ရအောင်တမင်လာတာ"

"အပိုတွေ .. ရှင်နဲ့ကြွေ တွေ့ရအောင် ဘာအကြောင်းမှ ကိစ္စမှမရှိဘူး"

"ကျွန်တော်ကတော့ရှိတယ် ကြွေရဲ့၊ ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် ကြွေနဲ့တွေ့ပြီးကတည်းက စိတ်က ကြွေ့အကြောင်းပဲ တွေးနေမိတာ၊ ကြွေနဲ့ပဲတွေ့ချင်နေခဲ့တာ .. အဲဒါ ဘာလို့လဲဆိုတာ ကြွေသိမှာပါ"

"အဲဒါ .. ရှင်ရူးနေလို့ပေါ့"

"ဟာဗျာ .. ရက်ရက်စက်စက်၊ ဘာလို့ရူးရမှာလဲ၊ ကြွေ့ကို ကျွန်တော်ချစ်နေတာလို့ ကြွေ ဘာလို့မပြောတာလဲ"

"ဟင် .. အဲဒါ ပြောစရာလား .. ပြောစရာလား"

ကြွေ စက်ဘီးယှဉ်ရက်အနေအထားရှိနေသည့် ခိုင်မင်းခန့်ကို ရက်ကက်ဖြင့်လှမ်းရိုက်မည်အပြု .. နောက်မှ ဟွန်းတီးသံက ကျယ်လောင်စွာမြည်လာ၏။

"ကြွေ .. သတိထား"

ခိုင်မင်းခန့်က ကြွေလှမ်းရိုက်နေသည့်နှုတ်ကက်ကို အသာလှမ်းဆွဲကာ စက်ဘီးကို ကားလမ်းနဘေးမျိုးတွေ လိုက်ခြင်းဖြင့် ... ကြွေ့စက်ဘီး ဟန်ချက်ပျက်ကာ လမ်းနဘေး



www.burmeseclassic.com

www.burmeseclassic.com



ထိုးဆင်းကျသွား၏။

“လမ်းမပေါ်တက်ပြီး ကလူ၏သို့ မြူ၏သို့ လုပ်မနေနဲ့၊ သေသွားမယ် ဘာမှတ်နေသလဲ”

ကားဆရာက ဒေါသမျက်နှာဖြင့် ကားခေါင်းတွင်းမှ ခေါင်းပြူကြည့်ပြီး ကြွေတို့နှစ်ယောက်ကို အော်သွားလေသည်။






ကြွေရော . . ခိုင်မင်းခန့်ပါ စက်ဘီးပေါ်က ပြုတ်ကျလျက် နှစ်ယောက်သား လဲပြိုနေကြချိန်မှာပင် . . .

ခန့်က ကြွေ့ကိုကြည့်ပြီး ရယ်မောနေသဖြင့် ကြွေ ဒေါသထွက်ရလေသည်။

“ကံကောင်းလို့မသေတာ . . ရှင်က ရယ်နိုင်သေးတယ် ဟုတ်လား”

ကြွေ့မှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ဖြင့် စိတ်တအားတိုနေလေသည်။

“ဟောဗျာ . . မရယ်လို့ ငိုရမှာလား ကြွေရဲ့”

“သေ . . လဲသေလိုက်”

ကြွေ အော်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ . . ကြွေ စိတ်ဆိုးတာ သိပ်ရယ်ဖို့ကောင်းတာပဲ"

"ရယ် . . အဲဒီမှာအော်ရယ်နေ၊ ရှင်ကျတော့ Laughing Gas မိနေတဲ့လူလိုပဲ၊ တစ်ချိန်လုံးရယ်ဖို့ပဲတတ်တယ်၊ ဘယ်လိုလူမှန်းကိုမသိဘူး၊ မျက်နှာကိုကကျောက်ကျောရေပက် အညိုတက်တဲ့မျက်နှာနဲ့"

ပြောရင်း ကြွေ ထရပ်ဖို့ပြင်စဉ်မှာပင် . . ခြေထောက် ထောက်မရလောက်အောင် နာကျင်မှုကိုခံစားရလေသည်။

"ပျော်ပျော်နေ သေခဲ့တဲ့ဗျ၊ အလကားနေရင်း မျက်နှာကြီးစူပုပ်တည်တင်းနေတာထက် . . ရယ်ပြုံးနေတော့ ပိုမကောင်းဘူးလား၊ ရင်ထဲမှာလည်းအေးချမ်းတယ်၊ အစာလည်းကြေတယ်၊ ဒေါသထွက်နေတဲ့သူ စားလိုက်တဲ့အစာက . . ဟင် . . ကြွေ . . ခင်ဗျားဘာဖြစ်နေတာလဲ"

"မမြင်ဘူးလား . . ဒီမှာ . . ညို့သကျည်းနဲ့ ကမူစောင်းပွတ်ဆွဲမိပြီး ဘယ်လောက်နာသွားတယ်မှတ်သလဲ၊ ရှင်က စကားများများပြောဖို့နဲ့ ရယ်ဖို့ပဲသိတယ်"

"ဟာ . . ဆောရီး ကြွေရယ်၊ ဆောရီး"

ခနဲ့ ပျာပျာသလဲဖြစ်သွားလေသည်။ ကြွေ၏မျက်လုံးအိမ်မှာ မျက်ရည်ကြည်ရစ်ဝိုင်းလျက်ရှိလေသည်။





ကြွေ၏စကားသံမှာ နာကျင်ရိပ်လွှမ်းလျက် အသံ ကတုန်ကယင်ဖြစ်နေလေသည်။ ကြွေ တကယ်နာကျင်သွားရှာပြီဟူသောအသိစိတ်က ခနဲ့ကို ခြေမကိုင်မိ လက်မကိုင်မိဖြစ်စေလျက် ပျာယာခတ်စေလေသည်။

"ကြွေ . . တော်တော့်ကိုနာသွားမှာနော်၊ ဆောရီး ကြွေရယ်၊ ကျွန်တော် စိတ်မကောင်းဘူး၊ ကျွန်တော်ကလည်း ကြွေ့ကိုကားနဲ့တိုက်မိမှာစိုးပြီး ဆွဲရှောင်လိုက်တာ"

"အဲဒါတွေအားလုံး ရှင့်အပြစ်တွေပေါ့၊ ခိုင်မင်းခနဲ့ရဲ့ကြွေ တစ်ချိန်လုံးစက်ဘီးစီးလာခဲ့တာ . . တစ်ခါမှ ဒီလိုမျိုးမဖြစ်ဖူးဘူး၊ ရှင်နဲ့ကျမှပဲဖြစ်ရတယ်"

"ဆောရီး ကြွေရယ် . . ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် အစိုးရိမ်လွန်သွားလို့ဖြစ်ရတာပါ၊ ဟာဗျာ . . သွေးတွေမတရားစီးကျနေတာပဲ၊ ခဏနော် ကြွေ၊ စိတ်မရှိနဲ့ . . ဘယ်လောက်များသွားသလဲ . . ကြည့်ရအောင်"

ကြွေကိုယ်တိုင်လည်း စီးကျလာသောသွေးတို့ကြည့်ကာ မျက်လုံးလေးပြူး၏။ ကြက်တောင်ရိုက်စဉ်မှာအဆင်ပြေစေရန်ဝတ်ထားသော သရီးကွာတာ ဂျင်းဘောင်းဘီတို ဒူးဆစ်ဖုံးရုံကလေးက ယခုတော့ . . အသားလှစ်ဟထားသကဲ့သို့ရှိသဖြင့် ထိရုံဖြင့် ပွန်းရှဖို့လွယ်ကူနေလေသည်။

"ဟာ . . တော်တော်များသွားတာပဲ ကြွေရဲ့၊ ခဏနော်



www.burmeseclassic.com

www.burmeseclassic.com



ခဏလေး"

ကြွေ ဒူးဆစ်ကွေးထိုင်လျက် လက်နှစ်ဖက်ဖြင့် နာကျင်နေသောခြေထောက်ကို ဖိကိုင်ပြီး အံကြိတ်မျက်ရည်ဝဲနေလေသည်။

ကြွေ၏ ညို့သကျည်းက ခြစ်မိဒဏ်ရာကြောင့် အသားပွန်း အရေခွံလန်ကာ သွေးသံရဲရဲထွက်နေပုံက အသည်းယားစရာကောင်းနေလေသည်။

ခန့်က ဘောင်းဘီတိုအိတ်ထဲမှ လက်ကိုင်ပဝါကိုဆွဲထုတ်၏။ နုသာရောင်လက်ကိုင်ပဝါကိုဖြန့်ကာ ဘယ်ထောင့်စွန်းနှင့် ညာထောင့်စွန်းမှ အစနှစ်စကိုဆွဲယူလိုက်သောအခါ . . အလျားရှည်ထွက်လာလေသည်။

"ဟင် . . ဘာလုပ်မှာလဲ"

ကြွေ အလန့်တကြားမေးမိလေသည်။

"အနာမှာအုပ်ချည်ရမှာပေါ့ ကြွေရဲ့၊ ဒါမှ ဖုန်တွေသဲတွေ မဝင်အောင်လေ၊ သွေးလည်းတိတ်တာပေါ့"

"မဟုတ်တာ . . လက်ကိုင်ပဝါအသစ်ကြီးကို နှမြောပါတယ်"

ကြွေ အမှတ်မထင်လှမ်းဆွဲမိတာ ခန့်၏လက်ကိုဆွဲမိပြီးဖြစ်နေလေသည်။

"ဘာဖြစ်သလဲ . . လက်ကိုင်ပဝါအသစ်က၊ အရေးကြီးတာက ကြွေ့အနာသက်သာဖို့ပဲလိုတယ်၊ နာရင်ပြော





နော် ကြွေ"

ခန့်က ကြွေ့လက်ကိုဆုပ်ကိုင်ဖယ်ယူရာမှ အားပေးပြုံးလေးပြုံး၏။ ကြွေ ခန့်လုပ်သမျှ မင်သက်ငေးမောပြီးကြည့်နေမိလေသည်။

ခန့်က အနာကိုမြင်သာအောင် သွေးစတွေ သုတ်လျက် စည်းနှောင်ပုံမှာ သေသပ်၏။ ကြွေနာသွားပြီလားဟု မကြာခဏမျက်လုံးအကြည့်ရောက်ပုံမှာ ကရုဏာပြည့်လျှမ်းနေသော အစ်ကိုသားချင်းတစ်ယောက်၏စိုးရိမ်ပုံမျိုးဖြစ်လေသည်။

"အရေခွံလန်သွားတာပါ ကြွေရဲ့၊ အတွင်းထိ ဒဏ်ရာ မနက်တော့ မစိုးရိမ်ရပါဘူး၊ အိမ်ကျ အနာဆေးပြီး ဆေးထည့်ရုံနဲ့ပျောက်မှာပါ၊ ဟင် . . ဘာရယ်တာလဲ"

ဒီတစ်ခါပြုံးရယ်မိသူက ကြွေဖြစ်နေခဲ့၏။

"ဟင် . . ဘာလို့ရယ်တာလဲ"

"ရယ်တာပေါ့ . . ခန့်က ဆရာဝန်ကျနေတာပဲ"

ခန့်မျက်နှာက ငြိမ်သက်တည်ကြည်သွားလေသည်။

"ကျွန်တော်က ဆေးကျောင်းသားပဲ ကြွေရဲ့၊ ပတ်(တ်)တူး Part two ရောက်နေပြီ"

"ဟင် . . တကယ်ပြောတာလား"

"တကယ်ပေါ့ . . ကျွန်တော်က ကြွေ့ကို ဘာညာစရာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လိမ်တာဆိုရင်ရော"

"ကျွန်တော် တစ်ခါမှအဲဒီလိုမျိုး လိမ်ညာတာမရှိခဲ့ဖူးဘူး၊ အမှန်အတိုင်းပဲပြောတာပါ၊ ဥပမာ . . ကျွန်တော်ကြွေ့ကိုသိပ်ချစ်တယ်ဆိုတာမျိုးက အစပေါ့"

ကြွေ သဘောကျစွာရယ်မောမိလေသည်။

"ရှင် . . တော်တော်တတ်ပါလား ခန့်ရဲ့ ဟင်၊ လိုရာဆွဲပြောပြိုင်ရင် ရှင် ပထမဆုရမှာကျိန်းသေတယ်"

နှစ်ယောက်သားကြည်နူးစွာ ရယ်မိကြလေသည်။

ကြွေသည် ပထမဦးဆုံးအကြိမ်အဖြစ် သူစိမ်းယောက်ျားတစ်ယောက်နှင့်စကားပြောဆိုရယ်မောခြင်းကိုသာယာကြည်နူးမိလေသည်။

"ရှင်ပြန်တော့လေ ခန့်ရဲ့၊ ကြွေ့နောက်က ဘာလို့လိုက်ဦးမှာလဲ"

"ကျွန်တော်မှ ကြွေ့ကိုစိတ်မချတာ ကြွေရဲ့၊ ကြွေ့ခြေထောက်ကနာနေတော့ စက်ဘီးစီးလို့ဖြစ်မလား"

"ဖြစ်ပါတယ် . . ကြွေ ဒီလောက်ကြီးမပျော့ပါဘူး"

"မပျော့သာ မပျော့တယ်၊ စောစောကတော့ ကြွေ မျက်ရည်ဝဲတာ ကျွန်တော်မြင်လိုက်တယ်"

မာနမျက်နှာ မျက်ဝန်းအိမ်မှ မျက်ရည်ကျတာ ခန့်ကိုယ်တိုင်မြင်လိုက်ရတာလေ။





"ဒါက အရမ်းနာလို့လန့်သွားတာကိုး၊ အခု ဘာမှမဖြစ်လောက်ဖူးဆိုတာ ကြွေသိပြီပဲ၊ ရှင် ပူမနေနဲ့တော့"

"ကျွန်တော် ကြွေတို့အိမ်ထိ လိုက်ပို့ပေးလို့မရဘူးလား"

"ဟင့်အင်း . . မလိုဘူး . . မလိုက်နဲ့"

ကြွေက စက်ဘီးပေါ် လှမ်းခွတက်၏။ ခန့်က ကြွေ့စက်ဘီးလက်ကိုင်ကိုလှမ်းကိုင်လိုက်လေသည်။

"ကျွန်တော်ပြောထားတာတွေတော့ စဉ်းစားပေးနော် ကြွေ၊ ကျွန်တော် ကြွေ့ကိုချစ်တယ်၊ သိပ်ချစ်တယ်"

"အိုး . . ဘာတွေလျှောက်ပြောနေတာလဲ သွား"

ကြွေ ရှက်ရမ်းရမ်းကာ အော်မိ၏။ စက်ဘီးပေါ်က ခန့်လက်ကိုဖြုတ်ချပြီး စက်ဘီးကို အသားကုန်နင်းနေချိန်မှာလောက် ကြွေ့စိတ်တွေ မြူးကြွပျော်ရွှင်တာမရှိတော့ပေ။

ထာဝစဉ်ပြုံးချိုနေသော ခန့်မျက်နှာပြုံးပြုံးလေးက ကြွေ၏နှလုံးအိမ်မှာ တွဲလွဲခိုပါလာခဲ့လေသည်။

အဲဒါ . . ချစ်တာလား ခန့်ရယ်။

ဟင့်အင်း . . ကြွေ မသိပါဘူး။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com







## ၅

"အဲဒီစက်ဘီးကလည်း စီးလိုက်မှဖြင့် အသားကုန်၊ တစ်နေ့နေ့တော့ထိမယ်ပြောသားပဲ၊ ခံတော်သေးတာပေါ့ . . ဘာမှမဖြစ်သွားတာ"

မေမေက ကြွေ့ခြေထောက်မှဒဏ်ရာကို စဝရစ်ဖြင့်ဆေးကြောပေးရင်း ပါးစပ်က တတွတ်တွတ်ပြောဆိုရေရွတ်နေလေသည်။

"ခုလည်း . . ကားနဲ့ လုံးဝကိုထိတာမှမဟုတ်တာ မေမေ၊ ကြွေ့ဘာသာ ကြွေ အကြောက်လွန်ပြီး လမ်းဘေးဆွဲ့ရှ ရာက လိမ့်ကျခဲ့တဲ့ဟာ"

"အကယ်၍ တိုက်ခဲ့မိရင်ဆိုတာ ပြောတာ ကြွေ့ရဲ့၊ စိုးရိမ်လို့ပြောတာ၊ မေမေ့မှာက ဒီသမီးတစ်ယောက်ပဲရှိတာ၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်သွားမှာအကြောက်ဆုံးပဲ”

ဒေါ်ဖြူဖြူ . . တကယ်စိုးရိမ်ပါသည်။ သမီးက ရုပ်ရည်ချောမောပြေပြစ်သလောက် စိတ်ဓာတ်က မာကျော၏။

“မာနကြီးတာမှ ဘာကြီးသလဲမမေးနဲ့”, ဆိုကြသောစကားသံကို ဒေါ်ဖြူဖြူ၏နားဖြင့် ဆတ်ဆတ်ကြားနေရလေသည်။

ထို့ကြောင့် . . တစ်ခုခုဆိုသောစကားမှာ အားလုံးပါဝင်အောင်ပြောခြင်းဖြစ်လေသည်။

အဆုံးစွန်ပြောရလျှင် . . သမီးကို ချစ်သူခင်သူ ပေါ်များ၏။ သမီးက ဘယ်သူ့ကိုမှ ရွေးချယ်ခြင်းမရှိ ငြင်းဆန်နေခြင်းအတွက် ရင်လေးလှ၏။

ဘွဲ့ယူရတော့မည့်သမီးအရွယ်မှာ မိမိအတွက် သင့်လျော်လိုက်ဖက်မည့် ချစ်သူကိုရွေးချယ်သင့်ပြီဟု မိခင်တစ်ယောက်အနေဖြင့် ယူဆပါသည်။

ဒေါ်ဖြူဖြူ၏စိတ်ထဲမှာတော့ မွန်ရည်လျက် ယောကျ်ားပီသသည့်ရုပ်လက္ခဏာရှိသည့် ‘မင်းစော’ကို သမီးနှင့် လိုက်ဖက်သည်ဟု သမီးလက်ခံဖို့ မျှော်လင့်မိလေသည်။

“ဘာတစ်ခုခုဖြစ်မှာလဲ၊ ဘာတစ်ခုခုမှမဖြစ်စေရဘူး မေမေ၊ အလကားရှာကြံတွေးကြောက်နေတော့ မေမေပဲစိတ်ပင်ပန်းတာပေါ့၊ အဲဒါကြောင့် . . တောင်တွေးမြောက်တွေး စိတ်မလေးနဲ့၊ တောင်ကြံ မြောက်ကြံ စိတ်မပူပန်နဲ့၊ ပူပန်စိတ်နှလုံး ကြိမ်မီးအုံး၊ မဆုံးဘယ်ခါ



လောင်လိမ့်မည်လို့ပြောကြတာပေါ့ . . အား . .
လိုက်တာ မေမေရဲ့ နာတာယ်”

“အမယ်လေး . . ဆေးထည့်တာပါ ကြွေဝတ်မှုန်ရယ်
အော်လိုက်တာ . . တကတဲ . . လန့်တောင်လန့်တယ်”

ရှုံ့မဲ့အော်ဟစ်ရင်း တရှီးရှီးအသံပြုကာ
ထောက်ကို ဖိညှပ်ကိုင်ထားသော ကြွေ့ကို ဒေါ်ဖြူဖြူက အပြုံး
မျက်စောင်းထိုးကြည့်၏။

ကြွေ့ခြေထောက်မှအနာကို စည်းနှောင်ထား
သည့် သွေးစွန်းနေသည့်အဝတ်နှင့် ဆေးပစ္စည်းတွေသိမ်းကျုံးသ
ရင်း ထိုင်ရာမှထ၏။

“အာ . . မေမေ၊ နေပါဦး . . ဟိုလက်ကိုင်ပဝါ လွှင့်မ
နဲ့ဓနော် . . ကြွေ ပြန်ယူမှာ”

“လက်ကိုင်ပဝါ . . ဘယ်မှာလဲ”

ဒေါ်ဖြူဖြူ ကြောင်ကြောင်လေးကြည့်၏၊
မင်းခန့်ရဲ့လက်ကိုင်ပဝါက သွေးဖြင့်ညစ်စွန်းနေသဖြင့် ယော
ကိုင်လက်ကိုင်ပဝါရယ်လို့ ဒေါ်ဖြူဖြူ မသိလိုက်ချေ။

“အဲဒီမှာလေ . . မေမေကိုင်ထားတဲ့ဟာ”

“ဩော် . . လက်ကိုက်ပဝါမှန်းတောင်မသိပါဘူး
စရာတော့ကောင်းနေပြီ၊ မေမေ့သမီး ကြွေက လ
ပဝါကိုင်တာမှမဟုတ်ဘဲနဲ့ . . ဘယ်က
ရလာတာလဲ”

www.burmeseclassic.com



ပြောရင်း ဖြန့်ကြည့်မည်ပြု၏။

"ဟာ . . ညစ်ပတ်နေတာ၊ ဘာလို့ကြည့်မှာလဲ . . ပေးပါ မမေရ၊ ကြွေ့ကိုပြန်ပေးပါ"

ကြွေ စကားမဆုံးခင်မှာ ယောက်ျားကိုင် လက်ကိုင်ပဝါဖြစ်နေတာ ဒေါ်ဖြူဖြူ သတိထားမိပြီးဖြစ်၏။

"ယောက်ျားကိုင်လက်ကိုင်ပဝါပဲ ကြွေရဲ့၊ ဘယ်သူ့လက်ကိုင်ပဝါလဲ"

"ဟာ . . မမေကလည်း၊ ဘာတွေလျှောက်မေးနေတာလဲ၊ ဘာလုပ်မှာလဲ"

တစ်ခါမှမမြင်ဖူးသေးသော ရှက်ရိပ်လွှမ်းသည့် ပန်းနုရောင်ပြေးကို သမီး၏မျက်နှာပြင်မှာ မြင်ရလေသည်။

ကြွေ ခြေထောက်မှဒဏ်ရာကိုပင်သတိမေ့လျော့စွာ မမေ့လက်ထဲမှလက်ကိုင်ပဝါကို မလုရုံတမယ်ခပ်သွက်သွက်ယူလိုက်၏။

ဒေါ်ဖြူဖြူ သဘောကျ ကျေနပ်စွာ ပြုံးမိလေသည်။

☺ ☹ ☺

## ၆

ကြွေ 'ခိုင်မင်းခန့်'၏လက်ကိုင်ပဝါကို ဆပ်ပြာမှုန့်ဖြင့် ကျနစွာ စိမ်၏။ သန့်ရှင်းအောင်လျှော်၏။

လက်ကိုင်ပဝါထောင့်စွန်းမှာ ရေးထိုးထားသည့် အင်္ဂလိပ်အက္ခရာ ကေ (K) စာလုံးကို ယခုမှမြင်တွေ့ကာ အားနာသွားရလေသည်။

ကြည့်စမ်း . . .

သူ အမြတ်တနိုးထားသည့်လက်ကိုင်ပဝါဖြင့် ကြွေ့ခြေထောက်မှဒဏ်ရာကို စည်းပေးလိုက်တာပါလား။

လက်ကိုင်ပဝါကို လျှော်ရင်းတန်းလန်း ခိုင်မင်းခန့်၏ပြုံးရွှင်သောမျက်နှာကိုမြင်ယောင်လေသည်။

"ဟာ . . တော်တော်များသွားတာပဲ ကြွေရဲ့၊ ခဏလေး

www.burmeseclassic.com



နော် . . ခဏလေး"

ကြွေ့ကို ပျာပျာသလဲ ဂရုစိုက်ခဲ့တာလေ။

"ဘာဖြစ်သလဲ . . လက်တိုင်ပဝါအသစ်က၊ အရေးကြီးတာက ကြွေ့အနာသက်သာဖို့ပဲလိုတယ်၊ နာရင်ပြောနော် ကြွေ"

တရုဏာမျက်ဝန်းအကြည့် . . .

နွေးထွေးသောစကားသံများက ကြွေ့နားအနီးမှာ ယခုမင်ကပ်ပြော့နေသလို ကြားယောင်လျက် ကြွေ့ရင်ထဲ နွေး ထွေးသွားလေသည်။

"အရေခွံလန်သွားတာပါ ကြွေရဲ့၊ အတွင်းထိဒဏ်ရာမနက်တော့ မစိုးရိမ်ရပါဘူး"

ညင်သာပျော့ပျောင်းစွာပြောသောအသံက နားစည်မှတစ်ဆင့် ကြွေ၏နှလုံးသားမေတ္တာအိမ်ကိုထွင်းဖောက်ဝင်ရောက်၏။

ကြွေ သဘောကျစွာ ပြုံးမိလေသည်။

"ဒီလက်ကိုင်ပဝါ ရှင့်ကိုပြန်ပေးလို့ဘယ်ကောင်းတော့မလဲနော် ခန့်၊ ဒီလက်ကိုင်ပဝါက ခြေထောက်စည်းပြီးသား၊ ကြွေ့သွေးစွန်းပြီးသားဆိုတော့ကာ . . ရှင့်ကိုကြွေအသစ်ပြန်ဝယ်ပေးမှဖြစ်မှာပေါ့ . . မဟုတ်ဘူးလား"

ကြွေ့အသံ တစ်စွန်းတစ်စကို ကြွေ့မေမေ ဒေါ်ဖြူဖြူကြားသွားခဲ့တာက 'မဟုတ်ဘူး'ဆိုတာလောက်ပဲဖြစ်လေ



သည်။

"ဩော် . . ဟုတ်ပါတယ် ကြွေရဲ့၊ ဟိုမှာ မင်းစောတို့ရောက်နေကြပြီ၊ သမီးခြေထောက်ဘယ့်နဲ့နေသလဲ လာမေးတာတဲ့၊ သွား . . သွားလိုက်"

ကြွေ . . မျက်လုံးလေးမြှူး အံ့အားလေးသင့်၏။

"မင်းစော"

သူက ဘယ်လိုက ဘယ်လို . . .

ဩော် . . . သိပြီ . .

ခန့်က 'မင်းစော'၏သူငယ်ချင်းဖြစ်၏၊ ဒီတော့ 'ခန့်'ပြောပြသဖြင့် . . 'မင်းစော'သိတာဖြစ်နိုင်လေသည်။

"ဟင် . . မင်းစော၊ တစ်ယောက်တည်းလား . ."

"ကောင်လေးတစ်ယောက်လည်းပါတယ်"

"ဟယ်"

ကြွေ မျက်လုံးလေးဝင်းလက်တောက်ပလျက် အပြေးအလွှားပြေးထွက်ပုံက ဒေါ်ဖြူဖြူကို တပြုံးပြုံးဖြစ်စေ ခေါင်း လေးညိတ်စေ၏။

ဒေါ်ဖြူဖြူ့အမြင်မှာတော့ မင်းစောရောက်လာတာနှင့် သမီးပျော်သွားပုံကအစ တစ်ထပ်တည်းဖြစ်ရ၏။

"ဟွန်း . . ဘယ်သူလက်ကိုင်ပဝါလဲမေးတော့ မဖြေဘူးခုတော့ ပေါ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးညည်းပြီး ဒေါ်ဖြူဖြူ ပျော်ရွှင်သွားရလေသည်။ မင်းစောနှင့်သာ သင့်မြတ်လို့က ဘာတစ်ခုမှ ငြင်းစရာမရှိပါ။

သမီးအတွက် စိတ်အေးရပြီလေ။

ကလေးတွေအတွက် တစ်ခုခုလုပ်ပေးဦးမှဟု ဒေါ်ဖြူဖြူ မီးဖိုထဲဝင်သွားချိန်မှာ . . ကြားရသောစကားများအတွက် တအံ့တဩဖြစ်ထွန်းရပြန်လေသည်။

"အေးဟာ . . ဒီကောင် ခိုင်ခန့်ပြန်ပြောမှသိရတယ်၊ နင့်ခြေထောက်ဘယ့်နှဲ့နေသေးသလဲ ကြွေ"

မင်းစောက ထွက်လာသော ကြွေ့ခြေထောက်ကိုအကြည့်ရောက်သလို ခိုင်မင်းခန့်ကိုယ်တိုင်လည်း ကြွေ့ခြေထောက်မှပတ်တီးဖြူဖြူကိုသတိထားကြည့်မိလေသည်။

ထိုအခါမှ . . ကြွေကိုယ်တိုင် ခြေထောက်ကိုသတိရ၏။ မင်းစောနှင့်အတူ ကောင်လေးတစ်ယောက်ပါတယ်ဟုကြားရသည်နှင့် ခိုင်မင်းခန့်ဖြစ်မှာပဲဟုတွေးထင်ယူဆချက်မှန်ကန်သဖြင့် ရင်ခုန်လှိုင်းထနေလေသည်။

ခုလေးတင် . . 'ခန့်'အကြောင်းတွေးနေမိစဉ် 'ခန့်'ရောက်လာခဲ့ခြင်းအတွက် မျက်နှာမှာ ရှက်သွေးလွှမ်းကာ အရင် စူပုပ်ပုပ်တည်တည်တင်းတင်းမျက်နှာက ပြုံးယောင်သန်းနေလေသည်။

"ကောင်းပါပြီ၊ ဘာမှမဖြစ်တော့ပါဘူး၊ အရေပြားပွန်းသွားတာဆိုတော့ အသားနီလန်ပြီး သွေးသံရဲရဲဖြစ်လို့ လန့်သွားကြတာ၊ အခုတော့ . . အနာဖေးကျက်အောင် ဆေးထည့်ထားတာလေ၊ နောက် တစ်ရက် နှစ်ရက်ဆိုရင်ပျောက်ပါပြီ"



ကြွေက မင်းစောနှင့်ခိုင်မင်းခန့်ထိုင်သည့် နှစ်ယောက်ထိုင်ခုံရှေ့မှ ကုလားထိုင်မှာဝင်ထိုင်လေသည်။

ခိုင်မင်းခန့်မှာ ကြွေ့ကိုမမြင်ရခင် မြင်ချင်လှ၏။ မင်းစောကို မရမကပူဆာကာ ဆွဲခေါ်လာခဲ့ခြင်းဖြစ်လေသည်။

ကြွေတို့အိမ်က အရှေ့ပိုင်းမှာ သကြား၊ နို့ဆီ၊ ဆပ်ပြာ၊ ယမ်းယမ်းခေါက်ဆွဲထုပ်လိုမျိုးမှအစ . . ငါးသေတ္တာဘူးကြီးသေးရှယ်လတ်မျိုးစုံနှင့် ကုန်ပစ္စည်းတော်တော်များများပြည့်ပြည့်စုံစုံတင်ထားသဖြင့် စတိုးဆိုင်အသေးစားလေးဖြစ်နေလေသည်။

ထို့ကြောင့် . . ကုန်စုံပစ္စည်းဆိုင်ထဲမှ ဖြတ်ဝင်ပြီး လှေကားနှစ်ဆင့်ပြန်တက်မှ ဧည့်ခန်းသို့ရောက်သော မျဉ်ထောင်အိမ်သေးသေးတစ်လုံးဖြစ်၏။

ခိုင်မင်းခန့်တို့တိုက်နှင့် ယှဉ်ဖို့မဆိုထားနှင့်မင်းစောတို့တိုက်လေးနှင့်ပင် အဆင့်ချင်းအတော်ကွာနေလေသည်။

"တော်သေးတာပေါ့ ကြွေရာ၊ ဒီကောင်ပြောပုံက အရှင်းကို စိုးရိမ်ရတဲ့ပုံစံမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မင်းက ဒါမှလိုက်ပို့မှာကိုး မင်းစောရ"

ခိုင်မင်းခန့်က မင်းစောကို တံတောင်ဖြင့်တွတ်ရင်း ခပ်တိုးတိုးပြော၏။

"ဒီကောင်က ကျွန်တော် ကြွေ့ဆီသွားမယ်ဆိုတာ . . အတင်းကို 'ကာ'နေတော့တာပဲ ကြွေရ၊ လုံးဝကို လိုက်မပို့ချင်တာ၊ အခု . . အတင်းကိုပြောယူရတာ"

"မသိဘူးလေကွာ . . မင်းက ဘာတွေပြဿနာရှာထားမှန်းမသိတော့ ငါ ဘယ်ပို့ရဲမလဲ၊ တော်နေကြာမှ . . . ကြွေ အော်ထုတ်ရင် ဘယ့်နှဲ့လုပ်မလဲ"

ဒေါ်ဖြူဖြူက အအေးပန်းသယ်လာရာမှ မင်းစောအသံကိုကြားသွားလေသည်။

"ကြွေ့ကိုတော့ ဗွေမယူကြနဲ့ကွယ်၊ စိတ်ထဲရှိ ရှိသလိုပြောဆိုတတ်တာက သူ့အကျင့်ပဲလေ၊ အဲဒါကြောင့် စိတ်ဓူနေရတော့တာပဲ"

"ဟာ . . မေမေကလည်း လုပ်ပြီ၊ ဘာစိတ်ပူစရာရှိသလဲ အမှန်အတိုင်းပြောတဲ့အကျင့်က ဘယ်လောက်ကောင်းသလဲလို့ . . နော်"

ကြွေ မင်းစောနှင့် ခိုင်မင်းခန့်ကိုပါ 'နော်'ထားလုံးနှင့် အဖော်ဆွယ်၏။

"ဟုတ်ပါတယ် . . အန်တီ၊ ကြွေ စိတ်ရင်းကောင်းတာ ကျွန်တော်တို့သိနေကြတာပဲ"



"အေးကွယ် . . အဲဒီလိုသိတဲ့သူအတွက်ကတော့ ကောင်းတာပေါ့၊ အကြောင်းမသိ ခွာတ်မသိရင် သမီးကို တစ်မျိုးထင်မှာစိုးရတာလေ၊ ဒါနဲ့ . . ဒီသူငယ်လေးက . ."

ဒေါ်ဖြူဖြူ အကြည့်က ခိုင်မင်းခန့်ထံရောက်၏။ အကင်းပါးသူဖြစ်ခြင်းကြောင့် ကြွေ့ထံအဓိကလာချင်သူမှာ မင်းစောမဟုတ် . . မင်းစောနှင့်ပါလာသော လူငယ်သာဖြစ်ကြောင်း နားစွန်နားဖျားကြားသောစကားဖြင့်ပင် သိပြီးဖြစ်သွားလေသည်။

"သူက ကျွန်တော့်သူငယ်ချင်း ခင်ဗျ၊ ခိုင်မင်းခန့်တဲ့ အန်တီ၊ ရန်ကုန်ဆေးတက္ကသိုလ်ကျောင်းသားပါ"

မင်းစောက မိတ်ဆက်ပေး၏။

"ဩော် . . ရန်ကုန်မှာကျောင်းသွားတက်ရတာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျ . . ကျွန်တော် ရန်ကုန်ကပါ၊ အခု ကျောင်းပိတ်ရက်မှာ မင်းစောဆီ ခဏလာလည်တာပါ"

"ဩော် . . ရန်ကုန်တကိုး၊ အန်တီက ပြင်ဦးလွင်ကပဲမှတ်တာ၊ အေးကွယ် . . မောင်မင်းစောကတော့ သမီးနဲ့အခါမတန်ခင်ကြတာကွဲ့၊ နေပါဦး . . သမီးခြေထောက်မှာ ဒဏ်ရာရတာ ဘယ်လိုသိသွားကြတာလဲ"

မင်းစောနှင့် ခိုင်မင်းခန့် တစ်ယောက်တိုတစ်

www.burmeseclassic.com



ယောက် ဖျတ်ခနဲအကြည့်မှာ . . ဦးစွာဖြေသူက ကြွေဝတ်မှုန်ဖြစ်လေသည်။

"သမီးစက်ဘီးနဲ့လဲတော့ ခိုင်မင်းခန့်က လာကူညီပေးခဲ့တာ မေမေ၊ စောစောက မေမေတွေ့တဲ့လက်ကိုင်ပဝါက သူ့လက်ကိုင်ပဝါ"

"ဪ . . ဒီလိုလား၊ မပြောတတ်ပါဘူးကွယ်၊ သမီးက အဲဒီအကြောင်းတွေပြောမပြထားတော့ အန်တီကမသိဘူးကွဲ့၊ လက်ကိုင်ပဝါကတော့ ပစ်ရသွားတာပဲ၊ သမီးကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မောင် . . ဘယ်သူ . . ."

"ခိုင်မင်းခန့်ပါ အန်တီ"

"အေး . . မောင်ခန့်လို့ပဲ လွယ်လွယ်ခေါ်ရမှာပဲ၊ ကျေးဇူးပဲကွယ်၊ ကဲ . . ကဲ . . စကားပြောကြဦး"

ဈေးဝယ်သူရောက်လာသဖြင့် ဒေါ်ဖြူဖြူထသွား၏။ ထိုအခါမှ . . ခိုင်မင်းခန့်ထံ ကြွေ အကြည့်ရောက်လေသည်။

"လက်ကိုင်ပဝါကိုတော့ ကြွေ အသစ်ဝယ်ပေးမယ်နော် ခန့်"

"ဟာ . . မဟုတ်တာ ကြွေရာ . . ကိစ္စမရှိပါဘူး လက်ကိုင်ပဝါတစ်ထည် ဘယ်လောက်မှအဖိုးတန်တာမဟုတ်ဘဲနဲ့"



"ဒါပေမဲ့ . . နာမည်ထိုးထားတာဆိုတော့ ကြွေ အရမ်းအားနာသွားတယ်၊ ခုလေးတင် လျှော်လိုက်မှ တွေ့ခဲ့တာ"

"ဟာ . . ရပါတယ် ကြွေ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်ကြွေ့ဆီက လက်ကိုင်ပဝါပြန်မယူချင်ဘူး"

"အသစ်လေ . . အသစ်ဝယ်ပေးမှာပဲဟာ၊ အဟောင်းပြန်ပေးမှာမှ မဟုတ်တာ၊ ပြီးတော့ . . ကေဆိုတဲ့စာလုံးလည်း ကြွေ တစ်သဝေမတိမ်းတူအောင် ပြန်ထိုးပေးတတ်ပါတယ်"

"ဟော့ကောင် . . မှန်မှန်ပြော၊ မင်းကို ဘယ်သူက နာမည်ထိုးပေးခဲ့တာလဲ၊ ဟိုလက်ကိုင်ပဝါက"

အရေးထဲ မင်းစောက နောက်နေသဖြင့် ခိုင်မင်းခန့် ရှက်အမ်းအမ်းမျက်နှာဖြစ်၏။

ကြွေ့ခေါင်းလေး ဆတ်ခနဲ ပင့်တက်လာပုံက ကြွေကိုယ်တိုင်သိလိုသောပုံစံဖြစ်လေသည်။

"အလကားကွာ . . မင်းစောလျှောက်နောက်နေတယ်၊ ဟိုမှာ . . ကြွေ တစ်မျိုးထင်တော့မှာပဲ"

"ဒါဖြင့်ပြောလေ . . မင်းက"

မင်းစောက ထပ်ပြီးအထွန့်တက်ပြန်လေသည်။

"ဒီလို ကြွေရ၊ ဖေဖေ့လက်ကိုင်ပဝါနဲ့ ကျွန်တော့်လက်ကိုင်ပဝါက ဆင်တူနီးပါးဖြစ်နေလို့ လက်ကိုင်ပဝါချင်း

www.burmeseclassic.com



မမှားရအောင် မေမေက ကျွန်တော့်နာမည်ထိုးပေးထားတာ"

"အဟုတ် . . တကယ် . . ."

"ဟာကွာ . . မင်းစော၊ ပြောင်စပ်စပ်မျက်နှာပေးနဲ့ မင်း လျှောက်နောက်မနေနဲ့၊ ဟိုမှာ ကြွေ တစ်မျိုးထင်တော့မှာပဲ၊ တကယ်ပါ ကြွေရ၊ မေမေထိုးပေးထားတာပါ"

"ဟုတ်ပါတယ် . . ကြွေက ဘာပြောလို့လဲ ခန့်ရဲ့၊ ခက်တော့တာပဲ"

ကြွေ့ရယ်သံက ထူးခြားစွာ ရွှင်ပျကြည်လင်နေလေသည်။ ဒေါ်ဖြူဖြူက ငွေပြန်အမ်းနေရာမှ သမီးရယ်သံကြောင့် တအံ့တသြဖြစ်ကာ လှည့်ကြည့်၏။

သြော် . . မိမိက မင်းစောနှင့်သမီးတို့ သင့်မြတ်စေချင်မိ၏။ သို့သော် . . ခိုင်မင်းခန့်က မမျှော်လင့်ဘဲ ပေါ်လာခဲ့ခြင်းတ နဖူးစာပဲဖြစ်မည်ထင်ပါ၏။




နေ့နေ့ညည . . အိပ်လို့မပျော်အောင်စွဲမိပြီဆိုသောတေးသီချင်းစာသားများကို ပိုသည်ဟု အစက ခိုင်မင်းခန့် ထင်ခဲ့မိ၏။

ယခု . . ကြွေ့မျက်နှာလေးကို တရေးရေးမြင်ယောင်ကာ သတိတရရှိနေခဲ့မိကာမှ အဟုတ်ပါလားဟု ခိုင်မင်းခန့် ဝန်ခံရတော့မည်။

တေးရေးဆရာကိုယ်တိုင် သူကိုယ်တွေ့ကိုရေးဖွဲ့ခဲ့သည်မို့ ဒီလိုအဖြစ်မျိုးကိုရေးဖွဲ့နိုင်သည်ပဲဖြစ်မှာလေ။

ညက ကြွေ့ကိုသတိတရရှိနေခဲ့၏။ ကြွေ့မျက်နှာလေးကိုမြင်ယောင်ကာ ကြွေ့အကြောင်း တစိမ့်စိမ့်တွေးနေခဲ့ခြင်းဖြင့် ခိုင်မင်းခန့်၏အိပ်ချိန်အားလုံးကို ကြွေ ခိုးဝှက်ယူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြွေ့စကားသံလေးတွေကို ကြားချင်သည်။

ကြွေ့မျက်နှာလေးကို မြင်ချင်သည်။

ကြွေ့ထံအရောက်ပြေးတွေလိုစိတ်ကို တားမနိုင်ဆီးမရ . . ခိုင်မင်းခန့် ခံစားရ၏။

ဒါဟာ . . အချစ်တဲ့လား ကြွေရယ်။

ဘယ်သောအခါမှ . . . ဘယ်မိန်းကလေးတစ်ယောက်အပေါ်မှ ခိုင်မင်းခန့် ဒီလိုမဖြစ်ခဲ့ဖူးပါ။

ကြွေနှင့်ကျကာမှ 'ကြွေဝတ်မှုန်'ဆိုသောကောင်မလေးနှင့်ကျကာမှ နှလုံးသားထဲမှ နင့်သည်းစွာချစ်ခဲ့မိတာ ဝန်ခံချင်လေသည်။

တစ်ညဥ့်လုံး ကြွေ့ထံရောက်ရှိနေခဲ့သောစိတ်က အိပ်ရေးပျက်စေခဲ့၏။ မိုးလင်းခါနီးမှ မှိတ်ခနဲအိပ်ပျော်သွားသောစိတ်က ကြွေနှင့်အိပ်မက်ထဲမှာ တွေ့နေစေလေသည်။

ခန့်က ကြွေ့ကို ချစ်ခွင့်ပန်ခဲ့၏။

ကြွေက ခန့်၏ပါးကို ဖြန်းခနဲရိုက်ခဲ့သည်တဲ့။

နိုးလာချိန်မှာ ပါးကို ကိုင်ရက်တန်းလန်း ခိုင်မင်းခန့် နိုးလာခဲ့ပါသည်။ ဩော် . . ပါးပြင်မှာ စပ်ဖျဉ်းဖျဉ်းလေးတောင်ကျန်နေခဲ့သလို ကျောထဲကစိမ့်တက်သွား၏။

တကယ်ပဲ . . ကိုယ့်ကိုရိုက်မှာလား ကြွေရဲ့၊

ခိုင်မင်းခန့် ပြုံးမိလေသည်။ မာနခဲ . . ကြွေကိုမှ သူကချစ်ခဲ့မိပြီ။



ရိုက်လည်း ရိုက်တော့ ကြွေရယ်။

ချစ်တာကို ဘာနှင့်မျှတားဆီးလို့ရနိုင်တာမှမဟုတ်တာပဲ။

ခိုင်မင်းခန့် အိပ်ရာမှ ထလာချိန်မှာ မင်းစောကို မတွေ့ရချေ။

အခန်းပြင်ထွက် ခေါင်းဖြီးရှာတော့ မင်းစော၏မေမေ ဒေါ်သန်းရီနှင့်ဆုံလေသည်။

"ဟော . . ခန့်နိုးလာပြီလား၊ အိပ်ရာထနောက်ကျနေလို့ ဘာများဖြစ်သလဲလို့ စိုးရိမ်နေတာ"

"ကျွန်တော် ညက အိပ်တာနောက်ကျသွားလို့ပါ အန်တီ၊ ဘာမှမဖြစ်ပါဘူး၊ မင်းစောတောင် ကြက်တောင်ရိုက်ဖို့ သွားပြီထင်တယ်"

"ဟုတ်တယ် . . ခန့်ကိုနှိုးမယ်လုပ်သေးတယ်၊ အန်တီကပဲ အိပ်နေတာ အားနာစရာကြီး မနှိုးနဲ့လို့တားလိုက်ရတာ၊ နက်စ်သောက်ကွဲ့၊ ဒီနေ့တော့ အန်တီကိုယ်တိုင် ဟမ်ဘာဂါလုပ်ထားတယ်၊ သားစိတ်ကြိုက်ဆိုပါတော့"

"ကျေးဇူးပဲ အန်တီ"

ခိုင်မင်းခန့်တို့မိသားစုနှင့် မင်းစောတို့မိသားစုဆိုတာ မင်းစောတို့ ရန်ကုန်မှာနေစဉ်က နှစ်အိမ့်တစ်အိမ်ဆိုသလို ချစ်ခင်ရင်းနှီးစွာနေထိုင်ခဲ့ကြတာပါ။

မင်းစောတို့ ရန်ကုန်မှနေ၍ ပြင်ဦးလွင်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားပြီးနောက်ပိုင်း မင်းစောတို့မိသားစု ရန်ကုန်လာလျှင် ခိုင်မင်းခန့်တို့ခြံဝိုင်းထဲရှိ သီးသန့်နေအိမ်လေးမှာ စိတ်တိုင်းကျ တည်းခိုသကဲ့သို့ . . .

ခိုင်မင်းခန့်ကလည်း ပြင်ဦးလွင်ရှိ မင်းစောတို့ အိမ်မှာ အိမ်သားတစ်ယောက်လို ဝင်ထွက်သွားလာနေခဲ့ကြသဖြင့် ဘာမျှ အားနာစရာရှိမနေတော့ပေ။

ခိုင်မင်းခန့်က ဟမ်ဘာဂါ ကပျာကယာကိုက် စားရင်း ရေချိုးဖို့ ပြင်ဆင်၏။

ဒီနေ့မှာ . . ကြွေ ကြက်တောင်ကစားနိုင်ပါဦး မလား။ မျက်စိထဲမှာ ကြွေ၏ ခြေသလုံးသားမှ သွေးသံရဲရဲကိုမြင်မိ ၏။ ကြွေ၏ သနားစရာ ရှုံ့မဲ့မဲ့မျက်နှာကလေးကိုမြင်၏။

ညနေပိုင်းမှာတော့ . . ကြွေ၏ကြည်လင်ရွှင်ပျ သောမျက်နှာကလေးကို စိတ်ချမ်းမြေ့ဖွယ်ရာမြင်ရလေသည်။

ကြွေ့ခြေထောက်မှာ ပတ်တီးစည်းထားလျက်ပဲ ရှိသေး၏။ ကြွေ ကစားနိုင်ပါဦးမလား။

ဘာပဲဖြစ်ဖြစ် ကြွေ့ကိုတွေ့ရလို့ တွေ့ရငြား က စားကွင်းသို့လိုက်သွားဖို့ ပြင်ဆင်၏။

"မင်းစောနောက်ကို လိုက်သွားဦးမယ် အန်တီ"

မင်းစောမေမေ ဒေါ်သန်းရီကို နှုတ်ဆက်ပြော ပြောပြီး ဖြိုင်ဘီးပေါ်တက်နင်းသွားသဖြင့် . . .

ဒေါ်သန်းရီက မိမိပြင်ဆင်ကျွေးမွေးထားသည်





'ဟမ်ဘာဂါ'ကို စားမှစားသွားရဲ့လား စိတ်ပူစွာ မြေးကြည့်၏။

စားပွဲပေါ်မှာ အသင့်အုပ်ဆိုင်းပေးထားသည့် မုန့်ပွဲမရှိမှ စိတ်ကျေနပ်စွာ ပြုံးနိုင်လေသည်။

စေတနာဖြင့် အပင်ပန်းခံပြုလုပ်ပေးထား သောအစာကို မြိန်ရေ ယှဉ်ရေ စားသောက်ခြင်းက စေတနာကို လေးစားရာ အသိအမှတ်ပြုရာရောက်လျက် ပြုလုပ်ပေးရသူ၏ စိတ်ကို ကျေနပ်မှုဖြစ်ထွန်းစေတာပါ။

'ခန့်'က အစားအသောက်အနေအထိုင် ချေး များတတ်သူမဟုတ်သဖြင့် ခန့်အတွက် ဒေါ်သန်းရီတို့ လုံးဝ ဝန် လေးတယ်ရယ်လို့ကို မရှိပါ။ ခန့်က သားအရင်းတစ်ယောက်လို ဖြစ်နေခဲ့ပါပြီ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com










"ဟဲ့ . . လာပြီဟဲ့ . . ဟိုမှာ"

"ဟင် . . ဘယ်သူလဲ"

ကစားနေစဉ်မှာပင် တင်တင်မာပြသဖြင့် နီလွင် လှမ်းကြည့်မိ၏။ ခိုင်မင်းခန့်၏ပုံစံက အဝေးကပင်မြင်နိုင်ပါသည်ဆိုသော ရုပ်ရည်သန့်ပြန့်တောင့်တင်းမှုက ခိုင်မင်းခန့်ဆိုသောနာမည်နှင့်လိုက်အောင် ခန့်ထည်မှုရှိ၏။ ကြည့်ကောင်းကောင်းဖြင့် မင်သက်ငေးမောမိကြသူများချည်းပါ။

ခန့်က ဘီးကို ကစားနေသည့်နေရာနားအထိရောက်အောင်ပတ်စီးလာခဲ့သဖြင့် . . အားလုံးလိုလို၏အကြည့်က ခိုင်မင်းခန့်ကိုမြင်တွေ့နိုင်သလို . . . .

ခန့်ကလည်း တူညီဝတ်စုံဝတ်ထားသည့်မိန်းမ

www.burmeseclassic.com



ချောလေးတွေ၏မျက်နှာကို တွေ့နေရပါသည်။ နီလွင်က ရယ်ပြုံး နှုတ်ဆက်သဖြင့် ပြန်ပြုံးပြပြီး ကြွေ့ကို ရှာ၏။

ထိုအထဲမှာ ကြွေ့ကိုမတွေ့ရပါ။ ကြွေ မရှိပါ။

ခန့်စိတ်ထဲ မောသွားကာ ပြန်လှည့်ကွေ့ဖို့ပြင်ပြီးကာမှ . . မင်းစောလက်လှမ်းပြသဖြင့် ရပ်စောင့်နေရလေသည်။

ထိုအချိန်မှာ နီလွင့်ကို သူငယ်ချင်းတွေက ဝိုင်း 'စ'ကြလေသည်။

"ဟော . . ဟိုမှာ . . စောင့်နေတယ် တွေ့လား"

"ဟယ် . . ဘာဖြစ်လဲ . . သူ့ဟာသူ စောင့်တာ"

"သွားတွေ့လိုက်ပေါ့ နီလွင်ရဲ့ . . နင်ကလည်း"

"ဟာ . . ငါ့ကိုလာတွေ့တာဟုတ်ချင်မှဟုတ်မှာပေါ့၊ ဟိုမှာ . . မင်းစောပြေးသွားပြီ တွေ့လား၊ မင်းစောကို သူလာရှာတာနေမှာ"

"ဒါဆိုလည်း အစကတည်းက မင်းစောကိုသူခေါ်ရုံပဲ၊ အခုဟာက ရှင်ကလည်းပြုံးကြည့် . . ဟိုကလည်း ပြုံးကြည့်နဲ့ ရှင်တို့ချင်း အပြုံးချင်းဖလှယ်ပြီး ညှုနေတာ မမြင်တာမှတ်လို့"

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ . . သွား"

နီလွင်၏မျက်နှာက ရဲခနဲဖြစ်သွားလျက် ရှက်





ရှက်ဖြင့် မျက်နှာပေါ်ကျလာသောဆံပင်မယ်ကာ အော်မိလေသည်။

"ဟော . . ရှက်သွားပြီဟေ့ . . ရှက်သွားပြီ"

နီလွင်က တင်တင်မာ့ကို လိုက်ရိုက်ရင်းရင်တွေ ခုန်နေလေသည်။

ဟုတ်လား . . ခန့်ရဲ့။

ရှင် . . နီလွင့်ဆီလာတာလား . . .

အိပ်မောကျနေခဲ့သော နီလွင်၏နှလုံးသားက ဖျတ်ခနဲ လှုပ်ရှားကာ လန့်နိုးလာခဲ့တာ . . ခိုင်မင်းခန့်ဆိုသော လူငယ်ကလေးကို မင်းစောတို့အိမ်မှာစတင်မြင်တွေ့ကတည်းက ပါ။

သူတကာထက်ထူးခြားပေါ်လွင်သော ဥပဓိရုပ်က နီလွင့်စိတ်ကို လှုပ်ရှားစေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ခိုင်မင်းခန့်ဆိုသောအမည်က နီလွင်၏နှလုံးသားမှာ ဆေးမင်ရည်စုတ်ထိုးစရာမလိုဘဲ ငြိတွယ်ခဲ့တာကြာပါပြီ။

ထို့ကြောင့်လည်း . . .

နီလွင်၏မွေးနေ့အချိန်နှင့်ကိုက်ကာရောက်ရှိလာသော မင်းစောတို့၏ ကိုဧည့်သည်ကလေးကို ဝမ်းသာအားရ ဖိတ်ခဲ့ခြင်းဖြစ်၏။

မွေးနေ့ပွဲသို့ ခိုင်မင်းခန့်တက်ရောက်ခဲ့ခြင်းက



www.burmeseclassic.com

www.burmeseclassic.com



နီလွင့်မွေးနေ့မှာ ပိုမို၍လှပခဲ့သည်ဟုထင်မှတ်ခဲ့၏။

သို့သော် . . .

နီလွင် မသိလိုက်သောအရာတစ်ခုက ခိုင်မင်းခန့်နှင့်ကြွေဝတ်မှုန်တို့နှစ်ဦး စတင်ရင်းနှီးတွေ့ဆုံခြင်းပင်တကား။

☺ 😐 ☺






"ဘာလဲ . . ကာလနဂါးကြီး နိုးလာခဲ့ပြီလား"

ခိုင်မင်းခန့်ရပ်စောင့်နေရာသို့ အပြေးလာခဲ့သောမင်းစော၏ကိုယ်မှာ ရေလောင်းထားသလို ချွေးဒီးဒီးကျနေလေသည်။

"ညက အိပ်မပျော်ဘူးကွ"

ခိုင်မင်းခန့်အသံနှင့်အမူအရာ မျက်နှာရိပ်မျက်နှာကဲမှာ ကြွေ့ပုံရိပ်ကို ထုတ်ချင်းဖောက်မြင်ရသလိုရှိ၏။

မင်းစော . . သဘောကျစွာ ရယ်လေသည်။

"ဘာလဲ . . အိပ်မပျော် ဆင်အော်လို့မနိုးပဲလား၊ ငါ နိုးမယ်လုပ်သေးတယ်၊ မင်း အိပ်မောကျနေတော့ မေမေကလည်း အိပ်ပါစေ မနိုးနဲ့ဆိုလို့ ငါ ထားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလင်းခါနီးမှအိပ်ပျော်သွားတာကွ၊ ကြွေ . . ရောက်မလာဘူးလား၊ ရှာမတွေ့ဘူး"

"မလာဘူး . . ကြည့်ရတာ ခြေထောက်ကအနာရှိန်ကတော့ကျန်ဦးမှာပဲ"

"ငါ . . သူ့အိမ်ကိုလိုက်သွားကြည့်ဦးမယ်၊ မင်းလိုက်ခဲ့ပါလား"

မင်းစောစိတ်ပျက်စွာ စုတ်သပ်ခေါင်းယမ်း၏။

"သွားပြီ . . မင်းတော့ ကြွေ့ကို တကယ်ကြွေပြီပဲ"

"ကြွေလောက်စရာပဲလေ၊ မင်းတောင် ကြွေခဲ့ဖူးသေးတာ ဝန်ခံခဲ့တာပဲ"

"ဒါပေမဲ့ . . မင်းလောက်တော့ မသည်းဘူး မကဲဘူး ခိုင်မင်းခန့်၊ ငါးရဲ့ပြောလူးဖြစ်မနေဘူး၊ ငါ့စိတ်ထဲက တိတ်တိတ်ကလေးကျိတ်ချစ်ခဲ့တာ"

"သမာဓိပိုး . . ပိုးတာဆိုပါတော့၊ ငါကတော့ မင်းလိုသမာဓိပိုး ပိုးနေဖို့အချိန်မရဘူး မင်းစော၊ ပြန်ရမယ့်လူ၊ ရှိတဲ့အချိန်လေး အရပိုးသွားမှာဗျ၊ တော်နေကြာ . . . နောက်တစ်ခေါက်ပြန်လာရင် သူများလက်ထဲရောက်နေမှာစိုးရတာလေ"

သူများလက်ထဲ ဆိုရာမှာ မင်းစောကိုမေးဆတ်ပြောခြင်းကြောင့် မင်းစော သဘောကျစွာ ရယ်လေသည်။

"အထင်ကြီးလို့ကွာ . . ငါ ဘယ်လောက်ကြွေကြွေ . .





မင်းကောင်မလေးက ငါ့ကိုစိတ်ထဲမထည့်တာ မင်းသိပါတယ်၊ နင့်မို့လို့ကတော့ မင်းတောင်ပိုးခွင့်ရမှာမဟုတ်ဘူး၊ ခုချိန်မှာ ငါ့ကောင်မလေးဖြစ်နေလောက်ပြီ"

"အမယ်လေးလေ . . တော်ပါသေးရဲ့၊ ဖူးစာရေးနတ်မင်းကိုကျေးဇူးတင်ရမယ်ကွ . . ဟားဟား"

သူငယ်ချင်းနှစ်ယောက် ရယ်မောပြောဆိုရာမှ ကွင်းထဲမျက်စိအကြည့်ရောက်၏။

"ဟိုမှာ . . နီလွင်က မင်းကိုကြည့်နေတယ်ထင်တယ် မင်းစော"

မင်းစောလှည့်ကြည့်၏။ နီလွင်နှင့် သူ့သူငယ်ချင်းကောင်မလေးတွေ ဘာတွေပြောဆို ရယ်မောနေမှန်းမသိ။ ရှိုးတို့ရှန့်တန့်အမူအရာမျိုးကိုမြင်ရလေသည်။

"ကြည့်ရအောင် ငါနဲ့သူက မမြင်ဖူး မတွေ့ဖူးတာမှမဟုတ်တာပဲ ခိုင်မင်းခန့်ရဲ့၊ ကြည့်ခြင်းကြည့်ရင် မင်းတိုကြည့်တာဖြစ်နိုင်တယ်"

ခိုင်မင်းခန့် အလန့်တကြားခေါင်းယမ်း၏။

"တော်ပါ . . ငါ့ဘဝမှာ ကြွေတစ်ယောက်ပဲရှိပါတယ်"

ပြောရင်း ခြေလှမ်းပြင်၏။

"မင်းမလိုက်ရင် ငါသွားမယ် မင်းစော၊ မင်းစိတ်ထဲ ဘယ်လိုမှမခံစားရတာ သေချာတယ်နော်"

မင်းစော မချိပြုံး ပြုံးလျက် ခေါင်းညိတ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ့်သူငယ်ချင်းအဆင်ပြေရင် ပြီးတာပါပဲ"

"နောင်မှ ဘာညာကွိကွ မင်းပြောမှာစိုးလို့ကွ"

"ငါ့ကို ကြွေက လက်ခံခဲ့တာမှမဟုတ်တဲ ခိုင်မင်းခန့်ရဲ့ ငါ ဘာပြောစရာလိုသလဲ"

"အိုကေ . . ငါသွားပြီ သူငယ်ချင်း"

သူငယ်ချင်းနှစ်ယောက် လက်ဝါးချင်းရိုက်ကြ၏။ ခိုင်မင်းခန့် စတ်ဘီးနင်းပြီးထွက်စပြုစဉ်မှာ 'မင်းစော'ချာခနဲ ပြန်အလှည့် စက်ဘီးပြန်ကွေ့လာသဖြင့် . . 'ဘာဖြစ်တာလဲ'ရပ်ကြည့်မိလေသည်။

"အဆင်ပြေရင် ငါ ကြွေ့ကို တစ်ခါတည်း ပရိုပို့(စ်)လုပ်မယ်ကွ . . မင်းဆုတောင်းပေး"

"ကြွား"

မင်းစောအော်ပြောသံကို ခိုင်မင်းခန့် စက်ဘီးအသားကုန်နင်းရင်း ကြားရ၏။






ကြွေက ယောက်ျားကိုင် လက်ကိုင်ပဝါ၏ ထောင့်စွန်းမှာအင်္ဂလိပ်အက္ခရာ ကေ(K)စာလုံးလေးကို အားစိုက်ထိုးနေစဉ်မှာပင် ဆိုင်ရှေ့မှာ လူရောက်လာတာ သတိထားမိလေသည်။

"ကျွန်တော် ဖုန်းဆက်ချင်လို့ခင်ဗျ၊ ဆက်လို့ရမလား"

"ဆက်ပေါ့ ... ဆက်လို့ရလို့ အဲဒီမှာတယ်လီဖုန်းပုံလေး ချိတ်ထားပေးတာပဲ"

ကြွေ . . မော့မကြည့်နိုင်ပါ။ မေမေဈေးဝယ်ထွက်သွား၏။ မေမေရှိလျှင် . . အဲဒါကဘာလုပ်တာလဲ ဘာညာအနည်းဆုံး အမေးခံရမှာ သေချာလေသည်။

ထို့ကြောင့် . . မေမေပြန်မရောက်မီအချိန်အ



www.burmeseclassic.com

www.burmeseclassic.com



တွင်းပြီးစီးသွားစေချင်လေသည်။

"ဟလို . . ဟလို . . ဟောဗျ . . လုံးဝကို ခေါ်လို့မရဘူး"

"ရမလား . . ရှင်က ဂဏန်းကွက်လုံးဝမလှည့်ဘဲ တယ်လီဖုန်းကိုင်အော်နေတဲ့ဟာ"

"ဘယ်လိုဟာမှန်းမသိဘူး . . ကြောင်လိုက်တာ"

ဆိုသော နောက်ဆက်တွဲစကားကိုတော့ ကြွေ စိတ်ထဲမှ တိုးတိုးလေးပြောမိလေသည်။

"ဟ . . တယ်ကျွမ်းပါလား၊ လှည့်မကြည့်ဘဲသိတယ် ဟုတ်လား"

"သိရတယ် . . မသိလို့ရမလား၊ မျက်စိကမကြည့်ပေမဲ့ နားစွင့်ထောင်ထားရတယ်၊ နယ်ခေါ်တဲ့ဖုန်း ဆယ်လ်လူလာခေါ်တဲ့ဖုန်း၊ စီဒီအမ်အေမိုဘိုင်းရော၊ ဂျီအက်(စ်) အမ်မိုဘိုင်းရော စုံနေတော့ ဈေးနှုန်းပါတစ်မျိုးစီယူထားတာလေ"

ကြွေ စကားပြောနေစဉ်မှာပင် ဂဏန်းကွက် လှည့်သံကြားရ၏။

"ဟုတ်ကဲ့ . . ကျွန်တော် ကြွေဝတ်မှုန်နဲ့စကားပြောချင်လို့ပါခင်ဗျ"

"ဟင်"

ကြွေ အလန့်တကြားဖြစ်ပြီး လှည့်ကြည့်၏။ လက်ထဲမှကိုင်တွယ်ချုပ်လက်စ 'အပ်'က လက်မထဲ နစ်ခနဲစူးဝင်





သွားလေသည်။

"အမယ်လေး . . သေပါပြီ၊ အဲဒီခန့်က ဘာလုပ်တာလဲ အလကား . . လာစနေတယ်၊ ဒီမှာ အပ်စူးသွားပြီ . . ကြည့်ပါဦး"

အော်လေသည်။

ခိုင်မင်းခန့်က ပေါ့ပါးလှစွာ ကြွေ၏အနားသို့ ဖျတ်ခနဲရောက်လာလေသည်။ ကြွေ လက်မကိုပါးစပ်ထဲထည့်စုပ်လျက် အာငွေ့ပေးနေလေသည်။

"ဆောရီး . . ကြွေရယ်၊ ကြွေ့ကိုအသံပြုတာနဲ့ ကြွေလှမ်းကြည့်ပြီး ကျွန်တော်မှန်းသိမယ်ထင်ခဲ့တာ"

"ကြည့်ရမလား . . ဒီမှာဘာလုပ်နေတာလဲ . . ကြည့်ဦး"

"ဟင် . . ဘာလုပ်တာလဲ၊ လက်ကိုင်ပဝါမှာ . . ဟာ သိပြီ၊ 'ကေ'စာလုံးထိုးနေတာလား ဟုတ်လား"

ကြွေ ပြုံးပြီး ခေါင်းညိတ်၏။

"ကျွန်တော့်လက်ကိုင်ပဝါနဲ့ပုံစံတူပဲ"

"တူမှာပေါ့ . . တူအောင်ရှာပြီး ရွေးဝယ်ထားရတာ၊ ကြွေတို့ဆိုင်မှာတောင် လက်ကိုင်ပဝါတင်ဖို့ မေမေ့ကို အကြံပေးထားရသေးတယ် သိလား"

"ဘာလုပ်ဖို့ . . 'ကေ'ထိုးရတာလဲ ကြွေရဲ့၊ ဘာလဲ . . ကျွန်တော့်ကိုပြန်ပေးဖို့ ကြွေလုပ်နေတာပေါ့ . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . သူများပစ္စည်းအသားလွတ်ကြီးယူထားလို့ ရမလား"

"ကြွေကဗျာ . . အရမ်းသူစိမ်းဆန်တာပဲ"

"သူစိမ်းပဲဟာ"

ပြောရင်း မျက်စောင်းဝင့်ကြည့်စဉ်မှာပင် ပြုံးပြုံးကြီးစိုက်ကြည့်နေသော အကြည့်ဆန်းကြောင့် ကြွေ ထိတ်လန့်သွားရလေသည်။

"ဟင် . . ဘယ်လိုကြီး ကြည့်နေတာလဲ"

အရှက်ကြီးစွာအော်လေသည်။

"ကြွေက သိပ်လှတာပဲ"

"တော်ပါ . . ကြွေကိုမြှောက်ပင့်ပြောတိုင်း ကြွေ ယုံမယ်ထင်သလား"

"ကျွန်တော်က မြှောက်ပြောတာမှမဟုတ်ဘဲ ကြွေရဲ့၊ တကယ်ပြောတာ"

"မက်ဒေါနားကတော့ တစ်နေ့ကို အာလူးဖုတ်တစ်လုံးတစ်လုံး စားတယ်တဲ့၊ ရှင်ကတော့ တစ်ပိဿာလုံးဖုတ်စားမယ့်သူပဲ ခိုင်မင်းခန့်ရဲ့"

"ကြွေက စကားအရမ်းတတ်တာပဲ၊ အန်တီရော"

"မေမေက ဈေးထွက်ဝယ်တယ်လေ၊ ဒီနေ့ . . ဈေးဝယ်ဆင်းတဲ့နေ့ဆိုပါတော့"

ခိုင်မင်းခန့်က ဆိုင်ကို ဝဲယာ ငဲ့ကြည့်၏။



"ကြွေတို့ဆိုင်က ပစ္စည်းတော်တော်စုံတာပဲ"

"ဒီလိုပါပဲ . . ဝယ်နေကျဖောက်သည်တစ်ယောက်က မေးတဲ့ပစ္စည်း ကိုယ့်ဆီမှာမရှိရင် ပြေးဝယ်တင်ရာကနေ ပစ္စည်းများလာခဲ့တာ၊ ခုလည်း ပန်းထိုးတဲ့အပ်ချည်လုံးတွေ လာမေးထားလို့ သွားဝယ်နေတာ"

"ကြွေတို့က သားအမိနှစ်ယောက်တည်းပဲလား"

"အကူကောင်မလေးတစ်ယောက်ရှိတာလေ၊ အဲဒီမှာ . . ပစ္စည်းရောင်းထားတဲ့ငွေတွေယူပြီး လစ်ပြေးလို့၊ နောက်ထပ်လူခေါ်ဖို့ကြောက်နေတာ၊ကိုင်း . . ပြီးပြီ . . ကြည့်ပါဦး လှရဲ့လားလို့"

"လှတာပေါ့ . . ကြွေထိုးထားတာပဲဟာ"

'ကေ'အက္ခရာပုံက မေမေထိုးပေးသလို သပ်သပ်ရပ်ရပ်မရှိလှပေမဲ့ . . ကြည့်လို့တော့ကောင်းလေသည်။

ခိုင်မင်းခန့်က လက်ကိုင်ပဝါထောင့်စွန်းကို ကြည့်ပြီး ကြွေ့ကိုပြန်ကမ်းပေး၏။

"ဟင် . . ဘာလို့ပြန်ပေးတာလဲ၊ အဲဒါ . . ခန့် လက်ကိုင်ပဝါအစားပြန်ဝယ်ပေးတာ"

ခန့် လက်ကိုင်ပဝါကိုတော့ ကြွေက လျှော်ဖွပ်မီးပူတိုက်ပြီး ပလတ်စတစ်အိတ်အကြည်ရောင်လေးဖြင့် သိမ်းထားတာ ခန့် ဘယ်လိုမှ မသိနိုင်ပါ။

"ဟာ . . ကျွန်တော်ပြန်မယူဘူးလို့ပြောထားပြီးပြီပဲ ကြွေ

www.burmeseclassic.com



ရဲ့"

"ဟိုလက်ကိုင်ပဝါအယောင်းက ကြွေ့ခြေထောက်နဲ့ထိထားလို့ မယူတာမဟုတ်လား၊ ဒါက အသစ်ပဲဟာ . . ယူပေါ့၊ ကြွေက စေတနာနဲ့နာမည်တောင်ပြန်ထိုးပေးထားတာ"

"ဟင့်အင်း . . လက်ကိုင်ပဝါအစားပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ကျွန်တော်မယူချင်ဘူး ကြွေ"

"အဲဒါက ဘာဖြစ်ရတာလဲ"

'ခန့်'ပုံစံက စိတ်ထိခိုက်ကြီးစွာခံစားရသလို မျက်စိပျက်မျက်နှာပျက်ဖြစ်နေတာမို့ ကြွေ အံ့ဩတကြီးဖြစ်လေသည်။

"ကြွေ တကယ်မသိတာလား၊ ချစ်သူချင်းလက်ကိုင်ပဝါမပေးကောင်းဘူး၊ ကွဲတတ်တယ်တဲ့"

ကြွေ့မျက်နှာလေး ရဲတက်သွားလေသည်။

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ၊ ကြွေတို့က ချစ်သူချင်းမှမဟုတ်တာပဲ ခိုင်မင်းခန့်ရဲ့"

ကြွေ့အသံလေးမှာ လှိုင်းထကာ တုန်နေလေသည်၊ ရင်ထဲကတော့ အတိုင်းမသိအောင် ခုန်နေလျက် မျက်နှာတစ်ခုလုံးပူနွေးထူအမ်းလာလေသည်။

"ကျွန်တော် . . ကြွေ့ကိုချစ်တယ် ကြွေ၊ တစ်အားကိုမြတ်မြတ်နိုးနိုးနဲ့ချစ်တာ၊ အခုလည်း . . ကြွေ ကိုမြင်





ချင်စိတ်နဲ့ပြေးလာခဲ့တာ"

"ခိုင်မင်းခန့်နော် . . ကြွေ စိတ်ဆိုးတယ်သိလား၊ မဟုတ်တာတွေလျှောက်မပြောနဲ့"

ကြွေက ရှက်အားကြီးစိတ်ဖြင့် အော်ပေမဲ့ ကြွေ့အသံမှာ ဒေါသတကြီးဖြစ်မနေတာ ကြွေသာအသိဆုံးဖြစ်လေသည်။

ခိုင်မင်းခန့် ကြွေ့ရင်ထဲ ဦးဆုံးတိုးဝင်လာခဲ့သူဖြစ်ပါသည်။ ကြွေ့ဘဝမှာ ဘယ်ယောကျ်ားသားကိုမှ စိတ်ဝင်တစားရှိခဲ့ဖူးတာမဟုတ်ပါ။

ခိုင်မင်းခန့်ကျတော့ ကြွေ့ရင်ထဲသို့ ဘယ်အချိန်က ဘယ်လိုနစ်ဝင်ပျော်ဆင်းလာမှန်း ကြွေပင်မသိလိုက်ပေ။

"မဟုတ်တာမှ မဟုတ်တဲ့ ကြွေရဲ့၊ ကျွန်တော်က . . ကျွန်တော့်ရင်ထဲမှာ တကယ်ဖြစ်တဲ့စိတ်ကိုပြောတာ၊ ကြွေ့ကိုစတွေ့ကတည်းက ရင်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိအောင်ကိုချစ်သွားခဲ့တာ"

"သွား . . မပြောနဲ့ဆို . . ခိုင်မင်းခန့်နော်"

ကြွေ၏ ရှက်စိတ်က ဘယ်လိုမှထိန်းမရအောင် တုန်တုန်ယင်ယင်လေးဖြစ်နေလေသည်။

"ကဲ . . မပြောနဲ့ဆို ကျွန်တော်မပြောတော့ဘူး၊ ကြွေကပဲ ဖြေတော့"

"ဟင် . . ဘာဖြေရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းခန့်ကို ကြွေ အံ့သြပါသည်။ တချို့ဆို ကြွေအော်လိုက်ငေါက်လိုက်တာနှင့်ထွက်ပြေးကြတာများ၏။

ခိုင်မင်းခန့်ကျတော့ . . အပြုံးတစ်ချက်မပျက်ဘဲ ကြွေ့ကို အနေခက်အောင်စိုက်ကြည့်နေတာ မျက်စိကျွတ်ကျမတတ်ပါ။

"ချစ်တယ်လို့ဖြေလေ . . ကြွေ့ဆီကအဖြေကို ကျွန်တော်ကြားချင်နေပြီ ကြွေရဲ့"

"ဟာ . . ဘာလို့ချစ်ရမှာလဲ မချစ်ဘူး"

"နည်းနည်းလောက်တောင်မချစ်ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် . . များများချစ်တယ်ပေါ့"

"အင်း . . . . ."

ကြွေက ဈေးဝယ်သူရောက်လာသဖြင့် အာရုံအပြောင်းမှာ ကောက်ကာငင်ကာမေးလိုက်သောစကားကို ယောင်ရမ်းခေါင်းညိတ်မိပြီးမှ . . မှားသွားပြီဟုသိလိုက်ရတာပါ။

"ဟာ . . ဘာလဲ . . ဘာတွေလျှောက်ပြောနေတာလဲ"

ရှက်အော် အော်ချိန်မှာ မောင်မင်းကြီးသား ခိုင်မင်းခန့်က အပျော်လွန်နေခဲ့ပါပြီ။

"ပျော်လိုက်တာ ကြွေရာ၊ ကျွန်တော် တအားကိုပျော်တာပဲ သိလား"

ခိုင်မင်းခန့်မျက်နှာမှာ ကြည်နူးခြင်းတစ်ဝက်





ဖိတ်လျှံထွက်ကာ၏။ ပျော်သောအပျော်ကို မျက်လုံးလေးမှာ နှုတ်ခမ်းလေးမှာ မို့တက်နေသောပါးပြင်ထက်မှာ တွေ့သာမြင်သာလေသည်။

"မကောင်းဘူးကွာ . . ခိုင်မင်းခန့်က၊ ကြွေ့ကိုသက်သက်အကြောင်ရိုက်တာပဲ"

ကြွေ ရှုတ်နေသော အရှက်မျက်နှာမှုပြုံးရိပ်ကိုလည်း ခိုင်မင်းခန့် မြင်နေရပါပြီ။

"အဖြေမှန်ထွက်လာဖို့ကအရေးကြီးတယ်လေ ကြွေရဲ့၊ ဘာလို့ . . အဲဒီလောက်ရှက်နေရတာလဲ"

"ယောင်ပြီး . . 'အင်း'မိတာကို အတည်ယူလို့ရမှာလား"

"ရတယ် . . ဟောဒီမျက်လုံးလေးတွေထဲမှာ အဖြေကိုတွေ့နေရပြီပဲ ကြွေရဲ့"

"မုန်းတယ်, တအားမုန်းတယ်လို့ပြောနေတာသိရဲ့လား"

"ချစ်တယ် . . တအားချစ်တယ်လို့မြင်နေရတာပါ ကြွေရယ် မညာပါနဲ့"

ကြွေ ရယ်နေလေသည်။ သိပ်တတ်တယ်ဟူသောအကြည့်မျက်စောင်းထိုးလေသည်။

"ပြောလေ ကြွေ . . ချစ်တယ်လို့"

"မပြောပါဘူး . . ဘာလို့ပြောရမှာလဲ၊ ခိုင်မင်းခန့်နဲ့ ကြွေနဲ့က တွေ့တာဘယ်လောက်မှမကြာသေးဘူး၊ ကြွေမယုံပါဘူး"

"သြော် . . ကြွေရယ်၊ ချစ်တာကိုပဲ ဘယ်လောက်ကြာပြီး



www.burmeseclassic.com

www.burmeseclassic.com



မှချစ်ရမယ် . . အဲဒါမှယုံလို့ ဘယ်သူပြောသလဲ၊ အချစ်ဆိုတာ ရင်ထဲကနေ ဒက်မနဲ့ဖြစ်သွားတာ၊ လှပ်ခနဲဖြစ်သွားတာ၊ သိဝိဘုရင်မင်းကြီးကြည့်ပါလား . . ဥမ္မာဒန္တီကိုမြင်တာနဲ့ ချက်ချင်းကိုချစ်တာ၊ ရှုးသလောက်ကိုဖြစ်ခဲ့တာ . . ကိုင်း . . အဲဒါကို ကြွေ ဘယ်လိုပြောမလဲ"

ကြွေ အောက်နှုတ်ခမ်းလေးဖိကိုက်ပြီး ရယ်ပြုံးမိ၏။

"ဟိုက ဥမ္မာဒန္တီလေ၊ ကြွေက ကြွေပဲ"

"ဒါပေမဲ့ . . ဥမ္မာဒန္တီရှုံးလောက်အောင်တိုချောတာသိလား"

ကြွေ မထိန်းနိုင်ဘဲ အော်ရယ်လိုက်၏။

"သွား . . အဲဒီခိုင်မင်းခန့် ဘာတွေလျှောက်ပြောနေမှန်းကိုမသိဘူး"

ပြောသံမှာ ရယ်သံနှော၏။ အကြည့်မှာ ချစ်ရည်လျှပ်းတက်နေခဲ့၏။ ကြည်နူးစွာရယ်သံမှာ လေပြည်လေညင်းတိုက်ခတ်သည့်ပမာပါ။

ရင်မှာနွေးထွေးပျော်ဝင်ခြင်းဟာ အချစ်တဲ့လား။

ကြွေ သတိထားမိသည်က ကြွေ့နှလုံးသားလေးများ တပျပ်ဖျပ်ခုန်လျက် နွေးထွေးပျော်ရွှင်စွာခံစားမိခြင်းပဲဖြစ်လေသည်။

☺ ☺ ☺






ခိုင်မင်းခန့်နှင့်ကြွေဝတ်မှုန်တို့ ချစ်သူဖြစ်ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံသောနေရာမှာ . . .

ပြင်ဦးလွင်မြို့အဝင် အနီးစခန်းနေရာအနီးမှ 'ခေတ်တော်ချိုင့်'မှာပဲဖြစ်လေသည်။

'ခေတ်တော်ချိုင့်'သို့ ဟိုးယခင်အခါများကသွား ရေးလာရေးခက်ခဲသဖြင့် သွားရောက်သူ နည်းပါ၏။

သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းထူထပ်များပြားလှလျက် လမ်းထွင်သွားကြရသည်ဆိုသည်။ လူတစ်ယောက်သာသွား၍ရသောလမ်းသေး လမ်းမွှားများမှ ခက်ခက်ခဲခဲသွားကြရ၏။ ကြိုးဖြင့်တွယ်တက်တွယ်ဆင်းရသော နေရာပင်ရှိ၍ဖြင့်လူသွားလူလာနည်းပါးကာ ခေါင်သောနေရာတစ်ခုပဲဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယခုအချိန်မှာတော့ . . ကားလမ်းပေါက်သောနေအထိ ကတ္တရာခင်းထားသောကားလမ်းမကြီးများက ဖြူး၍နေပြီ။

ကားမှဆင်းပြီး ခေတ်တော်ချိုင့်အထိသွားရသောမြေနီလမ်းမှာ ရှင်းလင်းပြန့်ပြူးသာယာလျက် လူတွေတစ်သိုက်ကြီးပြေးတက်ပြေးဆင်းပြုနိုင်သည်အထိ ‘ခေတ်တော်ချိုင့်’ လမ်းက သာယာခဲ့ပါပြီ။

မြန်မာနိုင်ငံ၏ အလှဆုံးရေတံခွန်အဖြစ်ထင်ရှားကျော်ကြားလောက်အောင် ‘ခေတ်တော်ချိုင့်’က လှပ၏။ ပြင်ဦးလွင်ရှိ ဘီအီးရေတံခွန်(ပွေးကောက်ရေတံခွန်များထက် အဆများစွာ သာလွန်လှပ၏။

မြင့်မားလှစွာသော တောင်ထိပ်မှ ဒလဟောဖြာဆင်းကျလာသော ရေတံခွန်မှရေသည် နေရောင်ခြည်တွင် တ လက်လက်တောက်ပကာ ကြည့်၍ကောင်းလှလေသည်။

တစ်ဆင့်ပြီးတစ်ဆင့်ကျလာသော ရေတံခွန်မှရေမှုန်ရေမွှားများက ‘ခိုင်မင်းခန့်’နှင့် ‘ကြွေဝတ်မှုန်’တို့စကားပြောနေသော ကျောက်စွန်းထိပ်ထိရောက်၏။

ရေတံခွန်မှရေအေးခေတ်၊ တောတောင်စိမ့်စမ်းများမှ အအေးခေတ်သည် လာရောက်သူအပေါင်း၏စိတ်ကို ညှတ်နူးအေးချမ်းစေလေသည်။





တဝေါဝေါကျဆင်းနေသော ရေတံခွန်မှ ရေတွေသံသည် နားစည်မှာနားထောင်၍မငြီးအောင်ရှိပါလေသည်။

စီးဆင်းကျလာသောရေက ကျောင်စိုင်ကျောက်သားတွေရှိသောနေရာမှာ ရေဆင်းချိုးနိုင်သည်အထိ တည်နေသဖြင့် အပန်းဖြေရေချိုးနေကြသူတွေ များလှလေသည်။

“သာယာလိုက်တာနော် . . အရမ်းအေးချမ်းတာပဲ”

ယခုမှရောက်ဖူးသော ခိုင်မင်းခန့်အတွက်တာတော့ အံ့ဩမျက်နှာနှင့် ကြည်နူးပီတိမဆုံးရှိနေလေသည်။

“ဟင် . . မင်းစောဆီ ခဏခဏရောက်တယ်ဆို ခိုင်မင်းခန့်ရဲ့၊ ဒီကိုမလာဘူးလား”

ကြွေ တကယ်အံ့ဩစွာမေး၏။

“ရောက်တာကတော့ ခဏခဏပဲ၊ ဒါပေမဲ့ . . ကြွေ့ကိုခုတစ်ခေါက်မှမြင်ဖူးသလိုပဲပေါ့ ကြွေရဲ့ခေတ်တော်ချိုင့်ကိုလည်း ခုမှရောက်တာ”

“ဒါတောင် . . ကြွေခေါ်လို့နော်၊ နင့်မို့ရောက်မှာတောင် မဟုတ်ဘူး”

“ကျေးဇူးအထူးတင်ရှိကြောင်းပါ ကြွေဝတ်မှုန်ခင်ဗျား”

လက်နှစ်ဖက်ဆုပ် ခေါင်းငုံ့ပြောပုံကြောင့် ကြွေရယ်မိ၏။

“သွား . . ဘာမှန်းလဲမသိဘူး၊ ပုံစံကိုက”

“သိပ်ချစ်စရာကောင်းတာပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဘာစကားတွေလျှောက်ပြောနေတာလဲ၊ ဘန် တော့ . . ကန်တော့လိုက် ခိုင်မင်းခန့်ရဲ့၊ ငရဲကြီးဘော့ မှာပဲ"

ကြွေ့ပုံစံလေးက အရမ်းကိုလန့်ဖျပ်သွားရပုံ လေးဖြင့် ဘာတွေတောင်းပန်ပြောဆိုနေမှန်းမသိ လက်အုပ်လေး ချီကာ တတွတ်တွတ်ရွတ်ဆိုနေလေသည်။ ခိုင်မင်းခန့်က အံ့အား သင့်စွာ ဟိုဒီကြည့်၏။

"ဟင် . . ဘာပြောမိလို့လဲ ကြွေရဲ့၊ ဘာမှမပြောတာ လည်းမဟုတ်ဘဲနဲ့"

"ဒီနေရာမှာ စကားပြောဆင်ခြင်ရတယ်ရှင့် သိရဲ့လား၊ တောကြီးတောင်ကြီးထဲမှာဆိုတာ သတိထားလေ"

"ကောင်းရော . . ကြွေရာ"

ချစ်သူနှင့်ဦးဆုံးအကြိမ်အဖြစ်တွေ့ဆုံစကား ပြောလိုကာမှ ကြွေ သတိပေးစကားကြောင့် ခိုင်မင်းခန့် ခေါင်း ကုတ်ရင်း မျက်ခုံးပင့်ကာ သက်ပြင်းရှိုက်ချလိုက်တာကိုကြည့်ကာ ကြွေ ရယ်လေသည်။

"ကြွေ . . ညာပြောတာမဟုတ်လား"

"ဘာလို့ညာရမှာလဲ၊ ဒါ . . ညာစရာမှမဟုတ်တာ ခိုင် မင်းခန့်ရဲ့ . . အတည်ပြောတာ၊ တချို့ . . မယုံမကြည် နဲ့မဟုတ်မဟပ်ပြောဆိုကြတဲ့သူတွေ ချက်ချင်းကို ဒုက္ခ ဖြစ်သွားကြတာပဲလို့ ကြွေတို့ သိထားရတယ်၊ ဟိုမှာ





တွေ့လား . . ဘုရားလေးတစ်ဆူ"

မလှမ်းမကမ်းမှာရှိသော မြေစိုက်ဘုရားလေး ကို ကြွေ လက်ညှိုးထိုးပြ၏။ ခိုင်မင်းခန့် ခေါင်းငုံ့ကြည့်လေသည်။

"အဲဒီဘုရားလေးက ဆုတောင်းပြည့်တယ်ပြောကြတယ် ခိုင်မင်းခန့်ရဲ့"

"အဲဒီခိုင်မင်းခန့် . . ခိုင်မင်းခန့်ဆိုတာကြီးက မဟုတ် သေးပါဘူး ကြွေရာ၊ ခေါ်ရတာ မပင်ပန်းဘူးလား"

"ဟင့်အင်း . . မပင်ပန်းပါဘူး၊ သုံးလုံးတည်းပဲဟာ၊ ထက် အာကာဝေယံမိုးမြင့်ဆိုရင်တော့ စဉ်းစားရမယ်လေ"

ကြွေ နောက်ပြောင်ပြောနေတာကို ခိုင်မင်းခန့် က မှုန်တေတေမျက်နှာဖြင့် စိုက်ကြည့်သဖြင့် ကြွေ မနေတတ်စွာ ပခုံးကိုလှမ်းပုတ်၏။

"ဘယ်လိုကြီးကြည့်နေတာလဲ . . အဲဒီပုံစံက"

"အဲဒီလိုပြောတာကျဘော့ရသလား"

"အင်း . . ရတယ်၊ နားရှက်စရာတွေသာမပြောရတာ . . သိရဲ့လား"

"ဟာ . . ဘယ်သူက နားရှက်စရာပြောမှာလဲ . . ကြွေ ကလည်း"

"တော်နေကြာ . . အမှတ်မထင်ပြောမိဆိုမိရင် မှားသွား မှာစိုးလို့တားရတာပါ ခန့်ရာ၊ သတိထား မမှားဘူးပေါ့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူးကွ . . ခန့်လို့ခေါ်တာ ခိုင်မင်းခန့်လို့ခေါ်တာ ထက်တော့ တော်သွားပြီ"

ခန့်မျက်နှာ ကြည်လင်ရွှင်ပျလာလေသည်။

"ခန့်ကို အထူးပြစရာရှိသေးတယ် သိလား"

"ဘာကိုလဲ"

"ဒီမှာကြည့် . . ဘာလဲလို့"

ကြွေပြောတော့ 'ဘာပါလိမ့်'ဟု ခိုင်မင်းခန့်စိတ်ဝင်စားစွာကြည့်၏။ ကြွေ၏အိတ်ထဲမှထုတ်လိုက်သည်မှာ နာမည်ထိုးထားသည့် (ဟိုနေ့က)လက်ကိုင်ပဝါပဲဖြစ်နေလေသည်။

"ဟင် . . ဒီလက်ကိုင်ပဝါကဘာလို့ယူလာရတာလဲ ကြွေရဲ့၊ ကျွန်တော် ပြန်မယူပါဘူး ပြောထားပြီးပြီပဲ"

"အင်းလေ . . ဒါ့ကြောင့် ဘုရားမှာလှူရမှာပေါ့ ခန့်ရဲ့၊ ခန့်အတွက်ဆိုပြီး လုပ်ထားပြီးနေမှ ခန့် မယူတာနဲ့ ယူတာ ဘာမှမကွာတော့ဘူးပေါ့၊ ဟောဒီမှာကြည့် . . ဘာလဲလို့"

ကေပလလပ်စ် ကေ ( K + K ) ဆိုသည့်စာလုံးလေး။

"ကေ (K) တစ်ခုက ခိုင်မင်းခန့်၊ နောက် ကေ (K)တစ်ခုက ကြွေလေ"

ခိုင်မင်းခန့်မျက်နှာက ကြည့်လင်ရွှင်ပျသွား၏။

"မဆိုးဘူးကွ . . ကြွေက စိတ်ကူးကောင်းတယ်"





"ကိုင်း လာ . . ဘုရားမှာသွားလှူကြမယ်"

"လှူတော့"

"ဩော် . . စိတ်ထဲမှာရှင်းသွားတာပေါ့ ခန့်ရဲ့၊ ပြီးတော့ ဆုတောင်းကြမယ်လေ"

ကျောက်တုံးမြင့်မှာတက်ထိုင်စကားပြောနေကြခြင်းကြောင့် ဆင်းရခက်၏။

ခန့်က ကြွေ့လက်ကိုဆုပ်ကိုင်ကာ ဖြည်းဖြည်းချင်းဆင်းစေ၏။ ပလတ်စတစ်အိတ်အကြည်လေးဖြင့်ထည့်ထားသော လက်ကိုင်ပဝါကို စေတီလေးမှာ ကပ်လှူကြ၏။

"ခန့် ဆုတောင်းနော်"

"ဘာဆုတောင်းရမှာလဲ"

"ကြွေဆိုမယ် . . လိုက်ဆိုနော်၊ ကျွန်တော် ခိုင်မင်းခန့်နဲ့ ကြွေဝတ်မှုန်တို့နှစ်ယောက်၏ နာမည်အတိုကောက်ရေးထိုးထားသောဤလက်ကိုင်ပဝါကို ဘုရားရှင်ကိုယ်တော်မြတ်အား ကိုယ်စားပြုလှူဒါန်းပူဇော်ပါ၏၊ ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော် တပည့်တော်မတို့ချစ်သူနှစ်ဦး ပေါင်းဆုံကြရပါစေသား"

ကြွေဝတ်မှုန်က 'ခန့်'ကြားသာရုံ တိုးတိုးဆို၏။ ခန့်က ထိုအတိုင်းလိုက်ဆို ဦးချပြီး ပြုံးကြည့်မိကြလေသည်။

"ဘာကြည့်ပြီးပြုံးနေတာလဲ"

"ကြွေက သိပ်စိတ်ကူးယဉ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . စိတ်ကူးယဉ်တာလား ခန့်ရဲ့၊ ခန့်ပဲပြောတာလေ၊ လက်ကိုင်ပဝါမပေးကောင်းဘူးဆိုတော့ ကြွေ လှူလိုက်တာပေ့ါ"

"ကြည့်စမ်း . . ဘုရားကိုတကယ်လှူချင်လို့မှမဟုတ်တာပဲ၊ လက်စသတ်တော့ . . ကြွေက စိတ်ဖြေတာပဲ"

ကြွေ ရယ်ရင်း ရေချိုးနေကြသည့်သူတွေဘက် လျှောက်လာကြလေသည်။

"ဒါပေမဲ့ . . ခန့်ပေးထားတဲ့လက်ကိုင်ပဝါကိုတော့ ကြွေ သိမ်းထားတာပါနော်"

"ဟင် . . ဘာလို့သိမ်းထားရတာလဲ ကြွေရဲ့၊ လွှင့်ပစ်လိုက်ရောပေ့ါ ကြွေရာ . . ညစ်ပတ်နေပြီဟာ"

"ဟင် . . ဘယ်ကလာ ညစ်ပတ်ရမှာလဲ၊ ကြွေ ဆပ်ပြာမှုန့်နဲ့ သေသေချာချာလျှော်ထားတာ သန့်သွားတာပါနော်"

"အင်းလေ . . ဒါပေမဲ့ . . ဘာလုပ်မှာလဲ"

"အမှတ်တရပေ့ါ ခန့်ရဲ့၊ ခန့်နဲ့တွေ့တဲ့အမှတ်တရအဖြစ်နဲ့ သိမ်းထားတာ၊ ပရုပ်လုံးလေးပါထည့်ထားသေး"

"ဟား ဟား . . ပေါ်ပြီ၊ ဒီကောင်မလေးက အစကတည်းက ဒီကောင်လေးကိုကြိုက်နေတာပဲ၊ ဒီလိုမှန်းသိ ဖွင့်မပြောဘဲထားပါတယ်ဗျာ . . ဟားဟား"

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ၊ မပြော





ကောင်းဘူး ခန့်ရဲ့၊ လာ . . ရေစိမ်ချိုးကြမယ်"

"ဟင် . . ဘာအဝတ်တစ်ခုမှလဲစရာမပါဘဲနဲ့ ကြွေရယ်"

"လာပါ . . ခန့်ရဲ့၊ ဒီအတိုင်းဆင်းချိုးကြမယ်၊ ဟော . . ပြီးရင်ကြည့်၊ ကားလမ်းမပေါ်ရောက်တာနဲ့ ဟောဒီရေစိုဝတ်တွေအားလုံး ခြောက်ကုန်ရော"

"တကယ်"

"အင်း . . တကယ်"

အေးစိမ့်နေသောရေထဲဆင်းစိမ်ကာ ကြွေနှင့် ခန့်တို့ တစ်ယောက်ကိုတစ်ယောက် ရေပက်ကစားရတာ၊ ရေစိမ်ချိုးရတဲ့အချိန်လောက်ပျော်စရာကောင်းတာမရှိတော့ပါ။

ပြီးနောက်မှာတော့ . . ရေစိုဝတ်ဖြင့်ပင် စက်ဘီးစီးပြန်လာခဲ့ကြ၏။

ကြွေ ပြောသလိုပင် . . ကားရပ်နားထားရာနေရာအရောက်မှာ ပူပြင်းလှသောနေရောင်ခြည်က ရေစိုဝတ်တွေအားလုံးခြောက်သွေ့စေလေသည်။



www.burmeseclassic.com

www.burmeseclassic.com










"သိပ်ပျော်ခဲ့ကြတယ်ပေါ့"

"ပျော်တာတော့ ဘာပျော်သလဲမမေးနဲ့ မင်းစော၊ ကြွေနဲ့ စောစောတွေ့ပြီး အစောကြီးကတည်းကချစ်သူဖြစ်ရရင် ဘယ်လောက်ကောင်းမလဲလို့တောင် တွေးမိတာ"

"မင်းကံကောင်းတာပဲ ခန့်ရဲ့၊ ကြွေ ကတကယ့်ကို အဖြူထည်ပဲ ကိုယ့်လူ၊ အချစ်ကိုလုံးဝ စိတ်မဝင်စားပါဘူးဆိုပြီး ဘယ်သူမှ အကပ်မခံခဲ့တာ၊ မင်းကျမှပါသွားတာဒါ တကယ်အံ့သြတယ်"

မင်းစောက မျက်နှာမပျက်အောင်ထိန်းပြောရင်းက အသံအဖျားခတ်တုန်ယင်သွားတာ သူသာသိ၏။

သူဘဝတစ်သက်တာမှာ ကြွေ့ကိုသာ နှလုံး

www.burmeseclassic.com

www.burmeseclassic.com



သားထဲမှနင့်သည်းစွာချစ်ခဲ့မိ စွဲလမ်းခဲ့မိတာ ဝန်ခံဖို့လိုအပ်လျှင် ဝန်ခံချင်လေသည်။

"ငါပေးတဲ့လက်ကိုင်ပဝါအတွက် အစားပြန်ပေးတယ်ကွာ၊ ငါက မကောင်းဘူးဆိုတော့ ဘာလုပ်တယ်မှတ်သလဲ မင်းစော"

"ဘာလဲ . . ဆိုင်မှာပြန်တင်ရောင်းသလား"

"ဗိုး . . ဘာလို့တင်ရောင်းရမှာလဲ မင်းဂ-လည်း"

ခိုင်မင်းခန့် မျက်ခုံးနှစ်ခု ရှုံ့တွသွားတာကြည့်ပြီး မင်းစော အသံထွက်ရယ်လေသည်။

"အမြတ်တနိုးသိမ်းဆည်းထားတယ်ဆိုပြီး မင်း ဘဝင်လေဟပ်နေတာသိလို့ ငါ တမင်ပြောတာ ခိုင်မင်းခန့်ရဲ့"

"အဲဒီလောက်က စကားထဲထည့်ပြောစရာလား"

မှုန်တေတေမျက်နှာက အပြုံးငွေ့ဝေလာပြန်လေသည်။

"မျက်နှာကိုက ခုပဲ ရှုံ့တွသွားလိုက် . . ခုပ နှားရွက်ကိုပါးစပ်အစွန်းနှစ်ဖက်တက်ချိတ်တော့မလို ကားသွားလိုက်နဲ့၊ ပုံစံကိုက . ."

မင်းစော အမြင်ကတ်စွာဆိုသည်။

ကြွေရယ် . . .

ကျွန်တော်သာ ခိုင်မင်းခန့်နေရာမှာသာဆို



ဘယ်လောက်ကောင်းလိုက်မလဲ . . .

ကြွေ့ကို နှမြောတသစွာ တမ်းတမိလေသည်။ နှလုံးသားထဲမှာနာကျင်ခြင်းဝေဒနာဖြတ်ဆင်း၏။

"ခာတ်တော်ချိုင့်က ဆုတောင်းပြည့်ဘုရားလေးမှာ လှူလိုက်တာကွ"

ဒီတစ်ခါတော့လည်း မင်းစော အံ့သြရပြန်သည်။

"ဟော . . လက်ကိုင်ပဝါဘာလုပ်ရမှာလဲ ဘုရားက"

"အဲဒီစကားကို ခာတ်တော်ချိုင့်ကအပြန်မှာ ငါ ကြွေ့ကိုပြောတော့ ကြွေက အလှူပစ္စည်းတစ်ခုအနေနဲ့လှူတာကွာ . . လှူလို့ရတယ်တဲ့၊ ဥမ္မာဒန္တီတုန်းက မွှေးကြိုင်တဲ့ပန်းတွေကပ်ပြီး အဆင်းလှရပါစေလို၏ဆုတောင်းသလိုမျိုးပေါ့၊ ခုလည်း . . လက်ကိုင်ပဝါက မျက်နှာတော်သုတ်ဖို့၊ ချွေးတော်သုတ်ဖို့အသုံးဝင်မှာပါတဲ့ . . လက်ကိုင်ပဝါထောင့်အစွန်းမှာ မေမေထိုးပေးထားတဲ့ 'ကော' ပုံစံမျိုး သူထိုးထားတာ၊ ငါ မယူတော့ ကေ(ပလပ်စ်) ကေ(K+K) ဆိုပြီးထပ်ထည့်တယ်"

"ကေတစ်လုံးက ခိုင်မင်းခန့်ဆိုတဲ့နာမည်ထဲက တစ်လုံးပေါ့၊ နောက် ကေတစ်လုံးက ကြွေဆိုတဲ့ဆီက 'ကေ'တစ်လုံးကို သူယူထားတာဖြစ်မှာပေါ့"

"ဟုတ်တယ် . . 'ကေ ပလပ်စ် ကေ'ဆိုတာ ငါတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပေါင်းကိုပြောတာ”

“ဆုတောင်းက မင်းတို့နှစ်ယောက်ပေါင်းရပါစေပေါ့ . . ဟုတ်လား”

ခိုင်မင်းခန့် ပြုံးပြုံးကြီးခေါင်းညိတ်၏။

“ဟုတ်တယ် . . ကြွေ စိတ်ကူး အင်မတန်ယဉ်တာပဲ၊ ငါထင်တောင် မထင်ထားဘူး”

“ကြွေ မင်းကို တကယ်မြတ်မြတ်နိုးနိုးနဲ့ချစ်တာ ခိုင်မင်းခန့်၊ တခြာမိန်းကလေးတွေလို ပေါ့ပေါ့တန်တန်စိတ်နဲ့ တွေ့တုန်းတွေ့ခိုက် ရောလိုက်တာမျိုးမဟုတ်ဘူး၊ ကြွေ့ကိုတော့ မင်း ပေါ့ပေါ့တန်တန်သဘောမထားစေချင်ဘူး”

“ဟိုတ်ကောင် . . မင်းပြောပုံကြီးက ငါကပဲ ရှုပ်ပွေနေသလိုမျိုးဖြစ်နေပြီ”

“အဲဒီသဘောမျိုးဖြစ်သွားရင် ဆောရီးပဲကွာ . . မင်းက ရုပ်ဖြူတယ် မျက်နှာချိုတယ်၊ ဒီတော့ ကောင်မလေးတွေသဘောကျကြတာ ငါအသိပဲလေ၊ ဥပမာကြည့် . . ဟိုဘက်အိမ်က နီလွင်တောင် မင်းကိုအရမ်းစိတ်ဝင်စားနေတာ ငါအသိပဲ”

“တော်စမ်းပါ . . ငါ စိတ်မဝင်စားပါဘူး၊ ငါ ကောင်မလေးတွေနဲ့ ရောတာ ရေလိုက်ငါးလိုက်နေတဲ့သဘောပါ၊ တကယ်ချစ်တာ ကြွေပဲကွ၊ ကြွေ့ကိုပဲယူမယ်”



“ကြွေ့အခြေအနေနဲ့ မင်းတို့အခြေအနေက အရမ်းတိုကွာနေတာနော် ခိုင်မင်းခန့် အန်ကယ်တို့အန်တီတို့သဘောတူတဲ့အနေအထားရှိမယ်မထင်ဘူး”

“မဆိုင်ပါဘူးကွာ . . ပေါင်းရမှာက ငါပါ၊ ငါ ချစ်တဲ့သူကိုပဲ ငါယူဖို့ စိတ်ပိုင်းဖြတ်ထားပြီးသားပါ”

“အေးကွာ . . ဒါဆိုလည်းပြီးရော၊ မှန်တာပြောရရင် အစောပိုင်းတုန်းက အဲဒါတွေ ငါသတိမရဘူးကွ၊ မင်းတို့ချင်းအဆင်ပြေပြီးမှ အဲဒါတွေခေါင်းထဲရောက်ပြီး ငါ ကြွေ့အတွက် တော်တော်စိတ်ပူသွားတယ်”

“ပူစရာလားကွာ . . မင်းကလည်း၊ ငါ့ကိုတောင်မယုံဘူးလား”

“မင်းကိုယုံပါတယ်၊ ဒါပေမဲ့ . . မင်းတို့အိမ်ကို မယုံတာ၊ တော်နေကြာမှ . . ပြဿနာဖြစ်လာရင် ကြွေ တော်တော်ခံစားရရှာမှာ၊ ကြွေ့စိတ်ကို ငါသိနေတယ်၊ သူတအလေးအနက်ထားပြီး မင်းကိုချစ်တာ”

“စိတ်ချ . . မင်းစော၊ ငါကလည်း ကြွေ့ကိုတကယ်ချစ်တာကွ၊ ကြွေ စိတ်မဆင်းရဲစေရဘူး၊ မင်းကို ငါ ကတိပေးတယ်”

“ကောင်းကွာ . . ဒါဖြင့်လည်းပြီးရော”

သူငယ်ချင်းနှစ်ယောက် လက်ဝါးချင်းပွတ်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com








"ခိုင်မင်းခန့်တဲ့သမီး .. ဖုန်း"

"လာပြီ .. မေမေ"

နာမည်ကြားလိုက်တာနှင့် သမီးမျက်နှာလေး ရွှင်ပျတက်ကြွလန်းဆန်းသွားကာ အပြေးလာရောက်ကိုင်ပုံက တခြားဖုန်းများနှင့်လုံးဝကွာခြားနေပါသည်။

ဒေါ်ဖြူဖြူက သမီးကိုငဲ့ကြည့်ပြီး ပင့်သက်ချမိ၏။

သမီးနှင့် ခိုင်မင်းခန့်ဆိုသည့်ကောင်ကလေး၏ ရင်းနှီးမှုပုံစံက တခြားသူတွေထက် ပိုမိုသာလွန်ခြင်းကြောင့် .. ချစ်သူတွေဖြစ်နေကြပြီဆိုတာ ငယ်ရာမှကြီးလာသူပီသစွာ ရိပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းခန့်၏ ရုပ်ရည် အပြုအမူအပြောအဆို အနေအထိုင်က ပြောစရာမရှိအောင်သိမ်မွေ့ကာ အထက်တန်းကျသူမို့ ငြင်းစရာမရှိပါ။

သို့သော် . . .

တစ်နယ်တစ်ကျေးမှဖြစ်လျက် ခဏတစ်ဖြုတ်လာရောက်လည်ပတ်သူဖြစ်ခြင်းကြောင့် . . တော့်နေကြာ . . .

ဒေါ်ဖြူဖြူက 'တော်နေကြာ'ဟူသောအတွေးကို ဆက်မတွေးရဲဘဲ ပင့်သက်ချမိလေသည်။

'မင်းစော'နှင့်သာ သမီးတို့ရင်နှီးကျွမ်းဝင်မှုရှိခဲ့ပါက ဘယ်လောက်ကောင်းလိုက်လေမလဲ။

'မင်းစော'က ဒီမြို့မှာအနေကြာလာခြင်းကြောင့် ခာတ်သိဖြစ်နေခဲ့ပြီ။ သမီးအပေါ်မှာလည်း တကယ့်ကိုနှစ်နှစ်ကာကာမေတ္တာရှိတာ(သားသမီးအပေါ်မှာ အရိပ်တကြည့်ကြည့် အကဲခတ်နေခဲ့သော မိခင်ပီသစွာ) ရိပ်မိခဲ့ပြီးဖြစ်၏။

ယခုတော့ . . မင်းစောနှင့် သမီးကြွေဝတ်မှုန်တို့၏ကြားမှာ . . ဘယ်လိုက ဘယ်လို ခိုင်မင်းခန့်က ပေါ်လာမှန်းမသိ။

တယ်လီဖုန်းပြောတိုင်း . . ပင်ကိုယ်သံဖြင့်ပြောလေ့ရှိသော သမီး၏အသံက ခိုင်မင်းခန့်နှင့်ပြောဆိုသောအခါ တိုးတိုးလေးပြောခြင်းကြောင့် သင်္ကာမကင်းရှိခဲ့တာကြာပြီ။ ပုံမှန်မဟုတ်သောအပြုအမူ အပြောအဆိုကြောင့် ချစ်သူတွေဖြစ်နေ





လောက်ပြီဟု ရိပ်မိကာ ရင်ပူနေလေသည်။

"ဘာလိုချင်လို့လဲကွယ်"

ဆိုင်ထဲသို့ လှဝင်လာတာကို ကြွေမသိပါ။ ကြွေက တစ်လောကလုံးမှာ သူတစ်ယောက်တည်းရှိသလို တွတ်ထိုးပြောနေခြင်းကြောင့် ဒေါ်ဖြူဖြူကပဲ အသံပြုရ၏။

"ဖုန်းပြောချင်လို့ပါ၊ တော်တော်ကြာအောင်စောင့်ရဦးမလားမသိဘူး"

အမျိုးသမီးအကြည့်က ကြွေ့ထံရောက်၏။

"ဪ . . ပြီးပါပြီ . . ပြီးပါပြီ . . ချခိုင်းလိုက်မယ်လေ၊ သမီးရေ . . အရေးတကြီးကိစ္စရှိရင်မြန်မြန်ပြော၊ ဒီမှာ ဖုန်းပြောမဲ့သူရောက်နေပြီ"

ဒေါ်ဖြူဖြူက သမီးအနားကပ်ကာ ပခုံးကိုသက်ဝါးလေးဖြင့်ပုတ်ပြော၏။ ထိုအခါမှ ကြွေက နောက်မှာရောက်နေသူကိုသတိထားမိကာ လှည့်ကြည့်ပြုံးပြလျက် 'ခဏနော် ပြီးပါပြီ' ဟုအသံပြု၏။

"ဒါပဲနော် . . ခန့်၊ ဟိုမှာ ဖုန်းပြောမဲ့သူရောက်နေပြီ သိလား"

နှုတ်ဆက်ပြောသံနောက်မှာ 'အင်း . . အင်း' သံလေးတွေ ထပ်ကြားနေရလေသည်။

ခဏအကြာမှာ ကြွေ ဖုန်းချ၏။

'ရပါပြီ'တု ဖုန်းပြောမည့်သူကို လှည့်ပြီးပြုံး



www.burmeseclassic.com

www.burmeseclassic.com



ဝေ့သီသောမျက်နှာဖြင့် အိမ်ပေါ်ပြန်တက်လာခဲ့၏။

"အဲဒီခိုင်မင်းခန့်ဆိုတဲ့ကောင်လေးက မောင်မင်းစောတို့အိမ်ကဧည့်သည်ဆိုတာမဟုတ်လား"

ဒေါ်မြမြက ပန်းသည်းတွေနေရာတကျစီနေရာမှ သမီးကိုလှည့်မကြည့်ဘဲ ခပ်တိုးတိုးမေးသဖြင့် ကြွေ့ခြေလှမ်းလေး တုံ့ဆိုင်း၏။

"ဟုတ်ထယ်လေ . . မေမေ ဟိုတစ်ခါ မင်းစော နဲ့ပါလာခဲ့သေးတာပဲ"

"သမီးနဲ့တော်တော်ခင်နေကြတာပဲ"

ကြွေ ရယ်လေသည်။

"မင်းစောနဲ့တောင်မှ ဖုန်း အဲဒီလောက်ကြာကြာပြောတာ မေမေမတွေ့ဖူးသေးဘူး"

"အဲဒီမင်းစောလောက် စကားနည်းတာ မင်းစောပဲရှိတာ မေမေရာ၊ စကားက မပြောရသေးဘူး . . ဒါပဲနော်ဆိုပြီးချတတ်တဲ့သူပဲဟာ၊ စကားပြောစရာ ဘယ်ရှိမှာလဲ"

"မောင်ခိုင်မင်းခန့်နဲ့ကျတော့ ပြောစရာစကားတွေမကုန်နိုင်အောင်ပဲဆိုပါတော့ . . ."

"မေမေနော်"

မေမေ၏ ကျီစယ်နောက်နေမှန်းသိသဖြင့် ကြွေ ရှက်ရယ်ရယ်ကာ အော်လေသည်။

"ပြီးသွားပါပြီ . . ဘယ်လောက်တျသလဲ"



တယ်လီဖုန်းပြောသူထံမှ အသံကြားရ၏။

ကြွေက နာရီကိုလှမ်းကြည့်၏။ တယ်လီဖုန်းစကားစတင်ပြောဆိုပြီးတာနှင့် နာရီမှတ်တတ်သောအကျင့်ကို ကြွေရော မေမေပါ မြူတတ်နေခဲ့ပြီ။

မိနစ်နှင့်ပိုင်းခြားယူရသောတန်ကြေးငွေအတွက် ကြွေတို့မှာ အမှတ်အသားမဖြစ်၍လည်းမရပါ။

ကြွေ ငွေပြန်အမ်းပြီး အနီးပြန်ရောက်လာသည်နှင့် ဒေါ်မြမြက ကြွေ့မျက်နှာကို လှမ်းကြည့်၏။

"တခြားအမေတွေဆိုရင်တော့ ဒီကိစ္စကို မသိသလိုနေလိုက်မှာပဲထင်တယ်၊ မေမေကျတော့ ဒီအမေနဲ့ ဒီသမီးနှစ်ယောက်တည်းရှိတာဆိုတော့ နည်းနည်းလောက်တော့ မေးချင်တယ်"

ကြွေ၏ခြေလှမ်းကလေးတွေ တုံ့ခနဲဖြစ်သွား၏။ မိခင်ကိုကြည့်သောအကြည့်မှာ စိုးရိမ်မကင်းဖြစ်ပုံ အထင်းသားပေါ်လေသည်။

"မေမေက ဘာမေးချင်တာလဲ"

ပြောရင်း အနီးသို့ လှမ်းလာသောခြေလှမ်းမှာ ထက်မြက်သွက်လက်ဟန်ပျောက်လျက် နှေးကွေးတုံ့ဆိုင်းသွားလေသည်။

"ထိုင်ပါဦးကွယ်"

မေမေ မေးဆတ်ပြရာ မေမေ့အနီးမှာ ထိုင်

www.burmeseclassic.com



ရင်း ကြွေ ရင်ခုန်ကာ ခြေဖျားလက်ဖျားအေးစက်လာ၏။ မေမေ့ စကားအပြောအဆို အမူအရာ အပြုံးကိုကြည့်ရုံဖြင့် 'ခန့်'အကြောင်းမေးတော့မှာကို အလိုလိုသိလာလေသည်။

"မေမေ . . ခန့်အကြောင်း မေးမလို့ထင်တယ်"

ဒေါ်ဖြူဖြူ သဘောကျစွာ ရယ်လိုက်၏။

"အစစ်ပါပဲ၊ မေမေ့သမီးကို . . မေမေ မေးဖို့လိုအပ်သလားလို့ပါ၊ ခိုင်မင်းခန့်ဆိုတာကို မေမေတွေ့ရတာ သိပ်မကြာလှသေးဘူး၊ အဲဒီလိုပဲ . . သမီးတို့ချင်း တရင်းတနှီးရှိတဲ့အချိန်ကလည်း သိပ်ကြာဦးမယ်မထင်ဘူး"

ကြွေ ငြိမ်နားထောင်နေရာက ပင့်သက်ချ၏။

"ဟိုတစ်လောက သူလာပြီမှ ရင်းရင်းနှီးနှီးဖြစ်ခဲ့ကြတာ မေမေ"

"ဒါဆို . . 'လ'ပိုင်းပဲရှိသေးတာပဲ၊ သမီး သူ့ကို ချစ်သူအဖြစ် လက်ခံလိုက်တာ စောလွန်းမနေဘူးလား"

ကြွေ၏မျက်ခုံးလေး ပင့်တက်ကာ မေမေ့ကို နားမလည်သလိုကြည့်မိလေသည်။

"စောတယ်လို့ မေမေဘာလို့ပြောတာလဲဆိုတာ . . သမီး မသိဘူး"

"ခိုင်မင်းခန့်အကြောင်း သမီးဘာသိသလဲ၊ ချမြင် . . ခုတွေ့ . . ချကြိုက် ဆိုတာမျိုးက သိပ်မကောင်းလှဘူး"

ကြွေ၏မျက်နှာ ကွက်ခနဲပျက်လေသည်။





"ခန့်ကို သမီးယုံကယ်၊ သူ . . သမီးကိုတကယ်ချစ်တာ သမီးသိတယ်၊ မေမေက ခန့်ကို မယုံတာလား"

"သမီးမသိသေးတာတွေရှိသေးတယ်လေ"

"ဟင် . . ."

မေမေ့ကို ယခုမှမြင်ဖူးတွေ့ဖူးသူတစ်ယောက်လို ကြွေ တအံ့တသြကြည့်မိ၏။

"ဥပမာ . . သူ့မိဘဆွေမျိုးအကြောင်း၊ သူ့အသိုင်းအဝိုင်း သူ့ပတ်ဝန်းကျင်၊ သူ့အဆင့်ကို သမီးဘယ်လောက်သိသလဲ"

ကြွေ မျက်လွှာလေးချကာ ပင့်သက်ချ၏၊ ပြီးမှ စိတ်မောလှသောအကြည့်ဖြင့် မျက်လွှာပင့်ကြည့်လေသည်။

"ကန်တော့နော် မေမေ . . . သမီး မသိလို့ပါ၊ လူတစ်ယောက်ကိုချစ်တာ အဲဒီလောက်အထိလိုအပ်လို့လား"

"လိုတာပေါ့ သမီးရယ်၊ သမီးရင်ဆိုင်တွေ့ရမယ့်သူတွေဟာ ဘယ်လိုလူမျိုးတွေလဲဆိုတာလောက်တော့ သမီးသိသင့်တာပေါ့"

"ခန့်က ရန်ကုန်ကပဲ၊ မင်းစောတို့မိသားစုနဲ့ နှစ်အိမ်တစ်အိမ်လောက်ကို ရင်းနှီးဂျွမ်းဝင်ခဲ့တာတဲ့"

"ခန့်မိဘတွေက ဘယ်သူ ဘယ်ဝါဆိုတာတောင် မေမေ့သမီးလေး စိတ်မဝင်စားခဲ့ပါလား"

ဒေါ်ဖြူဖြူ စိတ်မောစွာ ပင့်သက်၏၊ ကြွေ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားလေးဖြစ်သွားလေသည်၊

"အရေးအကြီးဆုံးက ခန့်ရဲ့စာရိတ္တ ပင်ကိုယ်စိတ်ထားနဲ့ ကြွေ့ကို တကယ်ချစ်ဖို့က အဓိကပဲမဟုတ်လား မေမေ၊ ခန့်က ပင်ကိုယ်အရည်အချင်းရှိတဲ့ ဆေးကျောင်းသား တစ်ယောက်ပဲဟာ"

"သူ့မိဘတွေက သူတို့သားနဲ့ပတ်သက်ရင် အရမ်းကိုမျှော်လင့်ထားကြလိမ့်မယ်လို့ရော သမီး မထင်ဘူးလား"

"သမီးမှန်တာပြောရရင် 'ခန့်'တစ်ယောက်ကိုပဲ ခေါင်းထဲမှာထည့်ထားတယ် မေမေ၊ ကျန်တာ လုံးဝမစဉ်းစားမိတာအမှန်ပဲ . . သမီး ဝန်ခံပါတယ်"

"မေမေကျတော့ မိခင်တစ်ယောက်အနေနဲ့ သမီးအတွက် တကယ်စိတ်ပူခဲ့တယ် ကြွေ၊ မေမေ့ဘဝမှာ မေမေ့သမီးလေးက မေမေ့အတွက် အသက်တမျှအရေးကြီးတယ်၊ ဒါကြောင့် . . ခိုင်မင်းခန့်နဲ့တွဲသွားတွဲလာလုပ်တော့ သတိထားကြည့်နေမိတယ်၊ ခုတလော ခိုင်မင်းခန့်ပျောက်သွားတော့ စိတ်ပူခဲ့တာအမှန်ပဲ"

"ဆောရီး မေမေ၊ သူ ရန်ကုန်ပြန်သွားတာ သမီးမပြောမိဘူး၊ သူက ဟောက်(စ်)မဆင်းခင် လာလည်တာ"

"မေမေသိတယ် . . မောင်မင်းစောကို မေမေ မေးကြည့်ခဲ့ပြီးပြီ"

"အဲဒါနဲ့များ မေမောလည်း . . သိရက်သားနဲ့"





ကြွေ့မျက်နှာလေးက ချွန့်ဟန်ဟိုတာ အမေ့ပခုံးပေါ် ခေါင်းလေးမှီတင်လေသည်။ ဒေါ်ဖြူဖြူက မျက်နှာပေါ် ကျနေသော သမီး၏ဆံပင်ကိုသပ်တင်ပေးလေသည်။

"သိလို့ ပိုပြီးစိုးရိမ်သွားရတယ်"

"ဟင် . . ဘာရယ် . . ဘာစိုးရိမ်စရာရှိသလဲ"

ဒေါ်ဖြူဖြူ၏ပခုံးပေါ်မှ ကြွေ၏ခေါင်းလေး ကြွတက်သွား၏။

"အဲဒီမောင်ခိုင်မင်းခန့်တို့ဘက်က ငွေကြေးမနေ ပြည့်စုံကြတယ်၊ မောင်မင်းစောတို့ထက် အဆပေါင်းများစွာ ချမ်းသာတယ်ဆိုတာတစ်ခုတတော့ မေမေ့ရင်ကို အင်အားကြီးမားတဲ့လက်နက်ကြီးတစ်ခုနဲ့ ထုလိုက်သလိုပဲ"

"ဟင် . . ဘာဆိုင်လို့လဲ မေမေကလည်း"

"လူဆိုတာ ပညာရှိတော့ ပညာမာန၊ ဥစ္စာရှိတော့ ဥစ္စာမာနတက်တတ်ကြတာလေ၊ တော်နေကြာ သမီးအပေါ်မှာ အဲဒီမာနတွေနဲ့ ဖိနှိပ်ခံရမှာမျိုး မေမေမလိုချင်ဘူး၊ မေမေက သမီးဘဝကို ငြိမ်းချမ်းအေးဆေးစေချင်တာ၊ ပြဿနာတစ်ခုခုဖြစ်မှာ . . အဆင်မပြေဖြစ်မှာ မေမေ အရမ်းစိုးရိမ်တာပဲ"

ကြွေ မေမေဒေါ်ဖြူဖြူ၏ပခုံးနှစ်ဖက်ကို သိမ်းဖက်လိုက်၏၊ ပါးကို ရှိုက်နမ်းလိုက်၏။

"စိတ်ချပါ မေမေရဲ့၊ အဲဒီလောက်ကြီး မစိုးရိမ်ပါနဲ့၊ ခန့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားက ဖြည့်ပါတယ်၊ သမီးကို ဒုက္ခပေးမဲ့ လူစားမျိုးမဟုတ်ဘူးလို့ သမီးယုံတယ်"

"အင်း . . သမီးယုံကြည်ရင်ပြီးတာပါပဲ၊ မေမေကျတော့ အမေ့မဟုတ်လား၊ စိုးရိမ်တာကတော့ စိုးရိမ်တာပါပဲ၊ ဟော . . ဟိုမှာ ဝယ်သူလာပြီး အချွဲမလေးရဲ့၊ ထ . . တကတဲ . . သူ့ကိုယ်သူ ကလေးပိစိကွေးကျနေတာပဲ"

ကြွေ သဘောကျစွာရယ်ပြီး မေမေ့ကိုဖက်ထားရာမှ လက်လွှတ်ပေးလိုက်လေသည်။

☺ ☺ ☺



## ၁၄

"ကောင်းကွာ . . ဖြစ်လိုက်မှဖြင့်အရာရာနဲ့ အကြောင်းကြောင်းပါပဲလား လုမေရာ၊ မင်းကို ငါခန့်မိတာ ငါးပါးတောင်မကဘူး . . သံသာစင်ပါမှောက်တာပါပဲလား ဟင် . . ကိုင်းပြော၊ အဲဒီတော့ အခု ဘယ့်နဲ့လုပ်ကြမလဲ"

ဖေဖေ ဦးဉာဏ်လင်းခန့် ဖုန်းပြောနေသောအသံကြောင့် ခိုင်မင်းခန့်ရော ခမမေခေါ်ခင်ဖုန်းဝေပါ အလန့်တကြားဖြစ်ကြရလျက် ဦးဉာဏ်လင်းခန့်ဘံမျက်စိအကြည့် စွေခနဲရောက်ကြလေသည်။

တက်ခေါက် ဆူပူ ပြောဆိုအော်ဟစ်သံက ဖုန်းထဲမှတစ်ဆင့်ကြားနေရမည့် ဒရိုင်ဘာလုမေမပြောနှင့် ခန့်တို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ ထပြေးချင်စိတ်ပေါက်ရအောင် နားဆူလေသည်။

“ဟော့ကောင် . . ငါကြားချင်တာ မင်းဆီက ဆင်ခြေဆင်လက်တွေမဟုတ်ဘူး၊ ‘ကား’ ဘာဖြစ်သွားသလဲ . . အဲဒါ ငါမေးနေတာ”

“သွားလိုက်စမ်းပါ သားရယ်၊ နည်းနည်းဝါးပါးအကျိုးအကြောင်းသွားမေးကြည့်ပါ၊ ဟိုမှာ . . သူ့အော်တာနဲ့တင်လန့်ပြီး ဘာပြောရမှန်းမသိဖြစ်နေသလိုပဲ”

မေမေ ဒေါ်ခင်ဖုန်းဝေ တီးတိုးပြောခြင်းကြောင့် ခန့် ထလာခဲ့၏။ ဖခင်မြင်သာမည့်နေရာမှာ ခိုင်မင်းခန့် မျက်နှာပြုရပ်လေသည်။

“ကျွန်တော်မေးကြည့်လိုက်မယ် ဖေဖေ၊ ဘာဖြစ်သွားသလဲလို့”

“နေ . . မလိုဘူး၊ ကား ပါကင်ထိုးတာ တခြားကားနဲ့ငြိသွားလို့ စကားပြောနေရတယ်တဲ့လေ၊ ကိုင်း . . ဘယ်လောက်တော်လိုက်သလဲဆိုတာ”

ဦးညာဏ်လင်းခန့်က တစ်ဖက်ကကြားအောင် တမင်ကိုအသံမြှင့်ပြောတာဖြစ်လေသည်။

“အေး . . မင်းကိစ္စမင်းရှင်း၊ ဒီလောက်နဲ့ငါတို့ကိုခေါ်စရာမလိုဘူး၊ ဘယ့်နှကွာ . . မင်းအသုံးမကျတိုင်း ငါ့မှာလိုက်ရှင်းရပေါင်းများပြီ၊ ဒီတစ်ခါ . . မင်းတာဝန် မင်းယူ”





ဦးညာဏ်လင်းခန့်က ဒေါသဖြင့် ဖုန်းကိုအသံမြည်အောင်ချ၏။ ဖုန်းချအပြီးမှာပင် ဖုန်းခေါ်သံက တစ်ဆက်တည်းဆိုသလိုပေါ်လာသဖြင့် တောက်တစ်ချက်ပြင်းထန်စွာခေါက်၏၊ ဖုန်းခွက်ကို ဆတ်ခနဲကောက်ယူပုံက မြန်၏၊ စိတ်ထဲမှာ လှဖေ ဆက်တာပဲဟု ထင်လေသည်။

“ဟော့ကောင် . . ငါပြောပြီးသားကွနော်၊ ဘာထပ်အထွန့်တက်မလို့လဲ . . ဘာရှည်မလို့လဲ”

ပြောရင်းမှ . . ‘ဟော’ ခနဲဖြစ်သွား၏၊ အကြည့်က ခိုင်မင်းခန့်ထံ ဝေ့ခနဲရောက်၏။

“ဖုန်းများမှားသလားဟင်၊ ခိုင်မင်းခန့်တို့အိမ်က မဟုတ်ဘူးလား”

မေးသံက သိပ်ပြီးနွဲ့ညှဲ့ပျော့ပျောင်းခြင်းမရှိသော မိန်းကလေးတစ်ယောက်အသံဖြစ်နေလေသည်။ ထိုအခါ ဒေါသ မိန်းကလေးထံရောက်၏။

“နေပါဦး . . မင်းက ဘယ်သူလဲ”

“ဖုန်းနံပါတ် ( . . . . . . . . )မဟုတ်ဘူးလား”

“ဟုတ်တယ် . . ဟုတ်တယ်၊ ငါမေးနေတာ မင်းဘယ်သူလဲမေးနေတာ”

ဒေါသဖြင့်ဟစ်အော်မေးသံကြောင့် တစ်ဖက်မှ ဖုန်းက ဖျတ်ခနဲချသွားခဲ့၏။

“ကွာ . . ဘာလဲကွ . . ဘယ်သူလဲဆိုတာတောင် မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် အဲဒီကောင်မလေးက ဘယ်သူလဲ"

ဒေါသအကြည့်၊ ဒေါသသံက ခိုင်မင်းခန့်ထံသို့ ရောက်လာခဲ့ကတည်းက ခန့်ရဲ့ဖုန်းပဲဖြစ်ရမယ်ဆိုတာ ခိုင်မင်းခန့် သိလိုက်ပြီ။ ကြွေပဲဖြစ်မှာပါ။

"ဟာ . . ဘယ်သိမလဲ၊ ဖေဖေကိုင်တာ . . ကျွန်တော် ကိုင်တာမှမဟုတ်တာ"

ခန့်စိတ်ပျက်စွာပြောပြီး လှည့်ထွက်မည်ပြု၏။ လှဖေထံရောက်နေသော ဖေဖေ့ဒေါသစိတ်က ထွက်ပေါက်အဖြစ် ခိုင်မင်းခန့်ထံရောက်၏။ ဖုန်းပြန်ချရာမှာ သေချာစွာမချမိဘဲရှိ လေသည်။

"ဟုတ်တယ် . . ငါကိုင်တာနဲ့ပဲ သူ ဘယ်သူပါဆိုတာ မပြောနိုင်တော့ ငါသိတဲ့အထဲကမဟုတ်တာသေချာ တယ် ခိုင်မင်းခန့်၊ မင်း ရှုပ်ရှုပ်ယှက်ယှက်တွေလုပ်ဖို့ တော့ စိတ်မကူးနဲ့နော်"

"ဟာ . . ဖုန်းလာတာနဲ့ပဲ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ရရော လား ဖေဖေရ၊ မဟုတ်သေးပါဘူး"

"ဟုတ်သားပဲ ကိုညာဏ်လင်းရယ်၊ ရှင့်မလဲ . . ဘာတွေ လျှောက်ပြောနေတာလဲ၊ သားလောက်အနေအေးတာ သားပဲရှိတဲ့ဟာ"

ဒေါ်ခင်ဖုန်းဝေ မနေသာဘဲ ဝင်တားရသည် အထိပါ။





"အေး . . အဲဒီအနေအေးလို့ကိုပဲ စိုးရိမ်ပြီးပြောရတာ ခင်ဗျ၊ ခုတလော လာလိုက်တဲ့ဖုန်းမှာ အဲဒီကောင်မ လေးအသံက အများဆုံးပဲ၊ ငါ ခဏခဏကိုင်မိတာ မှတ်မိပြီ၊ ပြင်ဦးလွင်က မဟုတ်လား၊ ခိုင်မင်းခန့် . . မှန်မှန်ပြောစမ်း"

ဦးညာဏ်လင်းခန့်၏ဒေါသမျက်နှာက ယခုပဲ ပေါက်ကွဲထွက်တော့မည့် ဘွိုင်လာအိုးလို ရှူးရှူးရှဲရှဲမြည်ကာ တင်းမာ ခက်ထန်နေလေသည်။

"မသိဘူးလေ . . ဘယ်သိမှာလဲ၊ သားမှကိုင်လိုက်ရတာ မဟုတ်တာ"

"မညာနဲ့ . . မင်းမျက်နှာက လိမ်လို့ညာလို့ရတဲ့မျက်နှာ လည်းမဟုတ်ဘဲနဲ့၊ စောစောက ဖုန်းဆက်နေတာ ဘယ် သူလဲဆိုတာ မင်းသိနေတယ်ဆိုတာ ငါသိတယ်၊ ပြင်ဦး လွင်ကပဲဖြစ်ရမယ်"

"အဲဒါနဲ့များဗျာ . . မေးနေရသေးတယ်"

ခိုင်မင်းခန့်က ရယ်ချင်စိတ် မျိုသိပ်ပြီးပြောရ ခြင်းကြောင့် မျက်နှာမှအပြုံးက ဖုံးမနိုင်ဖိမရ ပြုံးပြုံးကြီးကြီးပေါ် နေလေသည်။

"ဟော့ကောင် . . ဘာစကားလဲဟဲ့၊ အဲဒီစကားက၊ ဟာ ငါ့ကိုများ မင်းက . . ."

ညှော်ခန်းမှ အော်ကြီးဟစ်ကျယ်အသံကြောင့်

www.burmeseclassic.com



အိမ်ထဲမှအလုပ်သမား ခြံထဲမှအလုပ်သမားတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အပြေးအလွှား ပြေးချောင်းကြရသည်အထိ ဦးညဏ်လင်းခန့်အသံ ကျယ်လေသည်။

"ဟာဗျာ . . ဖေဖေကလည်း၊ သားက မဟုတ်တာတစ်ခု ခုလုပ်တာကျနေတာပဲ"

"ဟေ့ . . ဘယ်ကောင်တွေလဲ ချောင်းကြည့်တာ၊ ဟင် စံမောင် . . မင်းအဲဒီမှာ ဘာလုပ်နေတာလဲ"

မှန်ပြတင်းပေါက်နောက်ကွယ်မှ မျက်နှာကို ဦးညဏ်လင်းခန့်မြင်သွား၏။

"ဟိုကဟာတွေရော . . ဘာလာကြည့်စရာလိုသလဲ"

မျက်လုံးတစ်ချက်အဝေ့မှာပင် အတွင်းမှအသီးသီးချောင်းနေသော အိမ်ဖော်တွေကိုပါမြင်လေသည်။

တဟီးဟီး တဟားဟား ကျိတ်ရယ်တာ ဇက်ပုဝင်ပြေးသူတွေထံမှအသံက အားလုံးစုသွားတော့ ဦးညဏ်လင်းခန့်၏နားထဲအထိရောက်အောင် အသံထွက်၏။

"ဘာတွေလဲ . . ကိုယ့်အလုပ် ကိုယ်မလုပ်နိုင်ဘူး၊ လူတွေများ သူများကိစ္စ တော်တော်သိချင်ကြတဲ့ဟာတွေ . . ကွာ . . ငါပြောလိုက်ရမကောင်းဘူး"

ဒေါ်ခင်ဖုန်းဝေ ပြုံးပြီး ထိုင်ရာမှ ထ၏။ ရေခဲသေတ္တာရှိရာသွား၏။

"ပြောလိုက်ရ မကောင်းရင် . . မပြောနဲ့ ကိုညဏ်လင်း



ရယ်၊ ရှင့်မလဲ ထွက်လိုက်ရတဲ့ ဒေါသ၊ စိတ်ကြီးလိုက်တာက လွန်ပါရော၊ ခက်တော့တာပဲ"

ဦးညဏ်လင်းခန့်ထံ ဒေါ်ခင်ဖုန်းဝေ ပြန်လျှောက်အလာမှာတော့ စပ်ပြီးသားအသင့်ဖြစ်သော ပျားသံပရာရည်တစ်ခွက်ပါလာခဲ့၏။

"ရော့ . . သောက်လိုက်ဦး"

ဦးညဏ်လင်းခန့်မျက်နှာက စိတ်ဆိုးစိတ်ကောက်နေသောကလေးဆိုးလို မှုန်တေတေအကြည့်ဖြင့် ဇနီးကိုကြည့်ပြီး မျက်စောင်းထိုးလေသည်။

"ခင်ဗျားသိသလား၊ ခင်ဗျားသားက ရည်းစားတွေ ဘာတွေထားနေပြီထင်တယ်"

"ထားတာဘာဖြစ်သလဲ . . သားအသက်ကိုလည်းကြည့်ဦး၊ ကလေးပေါက်စနလေးမှမဟုတ်တာ၊ အသက်နှစ်ဆယ်တောင်ကျော်လာပြီ"

"ကျော် . . ဘာဖြစ်သလဲ၊ အဲဒါနဲ့ ရည်းစားထားရမယ်လို့ ဘယ်သူပြောသလဲ၊ ပြီးတော့ . . သူက ဆေးကျောင်းသား၊ သူများတွေဖြင့် စာအုပ်နဲ့မျက်နှာအပ်ထားတဲ့ကြားက စာတွေခက်လွန်းလို့ ငိုယိုကြရတဲ့အထိ၊ ဥမ္မာကိုဆိုရင်ပဲကြည့်လေ၊ ဘယ်လောက်တော်လိုက်တဲ့ကလေးမလေးလဲ၊ ဒီကြားထဲက အမှတ်အဆင့်မြင့်မှုလို့ ငိုတယ်တောင်ကြားရသေးတာ"

www.burmeseclassic.com

www.burmeseclassic.com



'ဥမ္မာကို'ဆိုတာကတော့ သူများထက်ထူးချွန်အောင်မြင်လိုစိတ်ဖြင့် အထူးကြိုးစားသူဖြစ်ပါသည်။

ဦးညာဏ်လင်းခန့်၊ ဒေါ်ခင်ဖုန်းဝေတို့မျက်စိအောက်မှာကြီးပြင်းလာခဲ့ကာ တစ်ချိန်မှာ မိမိနှင့်လက်ထပ်ပေးဖို့အထိ သဘောကျနှစ်မြို့က်နေကြတာ ခိုင်မင်းခန့်သိပါသည်။

"ခင်ဗျားသားကျတော့ . . . ဟုတ်ပေါင်၊ သွားလိုက်ရတဲ့ ပြင်ဦးလွင် . . ဆက်လိုက်ရတဲ့ဖုန်း၊ ညသန်းခေါင်တစ်ရေးနိုးလည်း စကားပြောသံကြားလို့ကြည့်လိုက် . . ခင်ဗျားသားစကားပြောနေတာ၊ အဲဒီတော့ စဉ်းစားကြည့်သူငယ်ချင်းနဲ့တော့ ဘယ်သူမှ အိပ်ရေးပျက်ခံစကားပြောမှာမဟုတ်ဘူး၊ ရည်းစားတွေဘာတွေရှိနေတာပဲဖြစ်ရမယ်"

"စာကျက်တာဗျာ . . စာမရလို့ စာမေးတာပဲရှိပါတယ် မဟုတ်ပါဘူး"

ခိုင်မင်းခန့်က ဖေဖေ့သားလေ၊ ပြိုင်ငြင်းဖို့ပြင်၏။ ဖေဖေ့လိုပဲ နှုတ်ခမ်းစူကာ မှုန်တေတေပြန်ပြောပုံက ဖခင်နှင့်တစ်ထေရာတည်းတူညီနေတော့တာပဲဟု ဒေါ်ခင်ဖုန်းဝေကြည့်ရင်း ပင့်သက်ချ၏။

"စာကျက်တာဆိုရင်တော့ ကောင်းပါတယ်၊ အပြင်ကိစ္စများလာရင်တော့ သားအတွက် သိပ်မကောင်းလှဘူးနော် သား၊ မေမေတို့ရည်မှန်းထားတာက သားကိုအထူး





ကုဆရာဝန်ကြီးဖြစ်စေချင်တာ၊ အမ်ဘီဘီအက်စ်လောက်နဲ့တော့ အခုခေတ်မှာ နေရာရဖို့မလွယ်ဘူးဆိုတာ သားသိပါတယ်"

မေမေဒေါ်ခင်ဖုန်းဝေပါ ဝင်ပါလာပြီဆိုတော့ ခိုင်မင်းခန့် မလွယ်တော့ပါ။ ပခုံးလေးတွန့်သွားရလေသည်။

"သေချာပါတယ် . . မရဖို့က"

ဦးညာဏ်လင်းခန့်အသံက သရော်သံပါကာ အပြုံးစွက်နေ၏။ ခိုင်မင်းခန့် ဆတ်ခနဲအကြည့်မှာ ဒေါ်ခင်ဖုန်းဝေနှင့်အကြည့်ချင်းဆုံသွားလေသည်။

"မရလို့ကတော့ ဖြစ်ကိုမဖြစ်ဘူး၊ အမေရိကားမှာ MD သွားဖြေခိုင်းဖို့အထိ 'ဥမ္မာကို'တို့မေမေနဲ့ ခင်ဖုန်းက တိုင်ပင်ပြီးသား ကိုညာဏ်လင်းရဲ့၊ သူတို့နှစ်ယောက်လုံးကိုလွှတ်မှာ၊ တော်နေကြာ . . 'ဥမ္မာကို'ကသွားရပြီး သားကျန်ခဲ့လို့ လုံးဝမဖြစ်ဘူး"

ဒီတစ်ခါ အသက်ရှူသံမြန်ဆန်ပြင်းထန်လာကာ စိုးရိမ်တကြီးဖြစ်သူက ဒေါ်ခင်ဖုန်းဝေပဲဖြစ်၏။

ဒီလိုပါပဲ။

ဖေဖေနှင့်မေမေတာ တစ်ခုခုဆို . . အလှည့်ကျပေါက်ကွဲထွက်ဖို့ တိုင်ပင်ထားသလိုပါပဲ။

တစ်ယောက်က ဒေါသတွေထွက် စိတ်တွေဆိုးနေရင် တစ်ယောက်က အေးဆေးစွာဘာမျှမဖြစ်သလိုနေတတ်မို့ ခိုင်မင်းခန့်အတွက်ကတော့ ဘာမှမထူးဆန်းတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း . . ဖေဖေက ငြိမ်ဆိမ်အေးဆေး သွားတော့ မေမေက တစ်မျိုးဖြစ်လာခဲ့၏။

"ဒါပဲနော် သား၊ သူများနဲ့ယှဉ်ရင် ကိုယ့်သားကအပြတ်အသတ်ပြုတ်ကျကျန်ခဲ့တာမျိုးနဲ့တော့ မေမေ့ကိုအရှက်မခွဲနဲ့"

"ဟာဗျာ . . မဟုတ်တာ မေမေကလည်း၊ စာမေးပွဲဗျ . . အပြေးပြိုင်သလိုယှဉ်လို့ရတာမှမဟုတ်တာ၊ 'ကံ'တရားကလည်းရှိသေးတာပဲ"

"မလို့ချင်ပါဘူး . . ဘာကံတရားလဲ၊ ကံတရားနဲ့လှည့်မခြောက်နဲ့နော် ခိုင်မင်းခန့်"

မေမေစိတ်ဆိုးရင် အဲဒီလိုပဲ နာမည်အပြည့်အစုံသုံးတတ်တာပါ။

"ကံဆိုတာ ပြုလုပ်ခြင်းပဲ၊ ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်ရမှာပဲ၊ အရေးအကြီးဆုံးက စာထဲမှာစိတ်ပါဖို့နဲ့ . . ဖြစ်ရမယ်ဆိုတဲ့စိတ်ပဲ၊ အခုချိန်မှာ ဟိုဒီ စိတ်ကစားတာ မေမေဘာမှမပြောချင်ဘူး၊ ယောကျ်ားပဲ ဒီလောက်ကတော့ရှိမှာပေါ့၊ ဒါပေမဲ့ . . သားရဲ့အဓိကရည်မှန်းချက်က အထူးကုဆရာဝန်တစ်ယောက်ဖြစ်ဖို့ပဲဆိုတာ သားသတိထားဖို့တော့လိုလိမ့်မယ်"

ဦးညဏ်လင်းခန့်က သဘောကျကျေနပ်စွာ ပြုံးပြီး ထိုင်ရာမှ ထ၏။

တော်ပြီ . . .





ဇနီးသည်၏ မပြီးနိုင်,မစီးနိုင်ပြောတော့မည့် ခာတ်ပြားဟောင်းကြီးကို သူကြိုသိနေ၏။

ဆုံးမစကားတွေကို . . နိပါတ်တော်တွေထဲက ဇာတ်လမ်း သာဓကတွေနှင့်ချီပြောတော့မှာက မြဝတီရုပ်မြင်သံကြားဇာတ်လမ်းတွဲရှည်များလို မပြီးနိုင်မစီးနိုင်ရှိတော့မှာလေ။

"ရှော့ကွ . . မောမယ်၊ ပျားသံပရာလေးသောက်လိုက်ဦး"

ရေခဲသေတ္တာထဲမှအသင့်စပ်ထားပြီးသော ပျားသံပရာရည်တစ်ခွက်ယူလာကမ်းပေးတော့ ဒေါ်ခင်ဖုန်းဝေက မျက်မှောင်ချီကာ မျက်စောင်းဆတ်ခနဲထိုးလေသည်။

"ဘာလဲ . . ရှင်က ဒါ ပြန်ရွဲ့တာပေါ့လေ"

"မောမှာစိုးလို့ကွာ . . မင်းက စေတနာကိုစော်ကားနေပြန်ပါပြီ"

နှစ်ယောက်သား အပြန်အလှန်မျက်စောင်းထိုးကြည့်ရင်း ရယ်မောနေကြချိန်မှာ . . ခိုင်မင်းခန့်က ထိုနေရာမှ အမြန်ဆုံးထ၍ထွက်ပြေးလာခဲ့လေသည်။

ဒီလိုမျိုးက . . ခိုင်မင်းခန့်တို့အိမ်ရဲ့ ဘယ်လိုမှ မရိုးနိုင်သော သမားရိုးကျအဖြစ်ပဲဖြစ်လျက် အင်မတန်မှချစ်စရာကောင်းသော မိသားစုဘဝလေးပဲဖြစ်သည်မို့ အဆန်းတကြယ် မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com










အဆန်းတကြယ်ဖြစ်လျက် စိတ်ထဲမှာ ဘယ်လိုမှတော့နပ်နိုင်စွမ်းမရှိတာက . . ကြွေဝတ်မှုန်ပဲဖြစ်လေသည်။

တယ်လီဖုန်းထဲမှထွက်ပေါ်လာသော တင်းမာပြတ်တောက်လှသည့် ဝေါက်သံက နားလိုက်ခေါင်းထဲ ဖိသိပ်ရစ်သွင်းခံရသလို . . နေထိုင်ရခက်လျက် စိတ်ထဲမကျေမချမ်းဖြစ်စေပါသည်။

"ဟော့ကောင်" ဟု . . ဖော်လိုက်သောအသံဆူပူကြိမ်းမောင်းပြောဆိုသောအသံက ကြွေဝတ်မှုန်နှင့်ဘယ်လိုမှပတ်သက်ဆက်စပ်၍မရသဖြင့် ဖုန်းခေါ်တာများ နံပါတ်လွဲမှားနိုပ်မိပြီလားဟု ပထမတော့ စိတ်ဖြေစရာရှိပါသည်။

'ဖုန်းများမှားသွာပြီလား"ဟု ထပ်မံမေးသော

www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါအမေးကို ညင်သာစွာဖြေဆို၍ရကောင်းပါလျက် . . . အော်ဟစ်ဆူပူကြိမ်းမောင်းမေးစရာလိုသတဲ့လား။

တောက် . . .

ကြွေ . . မကျေမချမ်းဖြစ်ကာ အံကြိတ်မိ၏။

"ဟုတ်တယ် . . ဟုတ်တယ် . . ငါမေးနေတာ မင်း ဘယ်သူလဲမေးနေတာ"

စိတ်တိုလှသောလေသံ . . .

ရိုင်းသမျှဒေါသတွေ ပွင့်ထွက်လာသောအသံ . .

တစ်လောကလုံးမှာရှိရှိသမျှလူတွေကို သူ အော်ငေါက်ဆူပူ၍ရကောင်းသည်ဟု ထင်မှတ်နေသူဟာ ဘယ်သူ ဖြစ်နိုင်သလဲ။

အသံအရ အသက်အရွယ်ကြီးမားနေပြီဆိုတာ သိသာသည်မို့ . . 'ခန့်'အဖေဖြစ်နိုင်သည်ဟုတော့ ကြွေ ခန့်မှန်းမိ၏။

ထို့ကြောင့်လည်း . . .

ကြွေ၏ပင်ကိုယ်စိတ်ရင်းက မဟုတ်မခံစိတ်ဓာတ်ရှိသူမို့ သူအော် ကိုယ်အော်ပြန်အော်လိုက်ရလျှင် စိတ်ကျေနပ်နိုင်ကောင်းပါ၏။ ယခုတော့ . . ခန့်မျက်နှာနှင့် အားလုံးကို ထောက်ထားငဲ့ညှာကာ ကြွေ သည်းခံလျက် ဖုန်းချရသဖြင့် ကြွေ့အသားတွေဆတ်ဆတ်တုန်ကာ ဒေါသလှိုင်းရိုက်ခတ်ကျန်ရစ်၏။

ဖုန်းကိုကြည့်ကာ . . မကျေမနပ်စိတ်က တင်ကျန်နေသည်။

နောက်တစ်ကြိမ်ခေါ်ကြည့်ချင်သည်။

ခန့်နှင့်တွေ့ချင်သည်။

အဲဒီလူ ဘယ်သူလဲ . . သိချင်သည်။

ခန့်အဖေဆိုပါက အဲဒီလောက်ကြီး တအား အော်ဒေါသထွက်နေရလောက်အောင် ခန့်ဆီ ဘယ်မိန်းကလေးတွေကများ ဖုန်းတစ်ဆက်တည်းဆက်နေလို့လဲ . . .

စိတ်ဆိုသည်က ကျယ်ပြော၏။

ဆန့်လေ ပြန့်လေ . . အတွေးနက်ရင် နက်သလောက် အနက်ရှိုင်းဆုံးထိ နစ်ဝင်နိုင်သောသဘောမှာရှိတာလေ။

ကြွေ . . စိတ်တိုစွာ ဖုန်းထပ်ခေါ်၏။

ဒီတစ်ခါအော်ရဲအော်ကြည့် . . ကြွေ ပြန်အော်မည်ဟု စိတ်ထက်သလောက် အစွမ်းပြဖို့ မာန်သွေးတာမှ . . ဖုန်းခေါ်မရဘဲ လိုင်းမအားပါဟူသော တတွတ်တွတ်သံလေးသာ မြည်၏။

အမှန်က . . ဦးညဏ်လင်းခန့် ဒေါသဖြစ်ဖြစ်နှင့်ချလိုက်သောဖုန်းက ဖုန်းလက်ကိုင်တန်းပေါ် တိကျစွာမကျဘဲ အံလွဲနေတော့ ဦးညဏ်လင်းခန့်ကိုယ်တိုင် သတိမပြုမိခဲ့သလို . . ခန့်တို့သားအမိလည်း မသိလိုက်ပါ။

ကြွေကျတော့ ဖုန်းခေါ်တာမရလေ . . ဒေါသဖြစ်လေဖြစ်၏။ စိတ်ကျေနပ်မှုရစေမည့် ပြောဆိုမှုမျိုးမရသေး၍ စိတ်တို၍နေလေပါ။







www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . ဆက်မရလည်းနေဟာ"

တယ်လီဖုန်းချသံက အသံကျယ်သွား၏။

"ဟဲ့ . . ကြွေ ဘယ်လိုဖြစ်နေတာလဲ"

ဒေါ်ဖြူဖြူက သမီးကိုလှမ်းကြည့်အော်၏။ သမီး မျက်နှာက စူပုပ်တည်တင်းနေတာကြောင့် အသက်တစ်ဝရှူကာပြန်ထုတ်ရင်း ပြုံး၏။

"တစ်ယောက်တည်း စိတ်တိုရန်ဖြစ်နေရတယ်လို့ အံ့ရော"

"တစ်ယောက်တည်းမဟုတ်ပါဘူးနော် . . ဟိုဘက်ကလူကိုစိတ်တိုနေတာ"

"ဟင် . . ဘာတွေပြောသွားလို့လဲ၊ ပြောစမ်း . . ခက်ပါတယ်၊ အဲဒီတယ်လီဖုန်းရှိတာလည်း တစ်ဒုက္ခပဲ၊တောင်ပြောမြောက်ပြောနဲ့ တကယ်စိတ်ပျက်ရတယ်"

ကြွေ . . စိတ်ညစ်ရာက ရယ်ချင်သွားရလေသည်။

"အာ . . မဟုတ်ပါဘူး မေမေရဲ့၊ မေမေပြောတာ တစ်ခုမှမဟုတ်ဘူး"

"ဒါဖြင့် . . ဘာဖြစ်နေတာလဲ၊ တယ်လီဖုန်းကြည့်ပြီး အံ့ကြိတ်ဒေါသဖြစ်နေတော့ တောင်ပြောမြောက်ပြော . . ပြောခံရပြီထင်တာပေါ့"

"မဟုတ်ပါဘူး၊ စောစောက ခန့်ဆီ ကြွေ ဖုန်းဆက်လိုက်





တာ၊ ဟိုဘက်က ဘယ်သူကိုင်တယ်မသိပါဘူး၊ စကားကြီးကျယ်မောက်မာလို့ ကြွေ ဒေါသဖြစ်နေတာ"

ဒေါ်ဖြူဖြူ မျက်လုံးပြူးသွား၏။

"ဘုရားရေ . . သမီးကို ကြွေဝတ်မှုန်မှန်းသိလို့ပြောတဲ့အပြောမျိုးလား"

ရင်တုန်စွာမေးရင်း ရင်ဘတ်ကိုလက်ဖြင့်ဖိမိ၏။ ကိုယ်က သမီးရှင်ဖြစ်နေခြင်းကြောင့် ဖုန်းဆက်တာကို အထင်အမြင်သေးကာ ရှုချပြောဆိုခြင်းမျိုးဖြစ်မှာ တွေးပူတွေးကြောက်လေသည်။

"သိတဲ့ပုံမပေါ်ပါဘူး၊ အသားလွှတ်ဟောက်တာခံလိုက်ရတာ၊ ကြည့်ရတာတော့ . . အရမ်းကိုဒေါသဖြစ်နေပုံပဲ"

ထိုအခါမှ . . ဒေါ်ဖြူဖြူ ပြုံးနိုင်လေသည်။

"ဒါဆို . . သူဟာနဲ့သူ စိတ်တိုနေရာက သမီးကို အဖျားခတ်သွားတာပေါ့ ကြွေရဲ့၊ အလကားအပင်ပန်းခံလို့"

"မဟုတ်ပါဘူး၊ စိတ်တိုတာနဲ့ပဲ လူတကာကို အော်ငေါက်လို့ရမလား မေမေရဲ့၊ ကြွေ့မှာလည်း စိတ်နဲ့ပဲလေ၊ ကြွေစိတ်မတိုရတော့ဘူးလား"

"ခန့်ဆိုရင်တော့ ဟုတ်တယ်လေ၊ သမီးပြောပုံအရဆို . . ဟိုဘက်က ဘယ်သူမှန်းမှမသိတာ၊ ထပ်ဆက်ကြည့်ပါဦးလား"

"ဆက်တယ် . . မရဘူး၊ လိုင်းကိုမအားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . တစ်ခုခုအလုပ်များနေကြတဲ့ပုံပဲ၊ စိတ်လျှော့လိုက်၊ သမီးစိတ်က ထစ်ခနဲရှိတိုင် ထိပ်ရောက်အောင်စိတ်ကြီးတတ်တာ သိပ်မကောင်းလှဘူး၊ အမှားအမှန်ဝေဖန်ပိုင်းခြားဖို့ခက်တာပေါ့"

ကြွေ မျက်မှောင်ကလေးတွန့်၏။

"ခန့်မှာ . . အဲဒီလောက် စကားပြောမောက်မာတဲ့အဖေရှိနေရင် ကြွေနဲ့ဘယ်လိုမှတည့်မှာမဟုတ်ဘူး"

စိတ်ထဲမှတွေးနေစဉ်မှာပင် တယ်လီဖုန်းခေါ်သံပေါ်လာလေသည်။

ကြွေက ဖုန်းကိုင်မည်ပြုပြီးမှ မေမေ့ကိုလှမ်းအကြည့်၊ မေမေကြည့်နေတာနှင့်ဆုံလေသည်။

"မေမေကိုင်ပေးပါ . . ကြွေ စိတ်တိုနေတယ် ဖုန်းမကိုင်ချင်ဘူး"

မေမေ ဖုန်းကိုင်ပေးလေသည်။

"ဪ . . ခဏကိုင်ထားနော်"

ဒေါ်မြမြက 'ခိုင်မင်းခန့်'ဟု အသံမြုကာ ဖုန်းလှမ်းပေးလေသည်။

"ဟင့်အင်း . . ဘာပြောမလို့လဲ မေးပေးပါ မေမေ၊ သမီးမကိုင်ချင်ဘူး"

ဒေါ်မြမြက 'ဖြစ်ရမယ်'ဟု အသံထွက်ညည်း၏။





"ကြွေ . . ဘာစိတ်ကောက်တယ်မသိဘူး၊ မကိုင်ဘူးပြောနေတယ် ခိုင်မင်းခန့်ရဲ့ . . ဘာပြောမလို့လဲ၊ အန်တီဘာပြောပေးရမလဲ . . ပြောလေ"

"..........................."

"ဪ . . ဟုတ်တယ်၊ သမီးဖုန်းဆက်တာပဲ၊ အဲဒီဘတ်က ဟောက်လိုက်လို့တဲ့ . . စိတ်တိုနေတယ်"

စကားအပြောအဆိုအရ ကြွေ ဖုန်းဆက်မှန်းတစ်ဖက်မှသိတာသေချာလေသည်။ ထိုအခါ . . ဒေါသစိတ်တလှစ်ခနဲထွက်၏။ ဖုန်းကို မိမိဘယ်လိုလှမ်းယူလိုက်မိမှန်းပင် ကြွေမသိပါ။

"ဘာလဲ . . ဘာပြောမလို့လဲ၊ ဒီမှာ . . ဘာမှပြောစရာမရှိဘူး . . မဆက်နဲ့၊ ဆက်စရာမလိုဘူး"

"ဟဲ့ . . ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်မြမြက ကြွေ ဖုန်းချတာကြည့်ပြီး အံ့အားသင့်သွားရလေသည်။ ကြွေ့မျက်နှာထားလေးက တင်းနေလေသည်။

"ချလိုက်တာလေ၊ ကြွေ ခံထားရတာမကျေနပ်လို့ ပြန်ချလိုက်တာ"

"ဟဲ့ . . ဘာချေစရာလိုသလဲ၊ ခိုင်မင်းခန့်အဖေက ဘယ်သူမှန်းမသိလို့စွတ်ဟောက်တာပဲဟာ၊ ပြီးတော့ . . ကိုယ်က မိန်းကလေး၊ စကားအပြောအဆိုဆင်ခြင်ရ

www.burmeseclassic.com



တယ်၊ စကားပြောမရှိင်းရဘူး သမီးရဲ့"

"ကြွေက နားနဲ့ဆက်ဆက်ကြားပြီး ခံပြင်းထားတာ မေမေ၊အဲဒီလောက်ကြီး မာန်တက်နေတာ အံ့ရော၊ နောက်တစ်ခါဆက်ရင်လည်း သမီးမရှိဘူးပဲပြောပေးပါ"

ကြွေ ပြေးတက်သွားပုံက မြန်ဆန်၏။ ဒေါ်ဖြူဖြူ စိတ်ပျက်စွာ ခေါင်းယမ်းမိလေသည်။

ထိုအခါမှာပင် ခိုင်မင်းခန့်ဖုန်းက နောက်တစ်ကြိမ်ဝင်လာလေသည်။

"သမီးအပြင်ထွက်သွားပြီ ခိုင်မင်းခန့်ရေ၊ စောစောက သူ တော်တော်လေး စိတ်ဆိုးနေခဲ့တာ၊ ဖုန်းထဲကနေ ဘယ်သူ ဘာပြောလိုက်တယ်မသိပါဘူး . . .

"ဩော် . . သားအဖေလား . . ဩော် . . ဒါပေါ့ . . ဒါပေါ့ . . ဒါမျိုးကဖြစ်တတ်ပါတယ်"

"အေး . . အေး . . သူစိတ်ပြေလောက်မှ ပြန်ဆက်ပေါ့ ဟုတ်လား"

ကြွေက ဖုန်းသံကြားကတည်းက ခြေလှမ်း တုံ့ခနဲဖြစ်၏။ မေမေဖုန်းပြောတာကို အဝေးကနေကြည့်နေခဲ့၏။

ဒေါ်ဖြူဖြူ ဖုန်းချပြီး လှည့်အကြည့်မှာ သိချင်စိတ်ပြင်းပြစွာလှမ်းကြည့်နေသော သမီးကြွေဝတ်မှုန်၏မျက်နက်ဝန်းတောက်တောက်ကလေးကိုမြင်ရ၏။

"သိချင်တယ်မဟုတ်လား . . သိချင်ရင် နောက်တစ်ခါ





ကိုယ့်ဘာသာကိုယ် ကိုင်၊ ကိုယ့်ဘာသာ ပြောတော့ကြွေ၊ ကြားထဲကနေ မေမေဝင်မပါချင်ဘူး၊ ခုပဲ ညာလိုက်ရပြီ၊ အပြင်သွားတယ်လို့လေ . . ကြားတယ်မဟုတ်လား"

"ကြားပါတယ် . . လေပြည်လေးကိုဖြူးလို့၊ သမီးက မေမေသူ့ကိုအော်ငေါက်လိုက်စေချင်တာ၊ ဘာဖြစ်လို့ ခဏခဏဆက်နေတာလဲ . . ဘာညာ . . ဆိုတာမျိုးပေါ့ . . သူ့အဖေလိုလေ"

ကြွေ . . နှာခေါင်းလေး ရှုံ့တွပြောပုံက ကလေးဆန်လှလေသည်။

"ဘာလဲ . . ဒါမှ သမီးပြောသလိုပဲ . . ခိုင်မင်းခန့်က မေမေ့ကို ကွယ်ရာမှာ ကြွေတို့အမေက ရှိုင်းလိုက်တာ ဘာညာဆိုတာမျိုး ပြောစေချင်လို့လား . . ဟုတ်လား"

"ပြောစရာလား . . ရှိုင်းတာက သူတို့ဘက်ကစပြီး ရှိုင်းခဲ့တာပဲဟာကို"

"ခွင့်လွှတ်လိုက်လေ . . ခု . . သူ တောင်းပန်နေပြီပဲ"

"မလွှတ်ပါဘူး . . ဘာလို့လွှတ်ရမှာလဲ၊ ကြွေ့ ဟောဒီနားထဲမှာ သူ့အဖေအသံကြီးက အလုံးလိုက်အရင်းလိုက်ဝင်သွားခဲ့တာ၊ ဘယ်လိုထုတ်ပစ်လို့ကိုရမှာမဟုတ်အောင်ကိုကြွေ အရမ်းရှက်သွားခဲ့တာ၊ လုံးဝမခေါ်ဘူး . . တကယ့်ကို မခေါ်တော့ဘူး"

ကြွေ အခန်းထဲပြေးဝင်ကာ ခုတင်ပေါ် လှဲချ

www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်ရည်တွေစီးကျလာခဲ့၏။

"အဲဒီ ခိုင်မင်းခန့်၊ ကောင်မလေးတွေနဲ့ ဘယ်လောက် တောင်စကားပြောနေခဲ့သလဲမှ မသိတာ၊ သူ့အဖေလေ သံက အော်နေကျလေသံကြီးနဲ့"

ဒေါသက ခိုင်မင်းခန့်ထံ စုပြုံကျ၏။


ဖုန်းလာရင် မကိုင်ဘူး . . .

သူ့ဆီကို လုံးဝ ဖုန်းမဆက်ဘူး . . .

စာလာရင် မဖတ်ဘူး . . .

လုံးဝ စာရေးဖို့မစဉ်းစားဘူး . . .

စသော 'ဘူး'အက္ခရာတွေ တစ်လုံးပြီးတစ်လုံး ရင်ထဲမှာ တန်းစီပေါ်လာချိန်မှာ 'မင်းစော'နှင့်ပတ်သက်နေတာ ကို ကြွေ မေ့ထားခဲ့မိလေသည်။




"ကြွေ"

"ကြွေဝတ်မှုန်"ဟူသောခေါ်သံ။

အဆက်မပြတ်တီးလာသော စက်ဘီးဘဲလ်သံ ကြောင့် ကြွေ လှည့်ကြည့်၏။ နောက်မှပါလာသော စက်ဘီးမှာ 'မင်းစော'ဖြစ်နေ၏။

ကြွေ လှည့်အကြည့်မှာ မင်းစောက . . .

"နေဦး"ဟု အော်ရင်း လက်လှမ်းပြ၏။ ကြွေက စက်ဘီး စီးနင်းသောအရှိန်ကို လျှော့ကာ ခေတ္တရပ်စောင့်ရလေသည်။

"ဘာဖြစ်လာတာလဲ . . နင်က"

မင်းစောအနားအရောက် . . ပြောသောကြွေ့ အသံမှာ မာန်သောအသံဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှာလိုက်ရတာဟာ . . နင်တို့အိမ်ရောက်တော့ အန်တီဖြူက နင် ဈေးထဲသွားတယ်ပြောတာနဲ့ ဈေးထဲဝင်ရှာတာ၊ နံ့နေတာပဲ"

"နင်မောသွားပြီပေါ့၊ ငါက ဈေးထိပ်နား ခဏပဲဝင်တာ၊ ဆရာမ,နော်ဆေးဖော နေမကောင်းဘူးသတင်းကြားတာနဲ့ သွားမေးတာ"

"ဘယ်သူလဲ . . ဆရာမ,နော်ဆေးဖောက"

"အထက်တန်းတုန်းက ဆရာမဆိုတော့ နင်သိမှာမဟုတ်ဘူး၊ ခု . . တော်တော်လေး သက်သာလာလို့ တော်သေးတယ်"

စက်ဘီး ယှဉ်နှင်းရင်း စကားပြောဖြစ်ကြတာဖြစ်လေသည်။

"နောက်ထပ် အသည်းအသန်ဖြစ်နေတဲ့လူမမာကို နင်ကြည့်ရဦးမယ်"

"ဟင် . . ဘယ်သူ ဘာဖြစ်လို့လဲ"

တွေ့အသံမှာ ထိတ်လန့်သံပါလေသည်။ အကြည့်မှာ စိုးရိမ်စိတ်လွှမ်း၏။ မင်းဇော . . . ဖြေလျှော့စွာ ရယ်၏။

"ခိုင်မင်းခန့်ပေါ့ . . ဘယ်သူရှိရမှာလဲ"

"သွား . . မဟုတ်တာတွေ လာမပြောနဲ့"

"တကယ်ပြောတာ . . မယုံဘူးလား"

"မယုံပါဘူး . . ဖြစ်လည်း သူဟာသူ ဘာဖြစ်ဖြစ်၊ ငါနဲ့





မဆိုင်ဘူး"

"ဟ . . အဲဒီလောက်ဖြစ်ရအောင် ဘာဖြစ်ကြတာမို့လဲ"

"နင်မေးကြည့်ပေါ့ . . နင့်ခိုင်မင်းခန့်ကို"

မင်းဇော ရယ်လေသည်။

"နင်ကလည်းဟာ . . သူ့အဖေနဲ့မှ တန်းတိုးရတယ်လို့"

"ကြည့်စမ်း . . နင်သိရက်သားနဲ့ ငါ့ကိုအလကားအကြောင်ရိုက်မေးနေတယ်၊ နင်စဉ်းစားကြည့် . . မင်းဇော သူတို့အိမ်က ဘယ်လောက်ဆက်ဆံရေး မပြေပြစ်လိုက်သလဲဆိုတာ"

ပြောရင်း ထိုအချိန်ကို စိတ်က ပြန်ရောက်၏။ ဒေါသထွက်ကာ တွေ့မျက်နှာ နီလာလေသည်။

"အလကားဟာ . . နင်ကလည်း ခုပြော ခုပြန်ဒေါသထွက်ရတယ်လို့"

"ဒေါသထွက်စရာကိုး၊ နင်ဆိုရင်လည်း ဒေါသထွက်မှာပဲ"

"တိုက်ဆိုင်သွားလို့ပါဟာ၊ ခိုင်မင်းခန့်က ငါ့ကို ပြောပြတယ်၊ သူတို့ဒရိုင်ဘာက ကားအက်ဆီဒင့်ဖြစ်ပြီးမှ လှမ်းဖုန်းဆက်လို့ သူတို့အဖေက ဒေါသထွက်နေတာတဲ့"

"အဲဒါနဲ့မဲ့ တွေ့တဲ့သူကိုဆက်ဟောက်ရမယ်လို့ ဘယ်သူကပြောသလဲ"

"ဟိုလူကထပ်ဆက်တယ်ထင်ပြီး ဆက်ဟောက်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကြွေရဲ့၊ နင်တောင် အဲဒီစကားပြန်ပြောရာကနေ အခု ငါ့ကိုစကားပြောတဲ့လေသံကိုကြည့် . . ဘုဆတ်ဆတ် မာကျောကျောနဲ့ ဘယ်လောက်နားရင်းတီးပစ်ချင်စရာကောင်းသလဲဆိုတာ"

"အမယ် . . နင်ကများ ငါ့ကို၊ မင်းစော အစုတ်ပလုတ်"

မင်းစောနှင့်စက်ဘီးယှဉ်စီးရာမှ ကြွေက ရိုက်ဖို့လက်ရွယ်၏။ မင်းစောက စက်ဘီးကို ခပ်ခွာခွာလေးရှောင်နင်းရင်း ရယ်နေလေသည်။

"နင် . . ဘာလို့ ဟိုကောင်ဖုန်းဆက်တာကို မကိုင်တာလဲ"

"မကိုင်ချင်လို့ပေါ့ . . မေးနေရသေးလား"

"စာရေးတာလည်း စာမပြန်ဘူးဆို"

"စာပြန်ချင်စိတ်မရှိလို့ မပြန်တာ၊ ဘာဖြစ်သလဲ"

"သူနဲ့တွေ့ချင်စိတ်တော့ရှိမှာပေါ့"

"လုံးဝကိုမရှိတာ"

"တကယ်ပြောတာလား"

"ဩော် . . တကယ်ပြောတာပေါ့"

"မလုပ်ပါနဲ့ဟာ . . ငါ့သူငယ်ချင်းက နင့်ကို အရမ်းကိုတွေ့ချင်နေတာ၊ ဖုန်းဆက်တာလည်း မကိုင်၊ စာလည်း မပြန်နဲ့ဆိုတော့ ဘယ်လောက်ခံစားနေရတယ်မှတ်သလဲ"





"ဘာတွေလာပြောနေတာလဲ . . သွား"

"ဟင့်အင်း . . မသွားပါဘူး၊ ငါ နင်တို့အိမ်လိုက်ရဦးမယ်"

"ဘာလိုက်လုပ်မှာလဲ . . မလိုက်နဲ့"

"အမယ် . . ပြောမယ် အားကြီး"

ကြွေက မျက်စောင်းလေးထိုး၏။

"ပင်ပန်းလိုက်တာဟာ . . နင့်ကို ဈေးထဲမှာပတ်ရှာရတာ ခေါင်းကိုမူးသွားတာပဲ"

တကယ်ပင်ပန်းနွမ်းဟိုက်သောလေသံဖြင့်ဆို၏။ မျက်နှာမှာ ညိုးရိပ်သန်း၏။

"နင့်ကို ဘယ်သူကလိုက်ရှာခိုင်းလို့လဲ၊ နင့်သဘောနဲ့ နင်ရှာတာ၊ ဘယ်သူကမှ ရိုက်ခိုင်းတာမဟုတ်ဘူး . . ပိုမနေနဲ့"

"ဘာလို့ အဲဒီလောက် အကြွင်နာတွေကြီးနေရတာလဲ ကြွေရဲ့၊ နင်က . . ငါ့ဆို နည်းနည်းမှ အကြွင်နာမရှိဘူး"

"ရှိစရာကိုး . . ရုပ်ကိုက"

"နင်သာ နဂါးဆိုရင် ငါ ပြာကျလောက်တယ်၊ ခဏခဏထိုးလိုက်ရတဲ့မျက်စောင်း . . ကြည့်ချင်ရင် တည့်တည့်ကြည့်၊ ခိုးခိုးကြည့်မနေနဲ့"

"မင်းစော"



www.burmeseclassic.com

www.burmeseclassic.com



ကြွေ ဒေါသဖြင့်အော်၏။ ရိုက်ဖို့ပြင်၏။ မင်းစောက ရယ်မောရင်း ရှောင်တိမ်းကွေ့ပတ်သွားတာ လမ်းတစ်လမ်းလုံး သူ့စက်ဘီးက မြွေလိမ်မြွေကောက်လို လိမ်နေပတ်နေလေသည်။

"ကြည့်ပါလား . . စက်ဘီးစီးတာ မျက်စိကိုနောက်နေတာပဲ၊ ရယ်လိုက်တာကလည်း သွားတိုက်ဆေးကြော်ငြာ ရိုက်လို့ရတယ်"

"ဟုတ်လား . . အဲဒီလောက်တောင်ကြည့်ကောင်းနေသလား"

"မင်းစော . . နင် တော်တော်အူမြူးနေပါလား"

"လောလောဆယ်တော့ . . ငါ ရေ မတရားဆာနေတယ် ကြွေရဲ့၊ နင် ငါ့ကို အအေးတိုက်ပါလား"

Snack ဆိုင်နားအရောက်မှာ မေ့လေးဆတ်ပြော၏။

"အိမ်သွားမှာပဲ . . အိမ်ကျမှသောက်"

"ဟင့်အင်း . . ခုပဲသောက်ချင်တယ်၊ နင်တို့အိမ်မှာက ပုလင်းအအေးတွေပဲရှိတာ၊ ဒီမှာက ဖျော်ရည်စုံရတယ် ကြွေရဲ့ . . စတော်ဘယ်ရီမစ်(ခ်)ရှိတ်သောက်ချင်တာ"

"ကုန်ပြီ . . ငါ့မှာအဲဒီလောက်ပိုက်ဆံမကျန်ဘူး ဆရာမဖို့ လက်ဆောင်ဝယ်သွားပေးခဲ့တာ"

"ဒါဖြင့်လည်း ငါတိုက်မယ်ဟာ . . လာ"





"ကြည့် . . သူ့မှာပိုက်ဆံပါရဲ့သားနဲ့ သူများဆီက ညှစ်ဖို့ စိတ်ကူးသေးတယ်"

"ညှစ်ကယ် . . ဟုတ်မလား၊ နင်ကျွေးတာစားချင်လို့ပြောတာကို . . လာဟာ . . ခဏလေးပါ"

"နင်တိုက်မှာနော်"

"အေးပါဆို . ."

"တော်နေကြာမှ . . ငါ အရှက်တကွဲအကျိုးနည်းဖြစ်မှာစိုးလို့မေးရတာ . . မင်းစောရဲ့"

နှစ်ယောက်သား ဆိုင်ရှေ့နားမှာ စက်ဘီးထိုးရပ်ပြီး လွှားခနဲခုန်ဆင်းကြ၏။

Snack ဆိုင်က တိုက်ခန်းကျယ်လျက် ဖက်ဖူးရောင်နုနုလေးသုတ်ထားသဖြင့် မျက်စိအမြင်မှာ လင်းနေ၏။

နေ့ဘက်ပင်ဖြစ်လင့်ကစား နံရံကပ်မီးပျော့ပျော့ကလေးထွန်းထားသဖြင့် မှန်တံခါးတွန်းဖွင့်ဝင်လိုက်ချိန်မှာ အလင်းရောင်ဖြာဆင်းကျနေပုံက စိတ်ကြည်နူးချမ်းသာစေလေသည်။

"လာ . . ဒီမှာထိုင်ရအောင်"

မင်းစောက ထောင့်ကျကျစားပွဲသို့ခေါ်သွား၏။

"ကြွေ"

ကြွေက စားပွဲမှာနေရယူထိုင်ပြီးကာမှ မျက်နှာချင်းဆိုင်စားပွဲမှခေါ်သံကိုကြားရသဖြင့် အံ့သြစွာ မော့ကြည့်၏။

www.burmeseclassic.com



"ဟင် . . ခန့်"

အလွန်အမင်းကို အံ့ဩသွားရလေသည်။

"ကြည့်စမ်း . . ဟော့ကောင် . . မင်း ဘယ်တုန်းက ရောက်နေတာလဲ . . လာကွာ . . ဒီမှာထိုင်"

မင်းစောပါးစပ်က နားရွက်မှာတက်ချိတ်တော့မှာလို အရယ်မျက်နှာဖြင့်ဖြစ်၏။

"မင်းစော . . နင် တော်တော်လူလည်ကျတယ်၊ ကြည့်စမ်း"

ကြွေ မျက်စောင်းခဲ၏။ မင်းစော အသံထွက်ရယ်နေလေသည်။ အံ့ဩလွန်းသောစိတ်ဖြင့် ကြွေ၏မျက်လုံးလေးဝိုင်းနေ၏။ ကြွေ့ရင်တွေက တဒိတ်ဒိတ် အခုန်မြန်နေလေသည်။

ခိုင်မင်းခန့်က ကျောခိုင်းအနေအထားမှ ဒီဘက်ခုံပြောင်းထိုင်လိုက်တာနှင့် ကြွေနှင့်မျက်နှာချင်းဆိုင်ဖြစ်သွားလေသည်။

"ကိုင်း . . စကားပြောကြ၊ ငါ ဟိုဘက်မှာထိုင်မယ်"

မင်းစောက ကြွေတို့ထိုင်သောစားပွဲခုံနှင့်မျက်စောင်းယွန်းယွန်းမှာ ကြွေတို့ကို ကျောခိုင်းအနေအထားဖြင့် သွားထိုင်လေသည်။

ခန့်နှင့် ကြွေက တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိကြလေသည်။

☺ ☺ ☺






မင်းသက်ဝေးမော ကြည့်နေမိသောအကြည့်မှာ အချစ်တွေစီးဆင်းနစ်ဝင်၏။

စက္ကန့်များစွာကျော်လွန်ပြီးမှ . . ကြွေက ဦးစွာ သတိဝင်ကာ မျက်လွှာချလေသည်။

"လွမ်းလိုက်ရတာ ကြွေရယ်၊ ဖုန်းဆက်တော့လည်း ဖုန်းမကိုင် . . စာရေးတာလည်း စာမပြန်နဲ့၊ ကျွန်တော့်မှာ နေမထိ ထိုင်မထိဖြစ်ပြီး ပြေးလာခဲ့တာ"

"အမယ် . . ဒီကဖုန်းဆက်တော့လည်း ဟောက်လွှတ်ခံရတာသတိရဦးလေ"

"အဲဒါကိုရှင်းပြီးပြီလေ"

"ဟင့်အင်း . . မရှင်းပါဘူး။ ဘယ်မှာရှင်းလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြွေက စိတ်ဆိုးဒေါသထွက်ခဲ့ရသောအချိန်ကို သတိရကာ နှုတ်ခမ်းစူလေသည်။

ကြွေ . . နှုတ်ခမ်းစူပုံလေးက နှုတ်ခမ်းဖူးဖူးလေး တမင်စုထုတ်ထားသကဲ့သို့ဖြစ်ကာ ကြည့်၍ပင်ကောင်းသေးတော့။

ခိုင်မင်းခန့်က ကြွေ့ရဲ့နှုတ်ခမ်းလေးကို လက်ညှိုးဖျားလေးဖြင့် လှမ်းတို့ကာရယ်၏။ ကြွေ မျက်စောင်းထိုးလေသည်။

"ဘာလုပ်တာလဲ . . သူများနှုတ်ခမ်းကို"

"ကျွန်တော်တို့ ငယ်ငယ်တုန်းက စိတ်ဆိုးစိတ်ကောက်တဲ့သူကို 'စ'တာသတိရလိုက်တာ ကြွေရယ်၊ နှုတ်ခမ်းလေးစူစူ ဝက်ဖင်ကြီးနဲ့တူတဲ့ဗျ . . သိလား"

"ကြည့်ပါလား . . ခန့်နော်၊ ဒီမှာ ဘယ်လောက်စိတ်ဆိုးနေသလဲ သိလား၊ အဝေးကြီးကလာရတဲ့သူမို့လို့အားနာပြီး ဆက်ထိုင်နေတာ၊ စိတ်ရင်းအတိုင်းဆိုရင် ကြွေတို့က ချာခနဲလှည့်ထွက်သွားပြီ သိရဲ့လား"

"ဩော် . . စိတ်ဆိုးနေတုန်းပဲလား"

"သွား . . လာနောက်မနေနဲ့"

"အဲဒါ . . အမွှေးတိုင်ကြော်ငြာပဲ၊ ထက်ထက်မိုးဦးရယ် လူရွှင်တော်လေးယောက်ရယ်လေ"

ကြွေ . . ဆတ်ခနဲ ထိုင်ရာမှ ထ၏။ ခိုင်မင်းခန့်ကပျာကယာလှမ်းတားရလေသည်။

"ဆောရီး . . ဆောရီး၊ ကြွေ မကြိုက်ရင် ကျွန်တော်မနောက်တော့ဘူး . . ဆောရီးနော် ကြွေ၊ ထိုင်ပါ ကြွေရာ၊ ကြွေ့ကိုတွေ့ရလို့ ကျွန်တော်ပျော်နေရတာလေး ပျက်သွားပါဦးမယ်"

ကြွေထိုင်ရာမှ ထ၊ ခိုင်မင်းခန့်လှမ်းတားသည့်ပုံစံလေးက အနီးဝိုင်းမှလူတွေပင် သတိထားမိခဲ့ရ၏။

မင်းစောက ထိုင်ရာမှထလာကာ ရယ်ရယ်မောမောမျက်နှာဖြင့် နာရီကိုကြည့်၏။

"မစောတော့ဘူးကွ . . ငါ့မှာချိန်းထားတဲ့ကိစ္စ အရေးတကြီးရှိသေးတယ်၊ မင်းတို့စကားပြောကြ၊ ငါ လစ်တော့မယ်"

ခိုင်မင်းခန့်နှင့်ကြွေဝတ်မှုန်ထံရောက်မည့်လူတို့၏အာရုံက မင်းစောထံရောက်၏။ အဲသလိုမျိုးလည်း မင်းစောက လုပ်တတ်လေသည်။

"ကြွေက အရေးတကြီးကိစ္စရှိတာမှမဟုတ်တာ၊ နေဦးလေ ဒီကောင်နဲ့အေးအေးဆေးဆေးစကားပြောပါဦး၊ ဒီကောင်ကြီးက နင့်ကိုတွေ့ချင်လို့ ပြေးလာရတာ၊ ကျောင်းကိစ္စတွေ ပစ်ကိုထားခဲ့တာ၊ မေးကြည့် . . ."

မင်းစော လှည့်ထွက်သွားတော့ ကြွေ ပြန်ထိုင်ရလေသည်။

www.burmeseclassic.com



"ကျွန်တော် လာချင်လွန်းလို့စွတ်ထွက်လာခဲ့ရတာ ကြွေ၊ တကယ်ကိုလာဖို့ကမလွယ်လှဘူး၊ ဟောက်(စ်)ဆင်းရတော့မှာ"

"ဒါဆိုရင် . . ဘာလို့လာတာလဲ၊ မလာနဲ့ပေါ့၊ ဘယ်သူက အတင်းလာခိုင်းလို့လဲ"

"ကြွေလေ"

"ဘာ . . ကြွေလဲ၊ လုပ်ပြန်ပြီနော်"

"ဟုတ်တယ် . . ကြွေက ကျွန်တော့်ကို အသားလွတ်ကြီး စိတ်ကောက်ပြီး ဖုန်းမဆက် စာမရေးလုပ်နေတော့ ဒီတကောင် ဘယ်လောက်ခံစားရတယ်မှတ်သလဲ"

"ဒီကခံစားရတာလည်းကြည့်လေ၊ ဖုန်းဆက်လို့ရောရလို့လား၊ သူ့အဖေကြီးက အကြောကြီးကြီးနဲ့ ဟောက်လိုက်ပြီးတော့"

"အဲဒီကိစ္စရှင်းပြချင်တဲ့ဟာ ကြွေက စကားလက်ခံမပြောလို့ . . ကျွန်တော် အန်တီဖြူကိုရှင်းပြခဲ့ပြီးပြီပဲ ကြွေရဲ့၊ ဖေဖေက ကြွေ့ဝတ်မှုန်ဆက်တာလို့မှ မသိတာပဲ၊ သူ့ကားဗရိုင်တာက ကားအက်ဆိဒင့်ဖြစ်လို့ ဖေဖေ့ဆီတကျိကျိဖုန်းဆက်တာနဲ့ရောသွားပြီး သူပဲမှတ်သွားတာ"

"ဒါပေမဲ့ . . ကြွေ့အသံကို သူကြားတာပဲ၊ ကားဗရိုင်ဘာ မဟုတ်မှန်းသိနေတော့လည်း ဆက်ဟောက်ခဲ့တာပဲ"

"ဆောရီး ကြွေရယ်၊ အဲဒီအတွက် ကျွန်တော်တောင်းပန်ပါတယ်"

"ကြွေကျတော့ တစ်အားကိုဝမ်းနည်းပြီး စိတ်မကောင်းဖြစ်ခဲ့ရတာပဲ၊ ရှက်လည်းတစ်အားရှက်သွားတယ်၊ တခြား . . ဘယ်သူနဲ့မှကို ဖုန်းပြောချင်စိတ်မရှိအောင် ကြောက်သွားတယ်၊ ခန့်ဖေဖေတာ အရမ်းကြောက်စရာကောင်းမှာပဲထင်တယ်"

"ဟာ . . မဟုတ်တာ၊ ဖေဖေက စိတ်တိုတတ်တာပါ ကြွေရဲ့၊ လူဖြောင့်စိတ်တိုဆိုတာမျိုးပါ"

"ကြွေ တွေးကြည့်မိခဲ့တာကလေ . . ခန့်ဆီ တခြားကောင်မလေးတွေ ဖုန်းဆက်ကြ ပြုကြတာများလို့ ကြွေ့ကိုပါရောပြီး အထင်သေးသွားသလားလို့ပါ"

"မဟုတ်တာ၊ ကျွန်တော်က ရုပ်ရှင်မင်းသားမှမဟုတ်တာဘဲ ကြွေရဲ့၊ ဘယ်ကဖုန်းအလာများရှိမှာလဲ"

"ကောင်မလေးတွေနဲ့စကားအပြောအဆိုမရှိတာတော့ မဖြစ်နိုင်ပါဘူး"

"အင်း . . သူငယ်ချင်းတွေတော့ရှိတာပေါ့ ကြွေရဲ့၊ ဆေးကျောင်းက သူငယ်ချင်းတွေထဲမှာ ကောင်မလေးတွေရှိကြတာပဲ"

"ကြွေ့လိုတော့ အဟောက်ခံရမယ့်သူ မပါဘူးထင်တယ်"

"ဟာ . . ကြွေကလည်း၊ ကြွေနဲ့က တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားလို့ပါ၊ ကျွန်တော်ပြောပြီးပြီပဲ"




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခု . . သိချင်သေးတယ်"

"တစ်ခုမဟုတ်ပါဘူး . . ကြွေရဲ့၊ သိချင်တာအားလုံးမေး ကျွန်တော်ဖြေမယ်၊ ကဲ . . စတော်ဘယ်ရီမစ်(ခ်)ရှိတ် လည်းသောက်ဦးလေ၊ ရေခဲတွေတောင် ပျော်ကုန်ပြီ"

ပြောပြောဆိုဆို . . ခိုင်မင်းခန့်က ဖန်ခွက်ရှည် လှလှလေးကို ကြွေ၏ရှေ့သို့ တိုးပေး၏။

ကိုယ်တိုင်လည်း . . ယူသောက်လေသည်။ ကြွေက ဖန်ခွက်ကို အသာလှုပ်သောက်၏။

"ဖုန်းဆက်တာ . . ကြွေလို့ ဘာလို့သိခဲ့တာလဲ"

ပြင်ဦးလွင်ကဆက်သောဖုန်းဟု ခန့်ဖေဖေသိသလား ဆိုတာ ကြွေ တကယ်သိချင်လေသည်။

"ဖေဖေကတော့ ဘယ်သိမလဲ ကြွေရဲ့၊ ကျွန်တော်ကသိ လိုက်တာ"

"ဟင် . . ခန့်က ဘာလို့သိတာလဲ"

"ဖေဖေက ဘယ်သူလဲမေးတော့ မဖြေဘူးကွ . . ဖုန်းချ သွားတယ်ဆိုကတည်းက ကြွေပဲလို့ သိလိုက်တာ၊ တခြားသူဆို ဖေဖေနဲ့သိနေပြီးသားဆိုတော့ ဘယ်သူဆို တာဖြေနေကျပဲလေ"

"ကြွေ့လိုသာ 'ဟလို'သံတောင်မကြားရဘဲ ဟောက်သံ သာကြားရရင် သူတို့ဖြေပါ့မလား"

ခိုင်မင်းခန့် ပြုံး၏။ ခပ်တိုးတိုးရယ်၏။



"ကြွေက အရမ်းတွေးတာပဲ၊ ဘာလို့ အဲဒီလောက်တွေးရ တာလဲ"

"တွေးရတာပေါ့၊ ကြွေက ကြွေဝတ်မှုန်လေ၊ ခန့်သူငယ် ချင်းတွေလို ဆေးကျောင်းသူ . . ဆရာဝန်လောင်းလျာ မှမဟုတ်တာ"

"မဟုတ်တော့ . . ဘာဖြစ်သလဲ"

ကြွေ ပင့်သက်ချမိလေသည်။

"မင်းစောဆီကကြားထားရသလောက်ဆိုရင် ခန့်တို့က အရမ်းချမ်းသာတာတဲ့၊ ပြီးတော့ . . ဘာညာဆိုတဲ့ဂုဏ် ဒြပ်တွေကအပြည့်ဆိုတော့ ကြွေ့လို ရိုးရိုးအဲ့ရကောင်မ လေးနဲ့သဘောတူပါ့မလားလို့ ကြွေ စိုးရိမ်တာ"

"မဆိုင်တာ ကြွေရာ၊ ချမ်းသာတာတွေ ဘာညာတွေထည့် မတွေးပါနဲ့၊ အဲဒီမင်းစောကလည်း ဘာတွေလျှောက် ပြောတယ်မသိပါဘူး"

"ဟင့်အင်း . . မင်းစောက တမင်ပြောတာတော့မဟုတ် ပါဘူး၊ ခန့်အကြောင်းပြောရင်းကနေ စကားစပ်ပြီး မေ မေနဲ့ပြောဖြစ်ကြတာပါ၊ အဲဒီနောက် . . ဖုန်းထဲကနေ အအော်အငေါက်ခံရတော့ ကြွေနဲ့ဖြစ်ပါ့မလားလို့ . . တကယ်တွေးမိတာ၊ တော်နေကြာမှ . . ပြဿနာဖြစ် လာမှာ ကြွေ ကြောက်တယ်၊ ခန့်တို့ဘက်က ကြွေ့ ထက် အရမ်းကို 'မြင့်'နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ကြွေရာ၊ အဲဒါတွေ ဘာတစ်ခုမှ ကြွေထည့်မတွေးစေချင်ဘူး၊ ကြွေ့ကို ကျွန်တော် တကယ်ချစ်တာပါ၊ ကျွန်တော့်ဘဝမှာ ကြွေတာ ဦးဆုံးချစ်သူဖြစ်သလို . . အမြတ်နိုးဆုံး . . အချစ်ဆုံးပဲဖြစ်ရမယ်၊ တခြားတစ်ယောက်ဆိုတာ ဖြစ်လာစရာကိုမရှိစေရဘူး . . ယုံပါ၊ ကျွန်တော်နဲ့ကြွေလည်း မာတ်တော်ချိုင့်ရေတံခွန်က ဆုတောင်းပြည့်ဘုရားလေးမှာ ဆုတောင်းထားတာလေ ကြွေရဲ့ ကြွေပဲပြောခဲ့တာပဲ၊ အဲဒီဘုရားက ဆုတောင်းပြည့်တယ်ဆို"

ကြွေ သတိရစိတ်ဖြင့် မျက်နှာလေး ဝင်းလက်သွားပံ့တ မျက်လုံးလေးတွေ အရောင်တဖျပ်ဖျပ်လက်ကာ ရွှန်းလဲ့တောက်ပလာတာ ကြည့်လို့ကောင်းလှပါသည်။

"ဟိုယ် . . ဟုတ်တယ်နော်၊ ကြွေတို့ ဆုတောင်းထားကြတာ"

ကြည့်စမ်း . . ပြောမှ သတိရတယ်လား၊ ဘာလို့ . . အဲဒီလောက်အမှတ်တရဖြစ်နေရတာလဲ"

ဒီတစ်ခါ ရက်ရယ် ရယ်သူက ကြွေဖြစ်၏။

စိတ်ဆိုးနေတဲ့အခါက ခန့်နှပတ်သက်တာတွေအားလုံး မေ့ပစ်လိုက်တာလေ၊ အဲဒီမေ့ပစ်လိုက်တဲ့အထဲပါသွားလို့"

"ကျွန်တော့်ကို ကြွေ တကယ်မေ့ပစ်နိုင်သလား . . မေ့ရက်သလား"

"မေ့ပစ်ချင်တာ သိရဲ့လား၊ မေ့မရလို့ခက်နေရတာ"

"ဟာ . . အဲဒီ မေ့ပစ်ချင်တယ်ဆိုတဲ့စကား ဘယ်တော့မှ မသုံးပါနဲ့ကြွေရာ၊ ကျွန်တော် မကြားရဲလို့ပါ"

"ဟုတ်ကဲ့ . . ကိုခိုင်မင်းခန့်၊ ရှင်ပဲပြော . . ရှင်ပဲပြော"

ရယ်မောပြောဆိုသော . . ကြွေဝတ်မှုန်၏အသံလေးက ကြည်လင်ရွှင်ပျနေ၏။ ကြည့်သောအကြည့်မှာ ချစ်ရည်ကြည် ပြည့်လျှမ်းနေ၏။

စောစောကရှိသော စိတ်ဆိုးဒေါသထွက်အမူအရာတွေ တစ်စိုးတစ်စိမျှ မကျန်ရှိပြီ။





www.burmeseclassic.com

www.burmeseclassic.com










"ဟလို"

ဦးဉာဏ်လင်းခန့်အသံပြု၏။ တစ်ဖက်မှ ဘာသံမှထွက်မလာခြင်းကြောင့် နဖူးကြောတွေတွန့်ကာ လိုင်းသုံးလိုင်းပေါ်လာသည်အထိ ဦးဉာဏ်လင်းခန့်၏မျက်ခုံးနှစ်ခုလုံး ပင့်တက်သွားရလေသည်။

မျက်လုံးအကြည့်က . . 'ဘယ်သူဆက်တာလဲ' ဟု သိလိုစိတ်ဖြင့် လှမ်းမျှော်ကြည့်နေသော ဇနီးသည်ဒေါ်ခင်ဖုန်းဝေ၏မျက်လုံးနှင့်အကြည့်ချင်းဆုံလေသည်။

"ကွာ . . ဘာမှန်းလဲမသိဘူး၊ အလကား . . အားအားယားယား"

စိတ်ပျက်စွာ ဖုန်းချလိုက်၏။ ရင်ထဲမှာ အလို

www.burmeseclassic.com

www.burmeseclassic.com



မကျစိတ်ဖြစ်ထွန်းတိုင်း မျက်နှာတစ်ခုလုံး ရှုံ့တွနေတာက "အမှည့်လွန်သရက်သီးတစ်လုံးလိုပဲ"ဟု ဒေါ်ခင်ဖုန်းဝေတွေးမိကာလှစ်ခနဲ ပြုံးမိလျက်သားဖြစ်လေသည်။

"အမယ် . . သူများဒေါသထွက်တာကို . . ခင်ဗျားက ရယ်တယ်၊ သိပ်သဘောကျနေတယ်ပေါ့လေ . . ဟုတ်လား"

မှုန်တေတေမျက်နှာထားဖြင့်မေးလေးဆတ်ဒေါသထွက်မေးပုံက ဟိုး . . (ငယ်စဉ်ကာလများ)တုန်းကတော့ . . ဂျစ်ကန်ကန်ကလေးဟု ဒေါ်ခင်ဖုန်းဝေသဘောကျနှစ်ခြိုက်ခဲ့တာပါ။

ယခုတော့ . .

ဒေါသကူမှာရ၊ သူတစ်ကိုယ်လုံးမှာ ဒေါသတွေချည်းပဲ။

အဲဒီဒေါသတွေပီပြီး . . အရည်တွေတွန့်၊ ရှုံ့တွလာတာ စိတ်ကိုငြိမ်းချမ်းအောင်မှမနေတတ်တာပဲဟု ခင်ပွန်းကို ရှုံ့ချနေမိခဲ့ပါပြီ။

"စဉ်းစားကြည့်လေ . . တယ်လီဖုန်းနဲ့တောင့်ဖတ်ပြီးရန်ဖြစ်နေတာ၊ မရယ်ချင်ဘဲ နေမလား"

မေးဆတ်ပြောဆိုသံမှာ ရယ်သံထက်ဝက်ပါနေ၏။ အဲဒါတွကို မိမိကိုလှောင်တာ သရော်တာဟု ဦးညာဏ်လင်း





ခန့်မြင်၏။ မျက်စောင်းထိုးကြည့်လေသည်။

"မင်းစဉ်းစားကြည့်လေ . . ခေါ်တုန်းကခေါ်တယ်ထား၊ ဒီဘက်ကလည်းထူးရော . . ပြန်ချသွားတာ ဘာသဘောလဲ၊ လူကြီးကို သက်သက်မဲ့စော်ကားတာ၊ အနှောင့်အယှက်ပေးတာ၊ ငါ စိတ်မဆိုးဘဲ နေနိုင်မလား . . တဲ့"

"ဟုတ်တာပေါ့ . . ဟိုဘက်က တယ်လီဖုန်းမှာ ရှင့်မျက်နှာကြီးသွားပေါ်တာကိုး . . ဒီတော့ တယ်လီဖုန်းချပစ်လိုက်တာဖြစ်ရမယ်"

ခပ်ရွဲ့ရွဲ့ပြန်ဖြေလေသည်။

"ခင်ဖုန်းဝေ"

ဒေါသဖြင့်အော်သံက အသံနက်ကြီးဖြင့်အော်သလိုဖြစ်ကာ ဘယ်လိုမှသာယာနာပျော်ဖွယ်မရှိပါ။

"ဘာလဲ"

မာတတ်တူနာမ်တူအသံတူဖြစ်အောင် ခပ်ဆောင့်ဆောင့်ပြန်ထူး၏။

"အမယ် . . ဘယ်လိုထူးတာလဲ . . အသံက"

"ရှင်ကရော . . အရင်တုန်းကလို . . 'ခင်ရေ'လို့ခေါ်တာမို့လား . . လေသံကိုက မာလိုက်တာ၊စောင်းကြိုးသံလိုလို့ကတော့ တီးခတ်လို့ရသေးတယ်"

www.burmeseclassic.com



မျက်စောင်းထိုး မကျေမနပ်ပြောသံက ဦးဉာဏ်လင်းခန့်၏မျက်နှာကို ချက်ချင်းပြုံးသွားစေရပါသည်။

"ဪ . . လက်စသတ်တော့ . . ငါ့မိန်းမက ငယ်မူပြန်ချင်သေးတာကိုး၊ ကိုင်း . . ခေါ်ပြီဗျာ . . 'ခင်ရေ'ဟောဗျာ . . ထူးလေ"

ခေါ်သံမှာ ရယ်သံစွက်နေ၏။ ဒေါ်ခင်ဖုန်းဝေရယ်လေသည်။

"မထူးပါဘူး . . ရှင့်အသံက အရင်ကလို ချစ်မြတ်နိုးသံနဲ့ခေါ်တာမှမဟုတ်တာ၊ အငေါ်တူးတဲ့လေသံနဲ့ အရွဲ့တိုက်ခေါ်တာ၊ ဒီကလည်း ခေါ်စေချင်လို့မဟုတ်ဘူး . . ရွဲ့ပြောတာ"

"ဟောဗျာ . . ဖြစ်ရပြန်ပြီ"

စောစောကဒေါသတွေလို ရေထဲသာကျလို့ကတော့ ပလုံခနဲနစ်မြုပ်မှာသေချာသည်။ ရယ်ရွှင်မျက်နှာတွေဖြင့် ကြည်ကြည်လင်လင်ပြန်ဖြစ်လာခဲ့လေသည်။

"ပြော . . ဘာပြောမှာလဲ"

ဦးဉာဏ်လင်းခန့် လက်ညှိုးထိပ်ဖျားလေးဖြင့် ခေါင်းကုတ်၏။ ဘာပြောမလို့လဲ . . ပျောက်သွားရပြီ။

"မင်းလျှာရှည်နေတာကိုး . . ပြောမယ့်စကားတောင်ပျောက်ပြီ"





"တယ်လီဖုန်းက စတာလေ၊ ရှင်တစ်ယောက်တည်းသက်မဲ့ရုပ်ဝတ္ထုနဲ့ရန်ဖြစ်နေတာ"

"အေး . . ဒါဖြင့် သက်ရှိရုပ်ဝတ္ထုဖြစ်တဲ့ မင်းနဲ့ပဲရန်ဖြစ်မယ်ကွာ၊ ပြောပါဦး . . ခင်ဗျားသားတော်မောင်အချိုးကဘာအချိုးတွေလဲ"

"ဟော . . ဘာဆိုင်လို့ သားကပါလာရတာလဲ"

တကယ် . . အံ့သြစွာ ဒေါ်ခင်ဖုန်းဝေမျက်လုံးပြူး၏။

"ကြည့်လေ . . တယ်လီဖုန်းက၊ မြင်တယ်မဟုတ်လား"

ဒေါ်ခင်ဖုန်းဝေ၏အကြည့်က တယ်လီဖုန်းဖြူဖြူလေးထံရောက်၏။ နှစ်ပေါင်းများစွာကိုင်လာခဲ့ပြီးဖြစ်၍ အနှံကိုင်များကာ နည်းနည်းတောင်ညစ်လာခဲ့ပြီ။

"မြင်တာပေါ့ . . မျက်စိပါတာပဲ၊ ဘာလဲ . . သားကိုဆယ်လ်လူလာဖုန်းပေးထားပြီး ရှင်က ဒါပဲကိုင်ရလို့မကျေမနပ်ဖြစ်နေတာလား၊ ဒါဖြင့်လည်း ပြန်တောင်းလိုက်၊ ဒါမှမဟုတ် . . ရှင်ထပ်ဝယ်လိုက်"

"ဟာ . . ထင်ရာမြင်ရာစွတ်ပြောနေပြန်ပြီ၊ မဟုတ်ဘူး"

"ဒါဖြင့် . . ဘာလဲ"

"စောစောက ဖုန်းပြန်ချသွားတာ ငါ့အသံကြားလို့ပြန်ချတာနေမှာ . . မင်း နည်းနည်းလေးမှ မစဉ်းစားမိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

ဒေါ်ခင်ဖုန်းဝေ စိတ်တိုစွာမျက်စောင်းထိုး၏။

"ဘာဖြစ်လဲ . . ဖုန်းမှားတာဖြစ်ချင်ဖြစ်မယ်၊ လိုင်းပူးနေလို့မြည်တာဖြစ်ချင်ဖြစ်မှာပေါ့ ဘာလို့ . . အဲဒီလောက်လိုက်တွေးနေရတာလဲ"

"တွေးရတယ် . . မင်း သားတော်မောင်လေ . . ခိုင်မင်းခန့်"

"ဘာဖြစ်သလဲ . . ခိုင်မင်းခန့်က"

"ခုတလော . . ဘယ်သူငယ်ချင်းဆီသွားမယ်ဆိုပြီး သွားလိုက်၊ သူငယ်ချင်းတွေနဲ့စုပြီး အဆောင်မှာစာကျက်မယ်ဆိုပြီးသွားလိုက်နဲ့ အိမ်မှာနေချိန်ဆိုတာမရှိသလောက်ဖြစ်နေတာ . . အဟုတ်ကော ဟုတ်ရဲ့လား"

ဒေါ်ခင်ဖုန်းဝေ သက်ပြင်းရှည်ကြီးချ၏။

"ဦးညာဏ်လင်းခန့်"

ခပ်ဆတ်ဆတ်ခေါ်၏။ ဦးညာဏ်လင်းခန့် မျက်လုံးကြီးပြူးကြည့်လေသည်။ ပြီးမှ . . မျက်ခုံးပင့်၏။

"ခေါ် . . ကြိုက်သလိုခေါ်၊ ငါကတော့ မင်းလို ငယ်မူပြန်ပြီး မောင်တွေဘာတွေခေါ်ပါဦး မပြောဘူး စိတ်ချ"

"ခေါ်ပါဘူး . . ဘာလို့ခေါ်ရမှာလဲ၊ စောစောကလည်းရွဲ့ပြောတာလို့ ပြောပြီးပြီ၊ ကိုယ့်အသက်အရွယ်ပြန်





ကြည့်၊ ပြီးတော့ . . ရှင့်သားအသက်ပြန်ကြည့်၊ နှစ်ဆယ်ကျော်အစိတ်နားနီးနေပြီ ကပ်နေပြီ၊ တော်နေကြာ . . ဆရာဝန်လုပ်တော့င်ဖြစ်တော့မယ့်သူ၊ အဲဒါ ဘာပူစရာရှိလို့ ပူနေတာလဲ"

"ကွာ . . ပူစရာဖြစ်လို့ပြောနေရတာ၊ 'ဥမ္မာကို'ပြောတာမကြားဘူးလား၊ ခန့်နဲ့မတွေ့တာကြာပြီဆိုတာ"

"တွေ့မလား . . ဝါ့(ဒ်)ဆင်းရတာချင်းမှ မတူတာ"

"အေး . . ထားပါ၊ ဟုတ်ရင်ပြီးတာပါပဲ၊ ငါ့စိတ်ထဲ ပြင်ဦးလွင် သွား,သွားနေမှာစိုးတာ"

"ပြင်ဦးလွင်မှာ မငီးစောရှိလို့သွားတာပဲ၊ သွားပေစေပေါ့"

"အေး . . မင်းစောဆီသွားတာ သွား၊ ခုဟာက ဟိုမှာခင်ဗျားသားက အဆက်တွေအထုံးတွေရှိနေတယ်ဗျ၊ အဲဒီ သွားသွားနေတာ . . သိရဲ့လား"

ဒေါ်ခင်ဖုန်းဝေ အလန့်တကြားဖြစ်၏။

"မဖြစ်နိုင်တာ ကိုညာဏ်ရယ်၊ ဟုတ်ပါ့မလား"

"ဟုတ်လို့ . . ဟုတ်ဟုတ်,ဟုတ်ဟုတ်ကိုနေတာ၊ မင်းစောအဖေ 'မြတ်သာ'နဲ့ ငါမြို့ထဲမှာ တစ်ခါဆုံသေးတယ်၊ အဲဒီမှာ ခင်ဗျားသားအကြောင်း ကြားရတာပဲ"

"ဟင် . . ဘာပြောလို့လဲ . . သူက"

"ပြင်ဦးလွင်လာလည်ဖို့ခေါ်တာ . . ခိုင်မင်းခန့်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ခုတလော မကြာခဏကိုရောက်တယ်တဲ့၊ ခင်ဗျားသားက ပြင်ဦးလွင်သားတောင်လုပ်တော့မယ်ထင်တယ်တဲ့"

"အို့ရှင် . . ဒါဖြင့်မေးလိုက်ပါလား၊ ချစ်သူရှိနေပြီလားဘာလားဆိုတာ"

"ဟာ . . မီးပွိုင့်မှာကားချင်းဆုံရာက ဘေးချင်းကပ်ပြောတာ၊ ဘယ်မှာ စကားအများကြီးပြောလို့ရမှာလဲ"

"ခက်တော့တာပဲ၊ ဒီလောကီစာတွေပိနေတဲ့ကြားက ဘယ်လိုတွေသွားတယ်မသိဘူး"

"အရေးအကြီးဆုံးက . . ခြေလှမ်းပျက်တာနဲ့ ရည်မှန်းထားတာတွေပျက်မှာစိုးရိမ်ရတာပဲ၊ အဲဒါကြောင့် . . 'ဥမ္မာကို'နဲ့အတူ အမေရိကားသွားဖို့ကအစ နားသွင်းထားတာ၊ ခုတော့ . . ပြင်ဦးလွင်တောင်သွားပြီး မိန်းမပိုးတယ်လို့ကွာ . . ကောင်းရော"

ဒေါ်ခင်ဖုန်းဝေ . . မျက်နှာပျက်လို့နေ၏။ သား တစ်ယောက်တည်းမို့ အချစ်ပိုသည်နှင့်အမျှ မျှော်လင့်ချက်ကြီးစွာထား၏။

ချစ်သူရှိနေပြီဆိုသည့်သတင်းစကားက နှလုံးသားကိုလက်နှင့်ဆုပ်ချေသလို နာကျင်၏။

ပြီးတော့ . . ရပ်ဝေး ရွာဝေးချစ်သူ . . .

ဘယ်လိုအဆင့်ရှိယလဲ၊ ဘယ်လိုအတန်းအစား





မျိုးလဲ . . စုံစမ်းဖို့ဝေး၏။

- "မဖြစ်ပါဘူး . . မောင်မင်းစောဆီဖုန်းဆက်မေးရင်ရော"

"ဟာ . . သူများသွားမေးရမလား၊ ကိုယ့်သား ကိုယ်မေးမှပေါ့ ခင်ဖုန်းရဲ့"

ဒေါ်ခင်ဖုန်းဝေက စိတ်မြန်လှ၏။ တယ်လီဖုန်းရှိရာ ထသွား၏။ သား၏ ဆယ်လူလာဖုန်းနံပါတ်ခေါ်ရင်းမှ ရင်ထဲမှာ နှလုံးခုန်သံက ဘင်ခရာတီးသံလို အခုန်မြန်နေလေသည်။

သားကို 'ဥမ္မာကို'မှလွဲ၍ တခြားဘယ်မိန်းကလေးနှင့်မှ သဘောမတူနိုင်တာ . . သား သိထားသားနဲ့ကွယ်။

သားလက်ထဲ ဖုန်းထည့်ပေးမိခြင်းက မှားများမှားသွားသလား၊ ဇွတ်ရင်းမှ တစ်စုံတစ်ခုကို လှစ်ခနဲသတိရ၏။

ဂဏန်းကိုးလုံးနှိပ်ရမှာဖြစ်သော်လည်း ငါးလုံးအရောက်မှာ ဖုန်းပြန်ချ၏။

"ကိုညွှန့် . . မဟုတ်သေးဘူးထင်တယ်"

"ဟင် . . ဘာမဟုတ်တာလဲ"

"စောစောတုန်းကဆက်တဲ့ဖုန်းက သားဆီဆက်တာဆိုရင် . . သားမှာ Hand Phone ရှိနေပြီပဲ အဲဒီဆက်မှာပေါ့၊ ဒီကို ဘယ်ဆက်တော့မှာလဲ"

"အ,ပါ့ကွာ၊ ဟိုဖုန်းခေါ်မရလို့ ဒီဖုန်းခေါ်တာမျိုးဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ”

“အင်း . . ဟုတ်သားပဲ”

“မယုံရင် . . ခင်ဗျားသားတော်မောင်ဆီခေါ်ကြည့် ရသလားလို့၊ ရရင် ခင်ဗျားပြောတာအမှန်၊ မရရင် ကျုပ်ပြောတာအမှန်၊ ကိုင်း . . ဆက်ကြည့်”

ဒေါ်ခင်ဖုန်းဝေ မျက်စောင်းထိုးကြည့်၏။ အဲဒီတစ်ယောက်ဟာ . . ငြိမ်းရမလားဟော့ဆိုရင် သူက ရှေ့က။ အင်မတန် အငြင်းသန်သည်။

ပြီးတော့ . . သူပဲအနိုင်လိုချင်သည်။ သူ နိုင်သွားလို့ကတော့ . . မျက်နှာကြီးဖြီးဖြီး တပြုံးပြုံးသဘောကျတတ်သေးသည်။

“ကိုင်း . . မပြောလား”

ဟူသောအကြည့် . . ကြည့်သေးသည်။

ယခု . . မိမိနိုင်ချင်သည်။ ဒါမှ . . ကြားထားရသောစကားတွေ အမှားဟု ယူဆကာ ဘဝင်ကျနိုင်မှာပါ။

“လူကြီးမင်းခေါ် ဆိုသော ဆယ်လ်လူလာဖုန်းမှာ . . စက်ပိတ်ထား၍သော်လည်းကောင်း . . သတ်မှတ်နယ်မြေကျော်လွန်နေ၍သော်လည်းကောင်း ခေါ်ဆို၍မရနိုင်ပါ”

ကွန်ပျူတာမှဖြေဆိုသံတာ ဒေါ်ခင်ဖုန်းဝေ၏



ရင်ကို လှပ်ခနဲဖြစ်စေပါသည်၊ ခေါင်းမှာ မိုက်ခနဲဖြစ်စေပါသည်။

“ရလား”

ခင်ပွန်းသည်၏အမေးကို ခေါင်းယမ်းပြရင်း မျက်စိမျက်နှာပျက်ဖြစ်နေ၏။

“တောက် . . ဒီကောင် . . ဘာလို့စက်ပိတ်ထားရတာလဲကွာ . . တယ်ခက်တာပဲ၊ ဖယ် . . ငါဆက်မယ်”

“စက်ပိတ်ထားပါတယ်ဆိုမှ . . ရှင်ကလဲ”

“ပိတ်လေ . . သူ့ဆီဆက်မှာမှ မဟုတ်တာဘဲ”

“ဒါဖြင့် . . ဘယ်ဆက်မှာလဲ”

“ပြင်ဦးလွင်ကို၊ မြတ်သာရဲ့သား မင်းစောဆီကို”

ဒီတစ်ခါတော့ ဦးဉာဏ်လင်းခန့်က နာမည်နှင့်လိုက်အောင် ဉာဏ်ထက်မြက်နေလေသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com










"ကိုကိုလာမယ်ဆိုလို့ . . ကော်ဖီရည်တွေကျိုလို့"

သူငယ်ချင်းတွေ ဝိုင်းဝန်းနောက်ပြောင်နေကြ သံကြောင့် ကြွေက . . မန္တလေးတက္ကသိုလ်၏အဆောင်ရှိ သံတော ကွက်ကြားမှ ငေးမျှော်နေရာမှ . . မျက်ခုံးလေးနှစ်ခု 'စု'တော့ မတတ်လှည့်ကြည့်မိ၏။

သူငယ်ချင်းဝေမာနှင့် ချောစုက ကြွေ့ကိုမပြော သလိုပုံစံမျိုး မျက်နှာလွှဲလိုက်ကြရာက ကြွေ့ထံမှ ဘာအသံမှထွက် မလာသဖြင့် မျက်လုံးလေးတွေဝေ့အကြည့်မှာ 'ကြွေ'၏အကြည့်နှင့် ဆုံသွားသဖြင့် 'ဟီး'ခနဲ ရယ်ကြလေသည်။

"ကော်ဖီသောက်မလား . . ကော်ဖီ"

ရယ်သံ ကျဲကျဲမျက်နှာဖြင့် ဝေမာ မေး၏၊



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါနဲ့ကွယ် . . ကိုယ့်မှာ သူရောက်မလာသေးလို့ စိတ်ပူရတဲ့ကြားထဲ"

ချောစုက မျက်နှာငယ်လေးဖြင့်ပြောသဖြင့် 'ကြွေ' မနေနိုင်တော့ဘဲ အော်ရလေသည်။

"အေး . . နောက်ကြနော်၊ နင်တို့အလှည့်ကျမှ ဝင့်လည်မယ်သိလား"

"မျှော်သာမျှော် . . ပေါ်မလာတော့ . . ခေါင်းကလေးတမော့မော့နဲ့ လည်တိုင်ကြောမှာကေသာ . . ကေသာ ကေသာ . . ဘာဖြစ်တယ်"

သီချင်းရတာလည်းမဟုတ်ဘဲ ကြွေ့ကိုနောက်ချင်စိတ်ဖြင့်ဆိုခြင်းကြောင့် 'ဝေမာ'ရှေ့ဆက်မဆိုတတ်ဘဲ ထစ်သွားရလေသည်။

"ဝေမာ . ."

ကြွေ အော်လေသည်။

"ဒီမှာ တကယ်စိတ်ပူနေတာ သိရဲ့လား"

ကြွေ့အသံလေးက ငိုသံပါချင်လေသည်။

"အို . . ဟုတ်ပါရဲ့၊ ကိုခန့်ကြီးက နောက်ကျလိုက်တာနော်"

ကြွေ စိတ်ဆိုးမှာစိုးစိတ်ဖြင့် ဝေမာရော ချောစုပါ အပြေးရောက်လာကာ ကြွေ့နဘေးမှာ တစ်ယောက်တစ်ဖက်





စီဝင်ရပ်၏။

"အေးလေ . . ဒီနေ့ ဒီရက် ဒီအချိန်မှာ ဒီကိုအရောက်လာမယ် သူပဲပြောပြီးတော့၊ အဲဒီတစ်ယောက်ဟာ"

ချောစုက နှုတ်ခမ်းလေးစူကာ ခါးလေးတောင်တစ်ဖက်ထောက်လိုက်သေး။

"ဒါပေမဲ့ . . စိတ်မဆိုးရက်ပါဘူးကွယ်၊ ရန်ကုန်ကနေမန္တလေးရောက်အောင်လာရတဲ့ခရီးက နည်းမှတ်လို့"

"ကိုင်း . . တော်ကြပါတော့"

ကြွေက ပခုံးဖြင့်နှစ်ယောက်လုံးကို ယိမ်းသွားအောင်အထိ တိုက်၏။

"သိပ်ပျော်နေကြတယ်ပေါ့လေ . . ဟုတ်လား"

နှစ်ယောက်စလုံး၏မျက်နှာကို တစ်လှည့်စီကြည့်ကာပြောတော့ . . ဝေမာရော ချောစုပါ မျက်နှာအချိုးမပြေလှစွာ မချိုမချဉ်မျက်နှာပေးလေးဖြင့် ခေါင်းညိတ်ကြ၏။ ကြွေမျက်စောင်းထိုးမှ သဘောကျစွာ အသံထွက်ရယ်ကြလေသည်။

"မိန်းမတွေနော်"

"ချစ်လို့ပါ ကြွေရာ၊ ကြွေ့ကိုချစ်လို့စတာပါ၊ စိတ်မဆိုးနဲ့နော်"

"ဟုတ်တယ် . . ဒီနေ့က ကြွေ့မွေးနေ့ . . စိတ်မဆိုးကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလျှောက်ပြောနေတာလဲ . . မွေးနေ့မှာ စိတ်မဆိုးကောင်းဘူးလို့ မကြားဖူးပါဘူး"

"ခု ကြားဖူးပြီလေ၊ စိတ်မြေလိုက်တော့၊ ဝေမာတို့က ကြွေ စိတ်ပြေအောင် နောက်နေတာ"

"ဟုတ်တယ် . . ကြွေရဲ့၊ စိတ်ဆိုးနေတော့ မျက်နှာပုပ်ပုပ်ကြီးဖြစ်နေရော၊ အဲဒီတော့ ကိုခန့်လာရင် မလှမှာစိုးလို့"

ဒီတော့မှ . . ကြွေ ယဲ့ယဲ့ကလေး ပြုံးလေသည်။

"စိတ်ဆိုးတာမဟုတ်ပါဘူး . . ကြွေ စိတ်ပူနေတာ"

"ဟုတ်တယ်၊ ခါတိုင်းဆို . . ကိုခန့် ဒီအချိန်ဆိုရောက်နေပြီနော်"

"ကြွေ စိတ်ပူပါတယ်ဆိုမှ . . လျှောက်ပြောနေပြန်ပြီ ဝေမာရာ၊ နင်ကလဲ"

"ရပါတယ် . . ချောစုရဲ့၊ ဒီနေ့က ကြွေ့မွေးနေ့မို့ . . လျှောက်လည်မယ်ပြောထားလို့ ကြွေက ပိုမျှော်နေမိတာ၊ ပြီးတော့ . . စိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့"

"သူက . . ဒီနေ့မနက်မှ ရန်ကုန်ကထွက်လာမှာဆိုရင် မန္တလေးကို ညကြီးမိုးချုပ်မှရောက်မှာနော် ကြွေ၊ ဘယ်နည်းနဲ့မှ ဒီအချိန်ရောက်စရာအကြောင်းမရှိဘူး၊ ဝေမာ အခုပြောတာ တကယ့်စေတနာနဲ့ပြောတာ"





"ခါတိုင်းကတော့ . . သူက တစ်ရက်ကြိုပြီး ရောက်တာ ဝေမာရဲ့၊ နောက်နေ့မှာ ကြွေ့ဆီရောက်လာတာပဲ၊ ခုန ကတောင် ကြွေ စိတ်ပူတာနဲ့ သူ့ဆီဖုန်းဆက်သေးတယ်၊ မန္တလေးကိုရောက်နေပြီလား သိချင်လို့လေ"

"ကြည့်စမ်း . . မြန်လိုက်တာ၊ ဘယ်အချိန်က သွားဆက်လိုက်မှန်းတောင် မသိဘူး"

"ဟုတ်ပါရဲ့ . . ဘာပြောလဲ . . အဲဒီတော့"

"သူ့ဆယ်လ်လူလာပိတ်ထားတာနဲ့ ကြွေ သူတို့အိမ်ဆက်လိုက်တယ်၊ သူ့အဖေကြီးအသံကြားတာနဲ့ ကပျာကယာ ပြန်ချလိုက်ရတယ်"

"ဟာ . . ဘာပြန်ချစရာရှိလဲ ကြွေရာ၊ အိမ်မှာ ရှိ,မရှိ မေးလိုက်ရင်ပြီးတဲ့ဟာ"

"အမယ်လေး . . မမေးရဲပါဘူးနော်၊ သူ့အဖေကြီးနဲ့ အဲဒီလိုမျိုးတစ်ခါကြုံပြီးပြီ၊ ဟိုးတစ်နှစ်ကပေါ့၊ ကြွေ့ကို . . ဘယ်သူလဲ ဘာညာပြောလို့ ကြွေ စိတ်ဆိုးခဲ့ရပြီးပြီ၊ ခု လည်း ခန့်တို့အဖေမှန်းသိပြီးကတည်းက စိတ်ထဲမှာ တစ်မျိုးကြီးကိုဖြစ်နေတာ ဝေမာရဲ့၊ ရင်ထဲမှာ လေးလေးကြီးနဲ့ တစ်ခုခုဖြစ်တော့မှာလို ခံစားရတယ်"

"ဟယ် . . မဟုတ်တာ၊ ဘာခံစားစရာရှိသလဲ၊ ဘာမှဖြစ်စရာအကြောင်းကိုမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . ကြွေ့စိတ်တွေ လှုပ်လှုပ်ခတ်ခတ်ကိုဖြစ်နေတာ၊ အရမ်းပဲ"

"ဆောရီးပဲ ကြွေရာ၊ ကြွေ အဲဒီလောက်ကြီးစိတ်ပူနေတာ မသိတာနဲ့ . . ဝေမာတို့ 'စ'နေမိကြတာ၊ ဆောရီး"

ပြောရင်း . . ဝေမာရော ချောစုပါ ကြွေနှင့်အတူ လမ်းမဘက်မျှော်ငေးမိသည့်အထဲ ပါဝင်သွားရလေသည်။

☺ ☺ ☺






'မြင်း'ကို 'ချို'တပ်ပေးသည် . . ဆိုသောစကားက ခိုင်မင်းခန့်အတွက်ဖြစ်ခဲ့၏။

"ဆရာဝန်တောင်ဖြစ်တော့မှာဗျာ . . ကားပေးမမောင်းသေးဘူး။ စိတ်မချဘူးဆိုတာကတော့ မဟုတ်သေးပါဘူး"

ခိုင်မင်းခန့် . . ငြူစူဆန္ဒပြသည်နှင့် မိဘနှစ်ပါးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ 'ဘယ်လိုလဲ'ဟု မေးဆတ်ခဲ့ကြရတာပါ။

"ခုရော . . မင်း ကုန်းကြောင်းလျှောက်နေရတာလား"

ဖေဖေ ဦးဉာဏ်လင်းခန့်စကားပြောလျှင် အရွဲ့အစောင်းမပါလို့ မပြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



"လှဖေက မင်းသွားချင်တဲ့နေရာအားလုံး လိုက်ပို့နေခဲ့တာပဲ မဟုတ်လား"

"ကျွန်တော်က . . ကလေးမှမဟုတ်တာ၊ စောင့်ကြို . . ဒါမှမဟုတ် လာကြိုဆိုတာကြီးက စိတ်ကသိကအောက်ဖြစ်ခဲ့ရတာ ကြာပြီ၊ လူငယ်ဆိုတာ ကိုယ့်အပေါင်းအသင်းနဲ့ကိုယ်၊ စိတ်လွတ်ကိုယ်လွတ် သွားချင်လာချင်တာပဲ"

"အခု . . မလွတ်လပ်ရအောင် ကြိုးနဲ့ဘယ်သူကမှ ချည်မထားဘူး"

"လူကိုတော့ ချည်မထားဘူးပေါ့၊ ဒါပေမဲ့ . . စိတ်ကိုချည်ထားတာ"

"ဟုတ်လား . . တော်တော်သနားစရာကောင်းနေတာပါလား"

"ကိုညာဏ်လင်း"

မေမေဒေါ်ခင်ဖုန်းဝေက ဟန့်တားသံဖြင့် သေးကြည့် . . ကြည့်၏၊ ပြီးမှ . . သားကို ပြုံးကြည့်လေသည်။

"သားက . . ဘာဖြစ်ချင်သလဲ"

သားကို လေပြည်ဖြင့်မေး၏။

"သားကိုယ်တိုင်ကားမောင်းပြီး သွားလာလှုပ်ရှားချင်တယ်၊ ကိုလှဖေကို မခေါ်ဘူး"

"မာတ်တိုင်ဝင်တိုက်မိတာ၊ အုတ်တံတိုင်း ဝင်ဆောင့်မိ





တာ၊ ကြက်သားအုပ်မကိုဝင်တိုးမိတာတွေ မေ့သွားပြီလား"

ခိုင်မင်းခန့် . . လှုပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။

"မတော်တဆဖြစ်ခဲ့တာတွေကို ဖေဖေက ခေါင်းထဲထည့်ထားခဲ့တာပဲ၊ ပြီးတော့ . . ဒါတွေက ဟိုးတုန်းကဖြစ်ခဲ့တာတွေပါ၊ အဲဒီအတွက် ဒဏ်ခတ်တာ မကြေသေးဘူးလား၊ အခု . . ဖေဖေ့ကိုလှဖေကရော မထိမိ မတိုက်မိလို့လား"

ဖေဖေ့မျက်စောင်းက ခန့်ဆီသို့ ဒိုင်းခနဲရောက်လာ၏။

"သားပြောတာလည်း ဟုတ်တာပဲ ဖေကြီးရဲ့၊ ဒရိုင်ဘာတန်းလန်းနဲ့သွားနေရတာ ဘယ်လွတ်လပ်မလဲ၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်သွားလာပါစေ၊ မောင်းလိုက်တော့"

"သဘော . . သဘော၊ ခင်ဗျားတို့သဘော၊ ပြီးတော့မှ တမျှော်မျှော်နဲ့ ခင်ဗျားလည်းပင်း ညောင်ရေအိုးဖြစ်မှာမြင်ယောင်ပါသေးဗျာ"

နောက်ဆုံးရလဒ်က ခိုင်မင်းခန့်စိတ်တိုင်းကျ ကားမောင်းခွင့်ရခဲ့ခြင်းပဲဖြစ်၏။

ကြွေကာ . . မန္တလေးတက္ကသိုလ်မှာကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်နေသူမို့ . . အချိန်ရလျှင် ရသလို ကြွေ့ထံရောက်အောင် မန္တလေးထိသွားခဲ့၏။

ကြွေနှင့်သွားလာလည်ပတ်သည်မှာ တစ်မြို့တည်းမှာနေသူတွေလိုပဲ လွတ်လပ်စွာ မကြာခဏဆုံခွင့်ရခဲ့ပါသည်။

ယခုလည်း . . ကြွေ့မွေးနေ့လေ၊

ခိုင်မင်းခန့်က ကြွေ ဝမ်းသာအံ့ဩသွားစေချင်စိတ်ဖြင့် ကြွေ့အတွက်မွေးနေ့လက်ဆောင်ကို ပလက်တီနမ်ဖြင့်ပြုလုပ်ထားသော လော့ကက်ပါသည့်ဆွဲကြိုးလှလှလေး ဝယ်ယူခဲ့၏။

ကြွေမြင်ရင် သဘောကျမှာပဲဟု ကြည်နူးစိတ်ဖြင့် စိတ်ကူးထဲမှာ . . မီမီက ကြွေ့လည်တိုင်ကြော့မှာဆင်မြန်းပေးနေသည့်အသွင်သဏ္ဌာန်လေးမြင်ယောင်ကာ ပြုံးမိလေသည်။

မဟိုင်းဆိုလျှင်တော့ ကြွေနှင့်ချိန်းထားသော ရက်ထက် တစ်ရက်စောထွက်ပြီး . . နောက်နေ့မှာ ကြွေ့ကိုသွားရောက်တွေ့ဆုံခဲ့စမြဲဖြစ်၏။

အဆင်မပြေဖြစ်ချင်တော့ . . ခိုင်မင်းခန့်ဟောက်စ်ဆင်းရသည့်ဆေးရုံမှ နှလုံးရောဂါဝေဒနာရှင်လူနာ သတိလစ်နေသဖြင့် ခိုင်မင်းခန့်ပျာများခဲ့ရ၏။

ခိုင်မင်းခန့်တို့၏ဆရာရောက်ရှိလာချိန်မှာ . . လက်သွေးခုန်နှုန်းစမ်းပြီး . . နာ့ကျပ်ဖြင့်နားထောင်၏။





"Cardiac arrest ရတာပဲ၊ ကိုင်း . . ခိုင်မင်းခန့်ရေ . . စီပီအာရ် (C.P.R) လုပ်ကွ"

ဆိုသဖြင့် ခိုင်မင်းခန့်မှာ လူနာ၏ဘယ်ဘက်ရင်ဘတ်နှလုံးသားရှိရာနေရာကို လက်နှစ်ဖက်ယှက်လျက်သားလက်ဖနောင့်နှင့်ဖိချပေးဖြင့် ပြုစုလိုက်ရသည်မှာ အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။

E.C.G စက် ပြေးဆွဲတွန်းယူ၊ Chest Leads တပ်ဆင်ဖြင့်(နောက်ရက်မှာ အနားရတာမို့ ကြွေ့ထံသွားမည့်အစီအစဉ်တွေ) နောက်ကျသွားရပါသည်။

အရေးကြီးသည်ဆိုပါမှ . . လမ်းခရီးရှိ လမ်းလွှဲမှသွားရသည့်လမ်းတချို့နေရာတွေမှာ ရပ်စောင့်ရဖြင့် အချိန်ကြာနေခဲ့၏။

ဒီကြားထဲ . . . ပစ္စည်းတွေတနင့်တပိုးတင်ဆောင်လာသည့်ကားတန်းရှည်ကြီးကို ကားလမ်းနဘေးဆ ်းရှောင်ပေးရသဖြင့် . . ဒီနေ့မှ အချိန်တွေ ကြန့်ကြာပြီးရင်းကြန့်ကြာနေခဲ့ ၏။

လက်မှနာရီကိုကြည့်လိုက်တော့ ခိုင်မင်းခန့်မျက်လုံးပြူးရ၏။

ကြွေ စောင့်နေရှာမည့်အချိန်ကို . . မီအောင်ရောက်နိုင်ပါတော့မလား။ 'ကျွတ်'ခနဲ အသံမြည်အောင်စုတ်သပ်၏။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့နယ်ထဲ ဝင်ရောက်လာပြီဖြစ်သော်ငြားလည်း . . ကြွေတို့၏အဆောင်သို့ရောက်ဖို့က အလှမ်းဝေးသေး၏။ နာရီကိုအကြည့်ရောက်ပြန်သည်။

ဒီအချိန်ဆို . . ကြွေ မျှော်နေလောက်ပြီ။

ရင်ထဲမှာ ပူသွားလေသည်။ ဆဲလ်လူလာဖုန်းကိုသတိရ၏။


ကြွေမျှား ဖုန်းဆက်လေမလား။ စက်ဖွင့်၏။ စတီယာရင်ကိုင်ထားသောလက်ထဲမှာပင် ဖုန်းကိုထည့်ကိုင်၏။

ကြွေတို့အဆောင်ကိုဆက်လိုက်၏။ ဖုန်းခေါ်၍မရခြင်းကြောင့် စိတ်ပျက်စွာ ဖုန်းကို ပေါင်ပေါ်ပစ်ချ၏။

"ကျွန်တော်လာပြီ ကြွေရေ . . စိတ်ရှည်ရှည်ထားပြီး စောင့်ပါခင်ဗျာ"

စက်ရှိန်မြှင့်တင်မောင်းလာခဲ့စဉ်မှာပင် . . .






"ဟော . . ဟိုမှာ . . မင်းစောမဟုတ်လား"

ဝေမာ . . ညွှန်ပြမှပင် အဆောင်ရှေ့ထိုးဝင်လာသော ဆိုင်ကယ်ကို ကြွေမြင်၏။ ဟဲလ်မက်ဦးထုပ်ဆောင်းထားသောမင်းစော၏ပုံစံက ကြည့်လိုက်တာနှင့် သိသာထင်ရှားစွာကိုယ်တန် ကြွခိုင်မှုရှိသဖြင့် . . ကြည့်ကောင်း၏။

ယခင်က . . ပြိုင်ဘီးကလေးစီးသော မင်းစောက နောက်ပိုင်းမှာ . . ခေတ်မီဆန်းပြားလှပသော ဆိုင်ကယ်တို့စီးတာ သိပ်မကြာလှသေးပါ။

"အတော်ပဲ . . ခန့်အကြောင်းမေးချင်တာနဲ့"

ကြွေ . . ဝမ်းသာအားရ ပြေးဆင်းသွားခဲ့သေသည်။ မင်းစောလာတာကလည်း ကြွေနှင့်တွေ့ဖို့ကလွဲ၍ တခြား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရှိမနေတာ ကြွေ အသိဆုံးပဲဖြစ်လေသည်။

မင်းစောက ဆိုင်ကယ်ပေါ်မှ ဆင်းမလာသေးပါ။ ခေါင်းပေါ်က ဟဲလ်မက်ဦးထုပ်ကို ချွတ်နေစဉ်မှာပင် ကြွေက မင်းစော၏ဆိုင်ကယ်ရှေ့နားအပြေးအလွှားရောက်သွားခဲ့၏။

"ခန့်ရော . . ခန့်၊ နင်တို့အိမ်ရောက်နေပြီလား . . မင်းစော"

"ဟင်"

မင်းစောက ဦးထုပ်ချွတ်ရက်တန်းလန်းအနေအထားမှကြည့်၏။ အံ့ဩတကြီးဖြစ်ပုံ အထင်အရှားမြင်ရလေသည်။

"မရောက်ပါဘူး . . မလာဘူး၊ ငါက နင့်ဆီ ဒီကောင်ရောက်နေပြီထင်တာ ကြွေရဲ့နင်တို့လျှောက်လည်နေပြီလား အကျိုးအကြောင်းသိချင်လို့ လာကြည့်တာ"

"ဘယ်ကလာ၊ လုံးဝကို ရောက်မလာသေးလို့ ကြွေ မျှော်နေတာ၊ ခုထိ . . ဖုန်းဆက်လို့မရ ဘာမရနဲ့ဘယ်လိုဖြစ်တယ်မသိဘူး"

ကြွေ စိတ်ရှုပ်ထွေးနေပုံလေးကပင်တစ်မျိုးလေးချစ်စရာကောင်းနေ၏။ မင်းစောက စိုက်ခံနဲငေးကြည့်မိပြီးမှ ပင့်သက်ချမိလေသည်။

"ငါ့ဆီ . . ဒီကောင် ဟိုတစ်နေ့က ဖုန်းဆက်ပြော . . ဒီနေ့ရောက်လာလိမ့်မယ်ပြောတာပဲ"





"အဲဒီနောက် အဆက်အသွယ်မရှိဘူးပေါ့ . . ဟုတ်လား"

"ဟင့်အင်း . . နင်က သူများတော့ပြောတယ်၊ နင်ရော ဖုန်းဆက်ကြည့်ပါလား၊ ဒီလောက်ပူနေပြီးတော့"

"ဆက်ကြည့်တယ်ဟ . . သူ့ဖုန်းကခေါ်လို့မရတာနဲ့ သူ့အိမ်ကိုဆက်တာ ဟိုတစ်ခါလိုပဲ သူ့အဖေကြီးလာကိုင်လို့ ငါ ပြန်ချလိုက်ရတယ်၊ တော်နေကြာ . . ဟိုတစ်ခါလိုဖြစ်မှာစိုးလို့လေ"

မင်းစော သဘောကျစွာရယ်ပုံက သွားကြီးအဖြီးသားမို့ ကြွေ မျက်စောင်းခဲလိုက်၏။

"ဘာရယ်တာလဲ . . ပုံစံကိုက"

"ရယ်စရာကို။ နင်တို့က သမက်နဲ့ ယောက္ခမ ဘောက်ကျတာမှမဟုတ်တာပဲ၊ ချွေးမနဲ့ယောက္ခထီးဖြစ်နေတော့ ဟားဟား"

"ကြည့်စမ်း . . ကောင်စုတ်၊ သူများကို ဟားဖို့ဆိုရင် ရှေ့က၊ အေးပါ . . နင့်ကျမှသိမယ်"

"သိစရာရှိလာဖို့က မလွယ်ပါဘူး"

နာကျင်ခံစားရသောအပြုံးကို ပြုံးရင်း ဖုံးကာဖိကာ ဆို၏။

"ဘာလို့"

"ငါ့ကိုချစ်မှာမှမဟုတ်တာ . . သူက"

"အမယ် . . သူကတွေ့ဘာတွေနဲ့ တွေ့နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ"

"ဘယ်သူလဲ . . ငါသိသလား"

"သိတာပေါ့ . . ဘယ့်နဲ့ပြောပါလိမ့်"

"ဒါဖြင့် . . ဘယ်သူလဲပြော"

"ဘရစ်တာနီစဖဲယား"

ကြွေဝတ်မှုန်ပေါ့ကွယ် . . ဘယ်သူရှိရမလဲဆိုတာကိုတော့ . . မင်းစောနှလုံးသားထဲက တီးတိုးလေးပြောတာ ကြွေ နားမစိုက်လို့ မကြားတာပါ။

"သွား . . ကောင်စုတ်၊ နိုင်ငံခြားကအဆိုတော်မှကြိုက်လို့ကတော့ . . သေ . . လဲသေ၊ နင်သေတောင် ရမှာမဟုတ်ဘူး"

မင်းစော . . တဟားဟားရယ်ပစ်လိုက်ပါသည်။

ကြွေရဲ့ . . နင်က ငါ့နှလုံးသားကို နည်းနည်းလေးမှ သတိမပြုမိတော့ဘဲကိုး၊ ရယ်ရင်းမှ မျက်ရည်တြည်ဝဲတက်တာကို အမြန်ဆုံး မျက်တောင်ပုတ်ခတ်လိုက်၏။

"ကိုင်း . . ငါပြန်မယ် ကြွေ၊ နင် ဆက်စောင့်မှာလား"

"ဟဲ့ . . နေဦး၊ ငါ ဘာလုပ်ရမှန်းမသိလို့ အကြံဉာဏ်ပေးဦး"

"ဘာအကြံပေးရမှာလဲ၊ သူကိုစောင့်ချင်ရင် စောင့်၊ ဒါမှမဟုတ် ငါနဲ့တစ်ခါတည်းလိုက်ချင်ရင် လိုက်ခဲ့"





"ဒီနေ့ ငါ့မွေးနေ့ မင်းစောရ၊ သူနဲ့ငါ လည်ဖို့သေသေချာချာ အစီအစဉ်ဆွဲထားတာ"

"ဘာ . . ဒီနေ့ . . နင့်မွေးနေ့ . . ဟုတ်လား"

ကြွေ ခေါင်းညိတ်၏။

"နင်က ငါ့တောင်မပြောဘူး"

"ပြောစရာလား . . လိုမှမလိုအပ်တာ၊ ခန့်တောင်မှ သူ့မွေးနေ့ ကိုယ့်မွေးနေ့ပြောရင်းကနေ သူက သေသေချာချာမှတ်ထားပြီး ငါ့ကို သူက စဖုန်းဆက်ပြောတာ၊ ကြွေ့မွေးနေ့မှာ သူလာခဲ့မယ်ဆိုပြီးတော့လေ"

"ဒါဆို . . သူလာမှာပေါ့၊ တစ်ခုတော့ရှိတယ် . . အလုပ်မပြတ်လို့များလားမှ မသိတာပဲ"

"အေး . . ဒါပေမဲ့ . . မလာဖြစ်ဘူးဆိုရင်လည်း ဖုန်းပြန်ဆက်ဖို့တော့ကောင်းတာ"

"သွားစမ်းပါ . . နင်တို့အဆောင်ဖုန်းကလည်း ဂျီဝချောင်ကြီး၊ တစ်ခါတလေ ရလိုက်၊ တစ်ခါတလေ မရလိုက်မှာ . . မရတာကများနေတာ"

"အမယ်လေးလေး . . ခန့်ဘက်ကရှေ့နေလိုက်နေလိုက်တာ၊ ရှေ့နေခ ဘယ်လောက်ရတယ်မသိပါဘူး"

"ဟော . . ဟော . . ကြားလား . . ကြွေ၊ ကြားလား"

"ဟင် . . ဘာလဲ . . ဘာကြားရမှာလဲ"

"ဗိုက်ထဲက ဆန္ဒပြနေတာလေ၊ ဂွီး . . ဂွီ . . နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကို လက်ညှိုးလေးထောက်ပြရင်း မျက်လုံးပြူးပြောသောမင်းစော၏ပုံစံက ရယ်စရာကောင်း၏။

"ဟား . . ဟား . . ရယ်ရတယ်၊ ပုံစံကိုက ငါလည်း ခန့်နဲ့ကျမှထမင်းစားမယ်ဆိုပြီး မစားသေးဘဲစောင့်နေတာ မင်းစောရ၊ နင်ပြောမှ ငါ ဆာလာတယ်"

"ဒါဖြင့် . . ဝေမာတို့ကို ခန့်လာရင်လိုက်လာခဲ့ဖို့ မှာထားလိုက်မယ်"

ကြွေ ပြေးထွက်သွား၏။ ခဏနေတော့ ပခုံးချိတ်ပိုက်ဆံအိတ်လွယ်ကာ ပြန်ပြေးထွက်လာ၏။

"ပိုက်ဆံများများစားစားမှ ယူလာခဲ့ရဲ့လား ကြွေရ"

"ကပ်စေးနဲကော်တစ်ရာနော် . . နင့်လို ပိုက်ဆံမပါဘဲ လျှောက်သွားတတ်တယ်မှတ်လို့လား"

ကြွေ . . ဆိုင်ကယ်နောက်ဘက်မှာထိုင်ရင်းခပ်ဆတ်ဆတ်ပြောတော့ . . မင်းစော သဘောကျစွာ တဟားဟား အော်ရယ်လေသည်။

ထိုအချိန်မှာ . . အဆောင်၏ကော်ရစ်တာမှာ ဝေမာနှင့်ချောစုက အငေးသားကြည့်နေကြတာပါ။

"ကြွေက မင်းစောနဲ့ပိုလိုက်သလိုပဲဟ . . နော်"

"ဟာ . . ဝေမာကလည်း၊ ခန့်နဲ့ကပိုလိုက်တာပါ၊ နှစ်ယောက်စလုံး ဖြူဖြူချောချောကလေးတွေ"

"ခိုင်မင်းခန့်ချောတာက အကြည့်မခံပါဘူး၊မင်းစောကမှ



ယောက်ျားပီပီသသ ခန့်ခန့်ညားညားရှိတာ၊ ထာရှည်ကြည့်လေ . . အကြည့်ခံလေပဲ"

ဝေမာ၏စကားကို အနောက်မှဖြတ်လျှောက်သွားခဲ့သော 'နီလွင်ကြည်' ကြား၏။

စပ်စပ်စုစုရှိတတ်သူ၏ အမူအကျင့်အတိုင်း လမ်းမကိုအကြည့်ရောက်၏။

မင်းစောဆိုင်ကယ်ပေါ်မှာ ကြွေ လိုက်ပါသွားတာမြင်နေရသဖြင့် . . မျက်မှောင်တလေးတွန့်သွားရလေသည်။

"ကြည့်စမ်း . . ကြည့်စမ်း . . ပေါ်ပြီ၊ လက်စသတ်တော့ ဝေမာ . . နင်က မင်းစောကိုကြိုက်နေတာပဲ"

"အေး . . ငါ့ကိုသာကြိုက်လို့ကတော့ ပြန်ကြိုက်ပြီးသားပဲ၊ ခုတော့ . . သူကြိုက်နေတာက တစ်ယောက်ဟဲ့"

"ဟင် . . ဘယ်သူလဲ . . ငါ့ကိုလား"

"တော်စမ်းပါ . . ဘယ်ကလာ၊ ကြွေ့ကို . . ကြွေ့ကို"

ပြောနေရင်းမှ လူရိပ်မြင်သဖြင့် လှည့်ကြည့်မိကြ၏။ နီလွင်ကြည်က ရပ်ကြည့်နေရာက ရယ်ပြုံးပြပြီး ဆတ်လျှောက်သွားသဖြင့် . . ဝေမာနှင့်ချောစု မျက်ခုံးပင့်ကျန်ရစ်ခဲ့လေသည်။

"ဘယ်လိုကြီးလဲဟ . . နောက်ကနေ ရပ်နားထောင်နေသလားပဲ"

"စပ်စုတာလေ . . သူများကိစ္စသိပ်စပ်စုတာ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ပြောတာ ကြားသွားသလားပဲ"

"ကြားကြားဟာ . . သူ့အကြောင်းပြောတာမှမဟုတ်တာ၊ ပြီးတော့ . . နောက်ပြောင်ပြောနေတာ သူသိမှာပါ"

နီလွင်ကြည့် နားထဲမှာ . . နောက်ပြောင်ပြောသည်ဟု မထင်ပါ။ ဝေမာက မင်းစောကိုကြိုက်နေလျက် မင်းစောကြိုက်နေတာ ကြွေ့ကို . . ဟူသောစကားက အံ့ဩထူးဆန်းစရာအကြောင်းအရာတစ်ခုအဖြစ် သစ်ဆန်းစွာ စွဲထင်သွားတာ ဝေမာရော ချောစုပါ မသိလိုက်ကြပါ။

☺ 😐 ☺






"ဟုတ်ကဲ့ . . အားလုံးနေကောင်းကြပါတယ်၊ မမခင်တို့ မိသားစုရော . . ."

ဇနီးသည်၏ တယ်လီဖုန်းပြောသံကို ဦးမြတ်သာက ညှော့ခန်းဝအရောက်မှာ စတင်ကြားရ၏။

"သြော် . . လာချင်တာပေါ့၊ မအားလို့ သန်းက မလိုက်လာတာပါ၊ ကိုမြတ်သာကတော့ ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့သွားဖြစ်လိုက်သေးတယ်"

ပြောရင်း . . ဒေါ်သန်းရီက အသံကြားရာ လှည့်ကြည့်၏။ လှုပ်ရှုံမေးသော အမေးကို စကားပြောခွက်လေးထက်တလေးဖြင့်အုပ်ရင်း . . 'ဒေါ်ခင်ဖုန်းဝေ'ဟု ဒေါ်သန်းရီက အသံထွက်ရုံမျှဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . လက်လွှတ်ကာ ဆက်ပြောလေသည်။

“သြော် . . ဟုတ်လား၊ တွေ့ဖြစ်လိုက်သေးသလား၊ သူမအားလို့မဝင်တာထင်တယ် မမခင်”

“. . . . . . . . . . . . . . . . . . . . . . .”

“ဟုတ်တယ် . . ခန့်ကတော့မကြာခဏဆိုသလိုပဲရောက်တယ်၊ သားပြောသံကြားတာတော့ . . ဒီနေ့တောင်လာမလားပဲ”

“. . . . . . . . . . . . . . . . . . . . . . .”

“ဟင့်အင်း . . ခုချိန်ထိတော့ ရောက်မလာသေးဘူး မမခင်ရဲ့၊ ဟုတ်ကဲ့ . . ဖုန်းဆက်ခိုင်းပါ့မယ်”

“. . . . . . . . . . . . . . . . . . . . . . .”

“ခန့်က ပြင်ဦးလွင်သားဖြစ်ရင် ပိုကောင်းတာပေါ့ မမခင်ရယ်၊ ဒါမှ မမခင်တို့ရောက်ဖြစ်ကြမှာ . . .”

ဒေါ်သန်းရီက သဘောကျစွာ ရယ်၏။

“ကိုမြတ်သာက အဲဒီလိုပဲ . . အင်မတန်နောက်တတ်ပြောင်တတ်တာ မမခင်လည်း သိသားပဲ၊ ဟုတ်,မဟုတ်တော့ သန်းတို့က သေသေချာချာမသိပါဘူး”

“. . . . . . . . . . . . . . . . . . . . . . .”

ဦးမြတ်သာက သူ့နာမည်ကြားသဖြင့် လှည့်ကြည့်၏။ ဒေါ်သန်းရီ မှုန်ကုပ်ကုပ်ကြည့်တာ ခံရလေသည်။

“ခန့်နဲ့ တရင်းတနှီးတွဲနေတာကတော့ရှိတယ်၊ ကြွေဝတ်မှုန်တဲ့၊ သားရဲ့သူငယ်ချင်းဆိုတော့ ခန့်နဲ့ခင်ခင်မင်မင်ဖြစ်နေတာလားတော့မသိဘူး၊ နောက်တစ်ယောက်တာနီလွင်ကြည်ဆိုတာပဲ၊ သူကတော့ သန်းတို့အိမ်နီးချင်းလေ၊ အိမ်ချင်းကကပ်နေတော့ ရင်းနှီးနေတဲ့သဘောတော့ရှိတယ်”

“. . . . . . . . . . . . . . . . .”

“ဟုတ်ကဲ့ . . ခန့်လာရင် ပြောလိုက်မယ် မမခင်”

ဒေါ်သန်းရီက ဖုန်းချပြီးနောက်မှာ ဦးမြတ်သာ၏ရှေ့တည့်တည့်မှာလာထိုင်လေသည်။

“ရှင် ဘာတွေသွားပြောတာလဲ ဦးမြတ်သာ”

“ပြော . . ငါ ဘာတွေပြောလို့လဲ”

“ဦးညာဏ်လင်းခန့်ကိုလေ . . ခိုင်မင်းခန့်တောင် ပြင်ဦးလွင်သား လုပ်တော့မယ်ထင်တယ် ဘာညာသွားပြောတယ်ဆို”

“သွားမပြောရပါဘူးကွာ . . ရန်ကုန်သွားတုန်းက တားချင်း ဘေးချင်းယှဉ်ရပ်မိလို့ မျက်နှာချင်းဆိုင်မိတော့ ဝမ်းသာအားရနှုတ်ဆက်ရာက လှမ်းပြောလိုက်တာ”

“ရှင်ဟာလေ . . ဦးညာဏ်လင်းခန့်အကြောင်းလည်းသိသားနဲ့၊ လူကြီး . . လူကြီးဘာသာမနေဘူး၊နေရာတကာပါတယ်၊ ခုကြည့် . . မေးလားမြန်းလားဖြစ်ကုန်ပြီ . . ကောင်းရော”





www.burmeseclassic.com

www.burmeseclassic.com



“မေးလေ . . မေးတော့ သိသွားတာပေါ့၊ သိစေချင်လို့ကို ပြောလိုက်တာ သန်း၊ရ၊ မိဘဆိုတာ ကိုယ့်သားသမီးအခြေအနေ ကိုယ်သိဖို့လိုတယ်၊ တော်နေကြာမှ . . ကွာတို့ရှိနေရက်နဲ့ နည်းနည်းလေးမှ အကြောင်းမကြားဘူး မပြောဘူးဖြစ်မှာစိုးလို့ ကြိုပြီးသတိပေးလိုက်တာ၊ ဒါ. . မိတ်ဆွေကောင်းတို့ရဲ့ကျင့်ဝတ် . . သိရဲ့လား”

“ကျင့်ဝတ်”

“ဟုတ်တယ် . . ကျင့်ဝတ်၊ သူတို့သိသင့်တယ်ထင်လို့ တမင့်ကို . . ပြောလိုက်တာ”

“ဒါဖြင့် . . ဖြူဖြူ့ကိုကျတော့ ရှင် ဘာလို့မပြောတာလဲ၊ ရှင်ပြောတဲ့ကျင့်ဝတ်က ဘယ်လိုကြီးလဲ”

ဦးမြတ်သာ . . တဟားဟားရယ်လေသည်။

“ဘက်လိုက်တယ် . . တစ်ခါတည်းပြောလို့ရပါတယ်”

“ရှင်က ကျင့်ဝတ်ပြောတော့ 'သန်း'လည်း ကျင့်ဝတ်သုံးတာ ဆန်းသလား၊ စကားတစ်ခွန်းကို ဒီလူကျတော့သုံး ဟိုလူကျတော့ မသုံးနဲ့ဆိုတာ မဟုတ်လိုက်တာ”

“မပြောပါဘူးကွာ . . ပြောပါ့၊ ပြောရပါတယ်၊ ဒေါ်ဖြူဖြူက ကြွေဝတ်မှုန်အမေ . . ဟုတ်ပြီလား၊ သူ့သမီးကသူ့မျက်စိရှေ့တင်ရှိနေတာ၊ ခန့်နဲ့ကိစ္စက သူ ရိပ်မိမှာပါ၊ မင်းပဲပြောသေးတယ်လေ . . တစ်ခါတုန်းက ခန့်အကြောင်း နည်းနည်းပါးပါး လာတီးခေါက်တာ စုံစမ်းပုံရ



တယ်ဆိုတာ”

“ဒါက . . 'သန်း' အထင်ကိုပြောခဲ့တာပဲ”

“ဘာပဲဖြစ်ဖြစ် . . ခန့်အကြောင်း သူသိပြီပဲ၊ သဘောတူလို့သာ ခုလို မတားဆီးဘဲ နေနေတာ၊ ငါက ဘာသွားပြောစရာလိုသလဲ၊ မသိသေးတဲ့သူက ဦးညဏ်လင်းခန့်တို့တစ်တွေ၊ ပြင်ဦးလွင်မှာ တို့ရှိနေလို့ စိတ်ချလက်ချလွှတ်ထားတာ၊ ခု . . မိန်းကလေးကိစ္စ ရည်းစားသနာရှိပြီဆိုရင် . . တို့မှာ ပြောဖို့တာဝန်ရှိတာပေါ့”

ဒေါ်သန်းရီ ခေါင်းညိတ်၏။

“ဟုတ်တယ်”

ထောက်ခံမိ၏။

“ခု . . ဘာတဲ့လဲ”

“ကြည့်ရတာ . . ရှင်ပြောလိုက်တာကို စိတ်ပူသွားပုံပေါ်တယ်၊ စုံစမ်းတဲ့သဘောပဲ . . ရှင်ကြားပါတယ် 'သန်း' ပြောတာတွေ”

“ကြားတယ် . . နေဦး၊ နီလွင်ကြည်ကို မင်းဘာလို့ထည့်ပြောတာလဲ”

“ကြွေဝတ်မှုန်ဆိုပြီး တစ်ခါတည်းတန်းခနဲပြောရင် တပ်အပ်သေချာသိနေတယ်ထင်မှာစိုးလို့ . . နီလွင်ကြည်ကိုပါထည့်ပြောလိုက်တာလေ . . ခင်နေတဲ့နှစ်ယောက်ဆိုတော့ သေသေချာချာမသိတဲ့သဘောပေါ့၊ ကလေးတွေမြန်းခနဲ့အခက်အခဲမဖြစ်အောင်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"အခု . . ခန့်က ဒီရောက်နေပြီလား၊ ဘာပြောလဲ . . မင်းစောက"

"ခန့်တောင် လာမယ်လို့ပြောသွားတာပဲ၊ ဒေါ်ခင်ဖုန်းဝေ ဖုန်းဆက်ပုံက . . ဒီမှာ ခန့်ရောက်နေသလား သိချင်တဲ့ပုံပဲ၊ လာတာနဲ့ ဖုန်းဆက်ပေးပါပြောတယ်"

ဦးမြတ်သာ . . သက်ပြင်းချကာ ခေါင်းယမ်းလေသည်။

"တို့ပြောတာ . . စောများသွားသလားမသိဘူး"

"ဟင် . . ဖြစ်ရပြန်ပြီ . . ရှင်က"

ဒေါ်သန်းရီ မျက်စောင်းထိုး၏။

"တော်နေကြာ . . သူ့အရှိန်လေးနဲ့သူ လိမ့်နေတာ ပြုန်းခနဲ တားဟယ်ဆီးဟယ်ဆိုရင် လန့်ဖျပ်ပြီး ဝရုန်းသုန်းကားဖြစ်မှာစိုးရတယ်"

"အဲဒီတော့လည်း . . ဘယ်တတ်နိုင်မလဲရှင်၊ မပြောတော့လည်း စောစောစီးစီးက မပြောကောင်းလားဆိုပြီဖြစ်မယ်၊ ပြောတော့လည်း ပြီးသွားတာပဲ၊ သူတို့ဇာတ် သူတို့နိုင်အောင် 'က'ပေါ့ . . မဟုတ်ဘူးလား၊ ဒါပဲရှိတာပဲ"

"အင်း . . ဟုတ်တယ် . . ဒါပဲရှိတာပဲ"


ပြောနေစဉ်မှာပင် ဖုန်းမြည်လာ၏။

"မင်းနေ . . ငါ ကိုင်လိုက်မယ်"

ဦးမြတ်သာ ဖုန်း 'ထ'ကိုင်လေသည်

☺ 😐 ☺






"ဘာတဲ့လဲဟင်"

ဖုန်းပြောပြီး စားသောက်ဆိုင်၏စားပွဲမှာပြန်ထိုင်သော မင်းစောကို ကြွေက မျှော်လင့်မျက်ဝန်းများဖြင့်ကြည့်ပြီး မေး၏။

"ခုထိ . . ခန့်မရောက်လာသေးဘူးတဲ့၊ ဖေဖေတို့ဆီတောင် ခန့်အမေဆီက ဖုန်းလာတယ်တဲ့"

"ဟုတ်လား . . ဘာတဲ့လဲ"

"ခန့်အကြောင်းမေးတာလို့ ပြောတယ်၊ မမေကတော့ ခန့်လာလိမ့်မယ်လို့ပြောလိုက်တယ်တဲ့"

"ဘုရားရေ . . ခန့်က သူ့အိမ်ကမသိအောင်လာမှာ၊ အဆောင်ကနေ ခိုးပြီးလာမှာ၊ ဒါဆို . . သူ့အိမ်ကသိသွား

www.burmeseclassic.com



ပြီပေါ့ . . ဒုက္ခပဲ မင်းစောရယ် . . ခက်တော့တာပဲ”

ကြွေ့ဝတ်မှုန် မျက်နှာပျက်တာက ယခုပင် ငိုချတော့မလိုပါ။

“ဆောရီးပဲ . . ကြွေရယ်၊ မေမေက ခန့်ကြိုက်တတ်တာ ရွေးပြီး ချက်တတ်တာဆိုတော့ . . ငါ ကြိုပြီးပြောထားလိုက်မိတာ၊ အန်တီဝေ . . ငါတို့အိမ်ဖုန်းဆက်မယ်မှ မသိတာဟ”

“ထားပါ . . ခုမှတော့ . . ဘယ်တတ်နိုင်မလဲ၊ သူ့အိမ်က သိသွားလို့ကတော့ သူ ဆူခံထိမှာ ကျိန်းသေတယ်”

“အေး . . ညတုန်းက သူရောက်လာမယ်ထင်တာ၊ အံ့ရော . . ဘာဖြစ်တယ်မသိဘူး”

“ဟုတ်တယ် . . ငါလည်း အစောကြီးကတည်းက မျှော်နေတာ မင်းစော၊ ဒီနေ့မှ ပိုပြီးတော့ကို မျှော်နေမိတာ၊ သူ့ဖုန်းကရော ဆက်လို့မရတာလား . . မကိုင်တာလား”

“လိုင်းမဝင်တာလား မသိဘူး . . ခေါ်မရတာတော့အမှန်ပဲ”

“ကျွတ် . . ဘာမှန်းလဲမသိဘူး၊ အဲဒီ ခန့်တစ်ယောက်ဟာ”

“ဟာ . . ခဏကွ . . ငါ သိပြီ ကြွေ”

“ဘာသိတာလဲ . . ငါလည်းပြောဦး”

“သူသွားနေတဲ့အဆောင်ကသူငယ်ချင်းဖုန်းနံပါတ် ငါ့ကို





သူတစ်ခါပေးထားဖူးတယ်”

“ဘာလုပ်ဦးမလို့လဲ”

မင်းစော ထိုင်ရာမှ ထတာကို ကြွေ . . နားမလည်စွာ မျက်မှောင်တွန့်ကြည့်၏၊ မင်းစောက ထမင်းစားခြန်လှ၏။

“ဖုန်းဆက်ကြည့်မယ် . . ဒီကောင် ဘယ်အချိန်ကထွက်သွားတာလဲ ဘာလဲ ပိုသေချာအောင်မေးကြည့်လို့ရတာပေါ့”

“အင်း . . အဲဒါလည်းကောင်းတာပဲ၊ ဟဲ့ . . မင်းစော”

ခြေလှမ်းပြင်ပြီးကာမှ မင်းစောလှည့်ကြည့်၏၊

“သူ့အိမ်က မသိစေနဲ့ဆိုတာပါပြောဦး”

“ဟာ . . ငါသိပါတယ်ဟ . . ပိုမနေနဲ့”

မင်းစောဖုန်းဆက်နေချိန်မှာ ကြွေ ထမင်းလက်ကျန်ကို အပြီးသတ်စား၏။ ငွေရှင်း၏။

လက်မှနာရီကိုကြည့်လိုက်၏။ အမှန်မှာထမင်းလက်ဆုံစားရမည့်သူမှာ မင်းစောမဟုတ်ဘဲ ခိုင်မင်းခန့်ဖြစ်ရမှာပါ။

ယခုတော့ . . .

ခန့်နှင့်အတူတွဲ၍ ကြည်နူးစွာလျှောက်လည်ခဲ့ရသည်ဟူသောအိပ်မက်က အိပ်မက်အဖြစ်နှင့် ကြွေကို ဘျစယ်ခဲ့ခြင်းသာဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့အခြေအနေက 'ခန့်'အတွက်စိုးရိမ်မှု ပန်ခြင်းဖြင့် စိတ်မောလှမောဖြစ်နေလေသည်။

မိမိတို့ ဒီမှာ ထမင်းလာစားနေချိန်မှာများ . . အဆောင်ကို ခန့်ရောက်နေပြီလားဟု မျှော်လင့်မိပြန်လေသည်။

မင်းစောပြန်အလာမှာ အနားရောက်တာနှင့် ကြွေက မေးဆတ်မေးပြီးဖြစ်၏။

"ဘာတဲ့လဲ"

"မနေ့က အလောသုံးဆယ်ထွက်သွားတာပဲတဲ့၊ ခုထိ ရောက်မလာသေးဘူးဆိုတော့ သူတောင် တော်တော် အံ့အားသင့်နေတယ်"

"ဟယ် . . ငါသိပြီ၊ ခုချိန်လောက်ဆို အဆောင်မှာရောက် နေလောက်ပြီထင်တယ်၊ မင်းစော . . ထထ သွားကြ မယ်"

အားတက်သရော အမူအရာမှာ မျှော်လင့်ခြင်း များထပ်ဆောင်းနေလေသည်။

"အေး . . ငါလည်း အဲဒီလိုတွေးမိလို့ ဖုန်းဆက်မေးပြီးပြီ"

"ဟင် . . ဘာတဲ့လဲ . . ဘယ်သူနဲ့တွေ့သလဲ"

"ဝေမာဖြစ်ဖြစ် . . ချောစုဖြစ်ဖြစ် တစ်ယောက်နဲ့တော့ စကားပြောချင်တယ်ဆိုတော့ ဝေမာလာကိုင်တယ်၊ ခိုင် မင်းခန့် မရောက်လာသေးဘူးတဲ့"

"ဟင်"





ကြွေ စိတ်ပျက်ကာ နေရာမှာ ပြန်ထိုင်မိသွား ၏။

"သူတို့လည်း သွားစရာကိစ္စရှိလို့ သွားတော့မလို့၊ ငါတို့ ပြန်အလာကိုစောင့်နေတာတဲ့၊ သွားတော့မယ်ပြော တယ်"

"ဒါဖြင့် . . သူ ဘယ်ရောက်နေတာလဲ၊ ဘာဖြစ်နေသလဲ ငါ စိတ်ပူလိုက်တာ မင်းစောရယ်၊ ရင်ထဲမှာတစ်မျိုးကြီး ဖြစ်နေတယ်"

စားပွဲထိုးလေးက စားပွဲခုံမှစားသောက်ပြီးသား ပန်းကန်တွေ လာရောက်သိမ်းဆည်းပြီဖြစ်၏။ မင်းစောနှင့်ကြွေက နေရာမှ ထလာကြ၏။

ဟဲလ်ဦးထုပ် ခေါင်းမှာတင်ဆင်ပြီးချိန်မှာ ကြွေ သတိတရ ထအော်၏။

"သူဘယ်သွားတယ်ဆိုတာ ငါသိပြီ မင်းစော"

"မုံရွာ စီးပွားရေးတက္ကသိုလ်မှာ သူ့သူငယ်ချင်းရှိတယ်ဟ၊ ငါနဲ့မိတ်ဆက်ပေးဖူးတယ်၊ ရဲထွန်းဆိုတာ နင်သိလား"

"ဟင့်အင်း . . လူချင်းမသိဘူး၊ အဲဒီနာမည်တော့သူပြော လို့ ငါကြားဖူးတယ်၊ ဘာလဲ . . နင်က သူ အဲဒီသွား တယ်လို့ ထင်လို့လား"

"ဒါပဲရှိတယ်လေ၊ သူကလည်း နောက်တစ်ခါကျရင် အ ချိန်ယူပြီး လာလည်မယ်လို့ ပြောထားတာ၊ ငါ့ရှေ့တင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ"

"ဟာ . . မသေချာလိုက်တာဟာ . . နင်ကလည်း"

"သေချာပါတယ် . . ငါထင်ရင် မလွဲဘူး သိရဲ့လား၊ ခါတိုင်း . . ပြင်ဦးလွင်ရောက်အောင်သွားတယ်၊ နင်နဲ့တွေ့ပြီးမှ ငါ့ဆီလာတယ်လေ၊ ခု နင်ကျောင်းတက်နေရတာဆိုတော့ ရဲထွန်းဆီသွားတာဖြစ်နိုင်တာပဲ"

"မုံရွာကို"

"အေး"

မင်းစောက ဆိုင်ကယ်စက်နှိုး၏။ ကြွေက ဆိုင်ကယ်ပေါ် တင်ပါးလွှဲထိုင်လိုက်လေသည်။

"ဒါဆို . . နင်နဲ့ချိန်းထားတာ အမိရောက်အောင်လာရမှာပေါ့"

"ဟိုမှာ . . သူသူငယ်ချင်းက တားထားလို့ဖြစ်မှာပေါ့။တစ်ခါတလေလာတာကွာ . . နေပါဦးပြုပါဦး၊ ထမင်းစားပါဦးဆိုပြီး ဆွဲထားသလားမှ မသိတာ၊ ကြည့် . . အဲဒါဘာ့လို့ ရယ်တာလဲ"

"ရယ်တာပေါ့၊ ပြောနေလိုက်တာ အတိအကျပဲ"

"အတိအကျပေါ့၊ သူ ငါ့ဆီလာမယ်ပြောရင် လာတာပဲ၊ တစ်ခါမှ မပျက်ဘူး၊ အခု . . တစ်ခုခုဖြစ်လို့ပဲဖြစ်မယ်"

"ကောင်မလေးတစ်ယောက်ယောက်နဲ့ တွဲသွားရာကဖြုတ်ချမရတာဖြစ်ချင်လည်းဖြစ်နိုင်တယ်"





"မင်းစောနော် . . ကောင်စုတ်နော်၊ နင့်လိုမှတ်လို့လား"

"အဲဒီလိုများ စွဲလို့ကတော့ ပျော်စရာကြီး၊ ဟ . . တအားထုတာပဲ၊ ကြွေရာ . . အသားဟ . . အသား၊ နံရိုမှတ်နေသလား"

"နင် မဟုတ်တာတွေလျှောက်ပြောတာကိုး၊ ကဲဟာ . . မုံရွာကိုသွားမယ်၊ သွားရှာမယ် . . ကွေ့ . . ပြန်ကွေ့"

"ကြွေ . . နင် ရူးနေသလား၊ တစ်နေရာနဲ့တစ်နေရာဒိုးပစ်ကစားသလို လှမ်းပစ်တာနဲ့ရောက်တယ်မှတ်နေသလား"

"လုပ်မနေနဲ့၊ သွားရင်ရောက်တဲ့နေရာချည်းပဲ၊ နင့်မှာဒီဆိုင်ကယ်ကြီးရှိတာ ဘာလုပ်ရမှာလဲ၊ သွားမယ်ဟာ . . မင်းစော . . ပြန်ကွေ့၊ ငါ တကယ်သွားကြည့်ချင်တယ်"

ကြွေက တစ်ဇွတ်ထိုးမှတကယ့်တစ်ဇွတ်ထိုးဖြစ်၏၊ မင်းစော၏လက်ကိုဆွဲကိုင်ကာ လှုပ်၏။ မင်းစော ပြန်ကွေ့ရလေသည်။

"တော်နေကြာ . . လွဲနေဦးမယ် ကြွေရာ"

"မလွဲပါဘူး . . လမ်းမှာ ငါကြည့်သွားမယ်၊ သူကားတွေတော့ လှမ်းတားလိုက်ရုံပဲ၊ ငါ့မွေးနေ့မှာ အသားလွတ်ကြီးငုတ်တုတ်ထိုင်စောင့်နေရတာ ငါ မတျေနပ်ပါဘူးပျင်းလာပြီ"

"လွဲသွားမှ ငါ့ကို အပြစ်မဖို့နဲ့၊ နင်ခိုင်းတာနော် ကြွေ၊



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ တယ်မထင်ဘူး"

"ဘာမထင်တာလဲ . . ပါးစပ်ပုပ်ကြီးနဲ့"

"မုံရွာကိုသွားမယ်မထင်တာ၊ ဒီကောင့်အကြောင်း ငါသိတယ်"

"အဲဒီတော့လည်း . . မုံရွာ သံဗုဒ္ဓေဘုရားဖူးရတာ အမြတ်ပေါ့ မင်းစောရဲ့၊ သူ အဲဒီလိုနောက်ကျလို့ ဒဏ်ခတ်တာ၊ ကိုင်း . . မှတ်ကရောပေါ့၊ ဒါမှ . . သူ နောက်ကို ပေါ့ပေါ့ဆဆမလုပ်တော့မှာ"

"အဲဒီလို . . တစ်ဇွတ်ထိုးလုပ်တတ်တဲ့ နင့်အကျင့်ကြီးက မလွယ်ဘူးဟာ၊ သေသေချာချာသိတာလည်းမဟုတ်ဘဲနဲ့ ရမ်းသမ်းပြီး လိုက်ရှာရတယ်လို့၊ စုံနံ့သာမြိုင် . . ရှာပုံတော်ဖွင့်ပါလို့ရယ် . . သီချင်းအော်ဆိုဖို့တောင်ကောင်းနေပြီ၊ နင့်စိတ်က အဟုတ်တောင် ဟုတ်သေးရဲ့လား မသိဘူး"

"မင်းစောနော် . . နင် လိုက်မပို့ချင်ရင် မပို့နဲ့၊ ရပ် . . ခုရပ်၊ ငါ့ဘာသာ ငါ သွားမယ်"

"ကြွေ . . နင်ကဟာ နောက်တဲ့ဟာကို၊ လိုက်ပို့လို့ပဲ မုံရွာလမ်းပေါ်ရောက်နေပြီဟာ"

"ဒါဆို . . ဘာလို့လျှောက်ပြောနေသေးလဲ ကိုင်း"

မင်းစော ပြုံးသည်။

ပြောခွင့်သာရှိလျှင် . . ချစ်လို့ပေါ့ကြွေရယ် . .





နင့်ကိုသိပ်ချစ်လို့ပေါ့ဆိုတာ ပြောချင်သည်။

ခုတော့ . . .

ပင့်သက်မျှင်းမျှင်းချမိပါသည်။

တကယ်ဆိုရင် . . နင့်ကို ငါက ခန့်ထက်အရင်တွေ့တာပါ ကြွေရယ်၊ ဟိုးအရင်ကတည်းက မြတ်နိုးမိခဲ့တာပါ။ ဖွင့်ပြောဖို့နောက်ကျခဲ့တာတစ်ခုတည်းပါ။

☺ 😐 ☺



www.burmeseclassic.com

www.burmeseclassic.com










"သွားပါပြီကွာ . . အချိန်တွေကုန်ပါပြီ"

ခိုင်မင်းခန့် စိတ်ပျက်လှစွာ လမ်းဘေးမှာပင်ပစ် ထိုင်ချ၏။

မန္တလေးမြို့နယ်အစပိုင်းရောက်၍ အားတက်လာကာမှ ကားက နေရာမှာကျောက်ချထားသလိုရပ်တန့်သွား၏။ ဘားစက်ဖုံးဖွင့်ပစ်ချက်ရှာ၏။ ဘာဖြစ်တယ်ရယ်လို့ လုံးဝအပစ်ရှာမရပါ။

ကားစက်ကိုနိုး၏။ စက်သံသာမြည်သည်နေရာမှ လုံးဝမရွေ့လျားခြင်းမရှိခြင်းက ဘယ်လောက်ထူးဆန်းလှပါသလဲ၊

ကြွေ . . စောင့်မျှော်ရှာတော့မည်ဟုစိတ်ပူခြင်း



www.burmeseclassic.com

www.burmeseclassic.com



က နှလုံးသားကို မီးနှင့်မြိုက်သလို ပူလောင်ပြင်းပြစွာခံစားရ၏။

ကြွေတို့ မန္တလေးတက္ကသိုလ်အဆောင်သို့ ဖုန်းဆက်ဖို့ကြံရွယ်၏။ အဲဒီတော့လည်း . . ခိုင်မင်းခန့်ဆယ်လ်လူလာဖုန်းက ဘက်ထရီအားကုန်နေပြန်သည်။ ဆက်၍မရပြန်။

"ကြွေ့မွေးနေ့မှာမှ . . ကွာ"

ခိုင်မင်းခန့် တောက်ခေါက် ပင့်သက်ချ ခေါင်းကဆံပင်ကို လက်ငါးချောင်းဖြင့်ဖွ၏။

တစ်သက်တာမှာ ဒီအချိန်အခါလောက် စိတ်ပျက်စရာကောင်းတာမရှိဟု ထင်သည်။

ကားကို လမ်းမပေါ် ဒီအတိုင်းပစ်ထားခဲ့ပြီး ကြွေ ထံပြေးသွားချင်မိသည်။ မဖြစ်လို့သာ။

သွားနေသည့်ကားတွေကို လက်လှမ်းတား၏။ တချို့က လူမှုရေးအသိခေါင်းပါးစွာ လုံးဝဂရုမထားဘဲ ထွက်သွား၏။

တချို့ကားကရပ်ပါသည်။ ခိုင်မင်းခန့်စက်ဖုံးဖွင့်ထားသည့်ကားစက်ခန်းထဲငုံ့ကြည့် ခေါင်းကုတ်ပြီး အားနာစွာရယ်၏။

"ဘာဖြစ်တာလဲမသိဘူးဗျ"

"ကျွန်တော်လည်း မပြောတတ်ဘူး"

ဆိုသူတွေနှင့်သာတိုး၏။

ကိုင်း . . ဘယ့်နဲ့လုပ်ရမလဲ၊ ဘယ့်နဲ့မှမလုပ်





တတ်ပါ။

ကားတစ်စီးလုံး ရှေ့မှာရှိနေလျက် . . ဘယ်ကိုမှ သွား၍လာ၍မရခြင်းကို ကြုံတွေ့ရခြင်းလောက် စိတ်ပျက်စရာကောင်းတာ ဘယ်မှာရှိနိုင်ပါ့မလဲ။

"ကဲလေ . . ခုတော့ ဘာတတ်နိုင်သေးသလဲ"

စိတ်မျက်စိထဲမှာ ဖခင်ဦးညာဏ်လင်းခန့်၏ ပ[illegible]ာပေးမျက်နှာကြီးကိုမြင်၏။ မြို့နှင့်ဝေးသောနေရာဌာနမှာမှ ဖြစ်ရတယ်လို့ကွယ်။

မင်းစောကို သတိရ၏။ မင်းစောကို ဖုန်းဆက်ခေါ်ချင်၏။

ပြီးတော့ . . ရဲထွန်း . . .

နှစ်ယောက်က တစ်ယောက်နေရာစီ၊ ခေါ်ဖို့က မလွယ်လှပါ။ မင်းစောကမှ ခေါ်လို့ရနိုင်သေး၏။ ယခုအချိန်မှာ မင်းစောကဆိုင်ကယ်တစ်စီးဖြင့် မြေကြောရှ့ကာ သွားလိုရာသွားနိုင်တာလေ။

ပြီးတော့ . . ကြွေ့ကိုအကြောင်းကြားပေးနိုင်တာ သူပဲရှိလေသည်။

ခရီးသည်တင်ကားကြီးတစ်စီး လာနေတာမြင်ရသဖြင့် ခိုင်မင်းခန့် ဝမ်းသာသွား၏။ လမ်းမပေါ်ပြေးတက်ပြီး လက်ပြတားဆီးလိုက်၏။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက ခေါင်းပြုမေး၏၊ စက်နိုးထားသော ကားစက်သံကြောင့် စက်သံလွှမ်းအောင် အော်ပြောရလေသည်။

"ကား ဘာဖြစ်လဲမသိဘူးဗျာ . . နည်းနည်းလောက် ကြည့်ပေးပါလား"

"ဟာ . . ဟိုင်းဝေးမောင်းလာပြီး ကားတောင်ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိနဲ့ . . ခက်တာပဲ"

ညည်းညူသံတစ်ပိုင်းဖြင့်ဆို၏၊ စက်ရပ်လိုက်ခြင်းက အခြေအနေကောင်းသည့်သဘောကိုပြဆို၏။ ကြည့်ပေးမည့်သဘော။

ခိုင်မင်းခန့် ဝမ်းသာသွားရလေသည်။ ကားဆရာ (ဒရိုင်ဘာ)က ကားပေါ်မှခုန်ဆင်း၏။ကားစပယ်ယာနှင့်အတူ တတ်ကျွမ်းနားလည်ဟန်ရှိသူတစ်ယောက်ပါ ခိုင်မင်းခန့်၏ကားကို လာကြည့်ကြလေသည်။

"စက်နှိုးကြည့်"

ဆိုသဖြင့် . . ခိုင်မင်းခန့်က ကားပေါ်တက် စက်နှိုး၏၊ စက်သံပီပြင်စွာပေါ်လာည်။

"ဟော . . ရတာပဲ . . ခင်ဗျားကလည်း"

ကားဆရာက အလကားအလုပ်ရှုပ်တာဆိုသောပုံစံမျက်နှာရှုံ့လေသည်။

"မဟုတ်ဘူးဗျ . . ကားက စက်နှိုးလို့ရတယ်၊ ဂီယာထိုးပေ





မဲ့ မသွားတော့ဘူး၊ ရှေ့တိုးလို့မရ . . နောက်ဆုတ်လို့ မရနဲ့ဖြစ်နေတာ"

အကူအညီပေးသည့်သူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ပင့်သက်မောသံပြိုင်ချ၏။

"ဒါဆို . . သွားပြီ၊ ကလပ်ဘရိတ်ကြွေသွားပြီ"

ကားဆရာက ခေါင်းယမ်းဆို၏။

ခိုင်မင်းခန့် 'ဟူး'ခနဲ လေမှုတ်ထုတ်ကာ စိတ်ပျက်လက်ပျက်ဖြစ်သွားရလေသည်။

"ဂီယာပေါက်ချ . . ကလပ်လဲရမယ်ဗျာ၊ အချိန်ကတော့ အတော်ကို ယူလိမ့်မယ်"

နံဘေးမှာလိုက်ပါလာသူက ခိုင်မင်းခန့်တစ်ယောက်တည်းဖြစ်နေတာ သတိပြုမိသွား၏။

"တစ်ယောက်တည်းပဲလား"

"ဟုတ်တယ်"

"ခရီးသွားရင် အဖော်ပါမှကောင်းတယ်ဗျ၊ ခုလို အရေးဟယ် အကြောင်းဟယ်ဖြစ်လာတော့ တစ်ယောက်က ကားကိုစောင့်၊ တစ်ယောက်က စက်ဆရာခေါ်တာတို့ ကလပ်ဘရိတ်ဝယ်တာတို့ ကူညီပေးလို့ရတာပေါ့"

"အေးဗျာ . . တစ်ယောက်တည်းဆိုတော့ဒုက္ခရောက်နေတယ်"

ယခုမှ . . မိမိကို ဖေဖေစိတ်မချတာ၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကား,မမောင်းစေချင်သော မိဘ၏မေတ္တာကို ရိပ်စားမိ၏။

"ကားပျက်တဲ့နေရာက အဆင်မပြေဘူးဗျာ၊ပစ္စည်းဝယ်ဖို့ကအစ မြို့နဲ့တအားအလှမ်းဝေးနေတော့. . ကျွန်တော့်ကားကိုဆွဲပေးလို့ရမလား"

"ဟာ . . ဟိုင်းဝေးခရီးဗျ၊ ဘယ်ဆွဲလို့ရမလဲ၊ ကျွန်တော်တို့က အချိန်မီ လိုင်းပြန်ဝင်ရမှာ"

ပြောရင်း . . ကားပေါ်ပြန်ပြေးတက်သောပုံစံက ဆွဲထားခံရမှာစိုးသလို မြန်ဆန်လှလေသည်။ ကားပေါ်မှာပါလာသော ခရီးသည်တွေကအစ အချိန်ကြန့်ကြာမှာစိုးရိမ်စိတ်ဖြင့်မျက်နှာအနေအထားတွေ မှုန်သုန်နေရာက ကားဆရာ ကားပေါ်ပြန်ရောက်လာမှ စိတ်အေးသွားကြရသောပုံစံမျိုးတွေပါ။

"ဟာ . . ခဏဗျာ . . ခဏ"

ကားထွက်ဖို့ပြင်မှ ခိုင်မင်းခန့်သတိဝင်ကာကား ရှိရာပြေးလာ၏။

"ကျွန်တော်လိုက်ခဲ့မယ်ဗျာ၊ ပစ္စည်းဝယ်မယ် စက်ဆရာခေါ်မယ်"

ခိုင်မင်းခန့် ကားပေါ်ပြေးတက်လာချိန်မှာ နေဝင်လုပြီဖြစ်၏။

"ဖြစ်မလား . . ကားက ဒီအတိုင်းထားခဲ့လို့"

"အဖိုးတန်ပစ္စည်းရှိရင် ယူခဲ့နော်"





ကားပေါ်မှာ သက်ရွယ်ကြီးရင့်သူတချို့က စိတ်မချနိုင်ဘဲ မှာကြားကြ၏။ ကားဆရာက ကားကို အားသွန်မောင်းနေပါပြီ။

ထိုအခါမှ . . ဆယ်လ်လူလာဖုန်း ကားပေါ်ကျန်ခဲ့တာ သတိရလေသည်။ အဖိုးတန်ပစ္စည်းအဖြစ် သတိရတာမဟုတ်ပါ။ နီးစပ်ရာဆိုင်မှာ ဘက်ထရီဝယ်ထည့်ပြီး မင်းစောကိုဖုန်းဆက်ခေါ်ဖို့ အရေးကြီး၏။

ခုချိန်လောက်ဆို ပြင်ဦးလွင်အိမ်ကို ကြွေ ပြန်ရောက်နေလောက်ပြီ။ မိမိကို စိတ်ဆိုးစိတ်ကောက်နေလောက်ပြီဆိုတာ သေချာစွာသိရှိနေခဲ့၏။

ကြွေ့မွေးနေ့မှာ ကြွေ့ထံ အချိန်မီမရောက်နိုင်ခြင်းအတွက် စိတ်မကောင်းဖြစ်ရလေသည်။ မနေ့ညကတည်းက ခရီးဝေးအပြင်းနှင်လာရခြင်းအတွက် လူက ပင်ပန်းလှပါပြီ။

လူတစ်ကိုယ်စာ တိမ်းယိမ်းပေးလျှင် ထိုင်၍ရနိုင်ပါလျက် နေရာရွှေ့ဖယ်ပေးခြင်းမရှိကြသဖြင့် . . လှေကားအဆင်းအတက်မှာ နွမ်းလျစွာ ထိုင်ချရ၏။

တစ်ညဉ့်နှင့် တစ်နေ့လုံးပင်ပန်းစွာကားမောင်းရခြင်းအပြင် ကားကပျက်သဖြင့် စိတ်မောလူမောဖြစ်နေခြင်းကသူများထိုင်ခုံစောင်းကိုခေါင်းမှီခွင့်ရချိန်မှာပင် မှေးခနဲ အိပ်ပျော်ခြင်းသို့ရောက်လေသည်။

အိပ်မက်ထဲမှာ . . ကြွေကခိုင်မင်းခန့်ပေးသော



www.burmeseclassic.com

www.burmeseclassic.com



ပလက်တီနန်ဆွဲကြိုးလေး ဆွဲကြည့်လျက် ဝမ်းသာပျော်ရွှင်ကြည်နူးစွာရှိနေလေသည်။

ဤမျှထိအောင် . . ကြွေက ခိုင်မင်းခန့်၏နှလုံးအိမ်မှာစွဲနစ်စွာတည်ရှိတာ ကြွေ သိမည်မဟုတ်ပါ။






"ဝေးလိုက်တာဟာ . . သွားရတာတစ်မျှော်တစ်ခေါ်ကြီး၊ ဒီကြားထဲ . . အဲဒီ ရဲထွန်းကမရှိနဲ့ . . ပင်ပန်းလိုက်တာ"

ကြွေ ညည်းညူသံမှာ အားအင်ကုန်ခန်းနေတာ သိသာလေသည်။ နေဒဏ် လေဒဏ်ကြောင့် အသားအရည်တွေ စပ်ဖျင်းဖျင်းဖြစ်ကာ စေးထန်းနေ၏။

"အေး . . ဒါကြောင့် နီးနီးနားနားခရီးမဟုတ်ဘူး မသွားနဲ့လို့ ငါပြောသားပဲ ကြွေရဲ့၊ နင်က ငါ့စကားမှ နားမထောင်တာ"

ခရီးဝေးကြီးကို ဆိုင်ကယ်ဖြင့် ဒီတစ်ခါပဲ ကြွေ သွားဖူးခြင်းဖြစ်၏။ မင်းစော၏ပခုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရခြင်းကြောင့် လက်အံသေကာ နာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းနှင့်တွေ့ရလျှင်လည်း အကျိုးအကြောင်းထိုင်စကားပြောခြင်းဖြင့် လာရကျိုးနပ်ကာ(ခိုင်မင်းခန့်ကိုမတွေ့ရသည့်တိုင်)အနည်းငယ်အမောပြေလောက်၏။

ယခုတော့ . . .

"ဘယ်သိမှာလဲ . . မုံရွာကနေ အဲဒီလောက်အဝေးကြီးဆက်သွားရလိမ့်မယ်လို့၊ ငါမှ ထင်မထားတာ၊ ခန့်တစ်ယောက်က ရန်ကုန်မှာလည်းမရှိ၊ တို့ဆီတွေလည်းမလာနဲ့ . . ဒီလည်းမရောက်နဲ့ ဘယ်သွားနေမှန်းမသိဘူး"

ကြွေ စိတ်တိုလေသည်။

"ကြွေ့မွေးနေ့မှာ . . ကြွေ့ဆီလာဖြစ်အောင် လာရမှာပဲ ကြွေရဲ့၊ ဘယ်လောက် မအား,အားအား . . လာဖြစ်အောင်လာမယ်၊ ပြင်ဦးလွင်ကို ပြန်မသွားနဲ့နော် ကြွေ၊ အဆောင်ကနေ ကျွန်တော်လာအောင်စောင့်နေ"

ဖုန်းပြောကြစဉ်က . . ကြွေ မပြောရဘဲ ကြွေ့မွေးနေ့ကိုအထူးသတိထားသိနေပါလားဟု ကြွေ ဝမ်းသာကြည်နူးခဲ့ရတာပါ။

"ဒီနေ့ နင့်မွေးနေ့ဆိုတာ သူသိတာသေချာတယ်နော်"

"သြော် . . သေချာလို့ လာပါ့မယ်ပြောတာပေါ့"

စိတ်မရှည်စွာ ကြွေ အော်၏။ မင်းစော ရယ်လေသည်။

"တော်နေကြွာ . . လူလွဲမှာစိုးလို့ပါ၊ ခိုင်မင်းခန့် စွဲတာ





နင်သိပါတယ်၊ သူ့ကိုကြိုက်တဲ့ကောင်မလေးတွေက ထစ်ပုံကြီး"

"စိတ်ဆိုးနေတာသိရက်နဲ့ မစနဲ့နော် မင်းစော၊ ငါ အရမ်းကိုပင်ပန်းနေပြီဟ . . စိတ်တအားတိုနေပြီ"

"သိတယ် . . သိလို့ နင်စိတ်ပြေအောင် လျှောက်နောက်နေတာပါ ကြွေရာ"

"မပြေပါဘူး . . တွေးလေ ပိုဒေါသထွက်လေပဲ၊ မလာဖြစ်ရင်လည်း မလာဖြစ်ဘူး သူ ဖုန်းဆက်လို့ရနေသားနဲ့၊ ငါ့ကို သက်သက်အရှက်ခွဲတာ၊ တော်သေးတယ် . . နင်ရောက်လာလို့၊ နင့်မို့ရင် အဆောင်မှာ သူများဟားတာ ငါခံနေရပြီ"

"ခုလည်း . . အကြောင်းတစ်ခုခုကြောင့် သူ,မလာဖြစ်တာနေမှာပေါ့ ကြွေရာ၊ နင့်ကို သူ အရမ်းဂရုစိုက်တာ နင်သိပါတယ်"

"သူပြောတဲ့စကားက ကုန်နေပြီ မင်းစောရဲ့၊ သူ ဘယ့်လောက် အားအား,မအားအား ရောက်အောင်လာမယ် ပြောတာ၊ ဘာအကြောင်းတစ်ခုခုက ရှိလာရမှာလဲ"

"နင် ကျောင်းပိတ်ရက်အိမ်ပြန်နေတုန်းဟာ . . အခုချိန်ထိ အိမ်ပြန်မရောက်သေးတာကို နင် ဘယ်လိုပြောမလဲ"

"ဘာပြောစရာလိုသလဲ . . ဒီနေ့ည မိုးချုပ်လောက်မှပြန်ရောက်မယ်လို့ မေမေ့ကို ငါပြောခဲ့တယ်၊ ခိုင်မင်းခန့်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာကိုပါ ငါပြောထားတာပဲ၊ ဒါ့ကြောင့် လျှောက်သွားရဲတာပေါ့၊ မေမေ့ကို ခန့်နဲ့ငါ့အကြောင်း ဖွင့်ပြောပြထားလို့ မေမေသိနေတယ်၊ ရေဆာတယ်ဟာ . . အအေးဆိုင် တစ်ဆိုင်ဆိုင်တွေ့ရင် ခဏရပ် . . အအေးသောက်ရအောင်”

“ဟာ . . ရဲထွန်းတို့ဘက်မှာတုန်းက မပြောဘူး၊ ဒီနေရာမှာ ဘာဆိုင်ရှိမှာလဲ၊ ဟိုမရောက် ဒီမရောက် လမ်းခုလတ်ကြီးမှာ၊ မုံရွာမြို့ထဲပြန်ဝင်မှသောက်လို့ရမယ်”

မင်းစောပြောမှ . . ကြွေက ဟိုဘက်ဒီဘက် လယ်ကွင်းတွေသာရှိတာ သတိထားမိပါသည်။ မြို့နှင့်တော်တော့ကို အလှမ်းဝေးသောနေရာမှာ အရှိန်အဟုန်ဖြင့်ပြေးနေသောသူ တို့ဆိုင်ကယ်အပြင် ကားတစ်စီးတလေသာ ရိပ်ခနဲ ရိပ်ခနဲ မြင်ရ လေသည်။

ဝယ်သောက်စရာဆိုင်မရှိကာမှ ရေက ပိုငတ်၏၊ အာခေါင်တွေ ခြောက်သွေ့ကာ ရင်တွေပူလာလေသည်။

“မင်းစော”

“ဟင်”

“နေတောင်ဝင်သွားပြီဟနော်၊ တို့တစ်တွေ မန္တလေးရောက်ရင် မိုးတအားချုပ်နေမှာပဲ၊ အိမ်ပြန်ရောက်ဖို့ကတော့ မိုးလင်းမယ်ထင်တယ်”

“ကျိန်းသေတယ် . . အဲဒါကတော့၊ နင် ခန့်ကိုစောင့်နေ





တာပဲ တစ်နေကုန်တဲ့ဟာ၊ ငါတို့ ထမင်းစားတော့ပဲတစ်နာရီခွဲနေပြီ၊ မုံရွာကို သုံးနာရီလောက်ကမှ စထွက်ဖြစ်တာ၊ ခုပြန်လာတော့ ခြောက်နာရီထိုးပြီးနေပြီ”

ကြွေ ကျွတ်ခနဲ အသံထွက်အောင်စုတ်သပ်၏။

“ကျွတ် . . သွားချင်ဇောကြီးနေတာနဲ့အချိန်သတိမထားမိဘူးဖြစ်သွားတာဟ၊ နင်ကလည်း နည်းနည်းပါးပါးသတိပေးတာမဟုတ်ဘူး၊ အဲဒီမင်းစောတစ်ယောက်ဟာ”

“မြတ်စွာဘုရား . . မယ်မင်းကြီးမ၊ ဘာလို့ လူကိုလှည့်ခွဲဆွဲထည့်ရတာလဲ၊ နင်ပဲ သံဗုဒ္ဓေရောက်တော့ ခဏလေးဝင်ဖူးရအောင်ဆိုပြီး ဝင်ဖူးသေးတာလေ၊ အဲဒီကနေ . . ရဲထွန်းဆီတန်းသွားတယ်၊ ပြန်လာတယ်၊ နည်းတဲ့ခရီးလား၊ ဒါတောင် ငါ့အပြင်းအထန်မောင်းတာနော်ဟင်”

“ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ”

မင်းစောထံမှ ‘ဟင်’ဟုအော်သံက အလန့်တကြားအသံဖြစ်၏။ ကြွေ . . လန့်ဖျပ်သွားလေသည်။

“ချိန်းကြိုးပြတ်တာ ကြွေ၊ ဆိုင်ကယ်ချိန်းကြိုးပြတ်ထွက်သွားတာ . . ဒုက္ခပါပဲ”

“ဟယ်”

ကြွေ မျက်လုံးပြူးသွား၏။

“ဘာလုပ်ကြမလဲ မင်းစော၊ ဘယ်လိုလုပ်ကြမလဲ”

www.burmeseclassic.com

www.burmeseclassic.com



ကြွေ့အသံမှာ ပူပန်စိတ်လွန်ကဲကာ အသံပင်တုန်နေလေသည်။ မင်းစောက ဆိုင်ကယ်ပေါ်မှဆင်း၍ . . သူမပါဆင်း၏။

"ဘာလုပ်ရမလဲ ကြွေရာ၊ ချိန်းကြိုးဝယ်ထည့်ရမှာပေါ့"

"ဟင် . . ချိန်းကြိုးဝယ်မယ်၊ ဘယ်မှာဝယ်မှာလဲ"

ကြွေ . . ဝဲယာ လှည့်ကြည့်၏။ မြို့နှင့်အလှမ်းဝေးသောနေရာဖြစ်သဖြင့် . . သစ်ပင်ကြီးငယ်များသာရှိ၏။ ဝင်လုစဲနေမင်း၏အနီရောင်အလှကိုမြင်တိုင်း ကြွေသည်နေမင်းကြီး ငိုနေသည်ဟု အမြဲတစေတွေးမိလျက် ဝမ်းနည်းကြေကွဲခြင်းကိုခံစားတတ်သူဖြစ်၏။

ယခုတော့ . . နေဝန်းကြီးနှင့်အပြိုင် ကြွေငိုချင်နေလေသည်။

"ဒီမှာ . . ဘာဆိုင်မှ မရှိတာ"

မင်းစော . . စိတ်တိုသွားလေသည်။

"အေးလေ . . ဒီမှာမရှိတော့ . . ရှိတဲ့နေရာမှာ ဝယ်ရမှာပေါ့ ကြွေရဲ့၊ အရေးထဲမှာ . . နင်ကတစ်မျိုး"

"ဘာတစ်မျိုးလဲ . . အချိန်ကိုကြည့်ဦး၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဘယ်လိုလုပ်ပြီး အိမ်ပြန်ရမလဲ"

"ပြန်လို့မရတော့ မပြန်ကြရုံပဲပေါ့"

မင်းစောစိတ်ကူးထဲမှာတော့ တားတစ်စီးစီး အမြန်ဆုံးရောက်လာဖို့ မျှော်လင့်၏။ ဝဲယာ ငဲ့ကြည့်ပြီးဘာလုပ်ရမလဲ



အကြံထုတ်နေတာပါ။ ကြွေက တစ်မျိုးပြီးတစ်မျိုးမေးခွန်းထုတ်နေ၍ စိတ်တိုတိုနှင့် တမင်ရွဲ့ပြောနေမိလေသည်။

"ဘာ . . ဘာ . . နင်ဘာပြောလိုက်တယ်"

ကြွေ တအားအော်မှ ကိုယ်ပြောမိတာ တိုယ်သတိရ၏။ ကြွေ . . ကြောက်လန့်တကြား ဖြစ်နေတာကြည့်ပြီး ရယ်ချင်လေသည်။

"ဘာ . . ခုမှကြောက်ပါပြီလဲ၊ အဲဒါ . . နင်ဆတ်ဆော့တာလေ . . နင်ရှည်တာ၊ မသွားနဲ့လို့တားတာ ရမှ မရဘဲကိုး"

"ဟဲ့ . . နင့်ဆိုင်ကယ်ကြီး အဲဒီလောက်စုတ်ပြတ်သတ်နေလိမ့်မယ်လို့ ငါမှ မထင်တာ၊ သိမှ မသိတာ၊ပြောပါလား အစကတည်းက ဆိုင်ကယ်မကောင်းရင် မတောင်းဘူးလို့"

ပြောရင်း . . မျက်ရည်တွေက ကြွေ၏ပါးပြင်ပေါ် ပိုးပိုးပေါက်ပေါက်ကျလာလေသည်။

"ဟာကွာ . . ဘာလို့ငိုရတာလဲ"

"တဖြည်းဖြည်းမှောင်လာပြီ မင်းစောရဲ့၊ အိမ်ကိုအချိန်မီပြန်မရောက်ရင် ဒုက္ခပဲ၊ ပြီးတော့ . . လူမရှိသူမရှိနေရာကြီးမှာမှ . . နင့်ဆိုင်ကယ်က ပျက်ရတယ်လို့၊ အံ့ရော"

"ဩော် . . ပြောတတ်ပလေတယ်၊ ဆိုင်ကယ်လည်း စုတ်

www.burmeseclassic.com



ကိရိယာပစ္စည်းတွေနဲ့ဖွဲ့စည်းထားတာ ကြွေရဲ့၊ လူတွေ အသည်းကျွမ်းတာ၊ ယောင်တာ၊ နှလုံးရောဂါဖြစ်တာ၊ အဆုတ်မကောင်းတာဖြစ်သလို . . စက်ကိရိယာဆိုတာ လည်း အသုံးများရင် များသလောက် ပျက်စီးတာရှိတာ ပေါ့ . . ဒါကိုအပြစ်ပြောလို့ရမလား၊ ပြီးတော့ . . ဖြစ် တာက ရှင်းရှင်းလေး၊ ချိန်းကြိုးပြတ်တာလောက်က မြို့ ပေါ်မှာဆို အေးဆေးပဲ၊ ဝယ်ပြီး ပြန်လဲထည့် . . အိုကေ ပဲ”

“ဟင် . . နင်တ အိုကေနိုင်တယ်၊ ဒီလိုနေရာကြီးမှာ ဘယ်လိုမှ ဝယ်လို့မရနိုင်တာသိနေရက်နဲ့ . . အိုကေရ မလား”

“စိတ်ပူလွန်းရင် ကြံရာမရဖြစ်ပြီး ဘာမှလုပ်လို့မရတာ နင်သိပါတယ် ကြွေရာ၊ ဒီမှာ . . ငါပြောမယ်ကြည့်ဧမ်း စိတ်ကို ငြိမ်ငြိမ်ထား၊ ခဏလောက် ငြိမ်ငြိမ်နေပေးပါ နော်၊ ငါတောင်းပန်ပါတယ် . . တကယ်”

မင်းစောက လက်ကလေးနှစ်ဖက်ဖြန့်ကာ ကာ လျက် တောင်းတောင်းပန်ပန်ပြုနေသဖြင့် ကြွေကမျက်စောင်းထိုး ကာ အောက်နှုတ်ခမ်းလေးကို ဖိကိုက်၏။

လက်မှနာရီကို အကြည့်ရောက်၏။ တရှုတ် ဓာတ်လမ်းတွဲတွေကို လုံးဝအံလွတ်မပေးဘဲ နှစ်ခြိုက်လှလွန်းသော မေမေဒေါ်ဖြူဖြူခမျာ အချိန်တန်လို့မှ ပြန်မရောက်လာသေးသော





သမီးအတွက် ရတက်မအေးဖြစ်ကာ ဓာတ်လမ်းတွဲတောင် ကြည့် နိုင်ပါ့မလား။

မေမေစိတ်ပူတတ်တာသိနေတော့ ကြွေက မေမေစိတ်ပူမှာတွေး၍ စိတ်ပူနေမိချိန်၌ မထင်မှတ်သောပြဿ နာတွေ တက်သွားလိမ့်မည်ဟု . . ကြွေ လုံးဝ ထင်မှတ်မထားခဲ့ပါ။

☺ 😐 ☺


www.burmeseclassic.com

www.burmeseclassic.com










"ဟင့်အင်း. . ခနို့ရောက်မလာသေးပါဘူး ဦးဉာဏ်လင်း၊ အဲဒါကြောင့် . . ကျွန်မ ဖုန်းမဆက်တာပါ"

— မင်းစော၏မေမေ ဒေါ်သန်းရီထံယခုတစ်ကြိမ် ဖုန်းဆက်သူက ဦးဉာဏ်လင်းခနို့ဖြစ်နေ၏။

ဒေါ်သန်းရီက ဟိုဘက်မှပြောသောစကားကို ဦးမြတ်သာလည်းကြားရအောင်. . စပီကာဖုန်းဖြင့်ပြောင်းတိုင်၏။

"ခက်တာပဲဗျာ . . ကျွန်တော်တို့လိုက်ရှာပြီးပြီ၊ ခနို့ မန္တလေးသွားတယ်ပဲပြောကြတာဗျ၊ မနေ့ညနေက တည်းကထွက်သွားတာဆိုတော့ ရောက်သင့်နေပြီ"

"တစ်ခုတော့ရှိတယ် ဦးဉာဏ်လင်း၊ အိမ်ကသား မင်းစောလည်း ဒီနေ့ပြင်ဦးလွင်ကို ပြန်လာရမှာပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာသေးဘူးဆိုတော့ သူတို့ မန္တလေးတက္ကသိုလ်က အဆောင်မှာပဲ ရှိနေကြမလားပဲ"

"သူတို့ ဆိုတာ . . . ခိုင်မင်းခန့် ပါ အဲဒီရောက်နေမယ် ပြောတာလား"

"ဟုတ်တယ်၊ ကျွန်မစိတ်ထင်ကို ပြောတာနော်၊ရောက်မရောက်တော့ မသိဘူး"

ဦးမြတ်သာက လက်တို့သဖြင့် ဒေါ်သန်းရီက ဖုန်းပြောနေရာမှ လှည့်ကြည့်လေသည်။

"ဟိုကောင်မလေးပါ ပြန်မလာသေးလို့ကတော့ . . . ခိုးများပြေးကြပြီလားပဲ"

ဦးမြတ်သာက ခပ်တိုးတိုးပြောသဖြင့်ဒေါ်သန်းရီက 'ရှင်ကလည်း အရေးထဲမှာ'ဟု လှည့်မာန်လေသည်။

"သူ့ အမေကတော့ တငိုငိုတရိရိ ဖြစ်နေပြီဗျ၊ အရမ်းကို စိုးရိမ်နေပြီ၊ ကားကို ကိုယ်တိုင်မောင်းတာဆိုတော့ ဘာဖြစ်သလဲ တွေးပူကြရတာလေ"

"ဟုတ်တာပေါ့ . . . ပူတော့မှာပေါ့"

"ကလေးတွေဗျာ၊ မလိမ္မာတာ၊တကယ်ဆိုရင် မိဘကို . . ကိုယ်ဘယ်သွားရင်သွားတယ်ဆိုတာ အသိပေးသွားရင် ဘာပူစရာ ရှိမလဲ၊ဖုန်းလည်းဆက်လို့ မရဘူး"

"မန္တလေးသွားတယ်ဆိုတော့ သားတို့ မန္တလေးတက္ကသိုလ်ကိုသွားတာပေါ့ . . ဒါပေမဲ့ . . သားဖုန်းဆက်ပြီးမေးတဲ့



အချိန်က သားဆီကို ခန့် မရောက်သေးဘူး ဦးညဏ်လင်းခန့်၊ သေချာရဲ့လားရန်ကုန်မှာပဲရှိနေမလား"

"ရန်ကုန်မှာမရှိတာတော့ သေချာတယ်ဒေါ်သန်းရီ၊ သားသူငယ်ချင်းတွေဆီ လိုက်စုံစမ်းပြီးပြီ၊အော့(ဖ်)ရတာနဲ့ လစ်သွားတာ၊ကျွန်တော်စိုးရိမ်တာက ဟိုကလေးမလေး ဆိုတာနဲ့ များ ပတ်သက်နေမလားလို့ဗျ"

"ဘယ်ကလေးမလေးကို ပြောတာလဲ"

"ဦးမြတ်သာ တစ်ခါပြောတာဗျာ၊ အဲဒါ"

ဒေါ်သန်းရီ . . . ရယ်လိုက်၏။

"မဖြစ်နိုင်တာ၊ ပတ်သက်နေရင်လည်း ဒီအချိန်အထိ ဘယ်နေကြမလဲ၊လျှောက်လည်ပြီး ပြန်လာကြမှာပေါ့"

"မသိပါဘူးဗျာ . . . ဦးမြတ်သာက ခန့်ကို ပြင်ဦးလွင်သား လုပ်တော့မယ်ပြောလို့ စိတ်ပူနေတာ"

ဒေါ်သန်းရီက ဦးမြတ်သာကို မျက်စောင်းထိုးကြည့်၏။စကားပြောခွက်နေရာ ရွှေ့ပေး၏။

"ရှင်ပြော . . ရှင်ရှုပ်ထားတဲ့ဇာတ်၊ရှင်ရှင်း"

ခပ်တိုးတိုး ပြောလေသည်။

"ဦးညဏ်လင်းခန့် . . . ကျွန်တော်ပါ . . မြတ်သာ"

ဦးမြတ်သာ . . . အသံပြုလေသည်။

"ဟာ . . . ဦးမြတ်သာ . . အတော်ပဲ . . ပြောပါဦးဗျ၊ ခင်ဗျားကို မေးချင်နေတာ၊တကယ်ပဲ ကျွန်တော့်သား



www.burmeseclassic.com

www.burmeseclassic.com



မှာ ချစ်သူရှိနေပြီလား"

"ဟာ . . . ကလေးမှမဟုတ်တာဗျာ၊ ဘာတွေပူနေတာလဲ"

"ကလေးမဟုတ်လို့ ပူရတာဗျ၊ သားကို ကျွန်တော်တို့ သဘောတူထားတဲ့သူ ရှိတယ်ဗျ၊ 'ဥမ္မာကို'ဆိုတာ၊ အဲဒီကလေးမလေးနဲ့ အမေရိကားမှာ သွားဖြေဖို့ စီစဉ်ထားတာဆိုတော့ . . အစီအစဉ် လွဲချော်သွားမှာ ကြောက်နေတာ"

"ခိုင်မင်းခန့်က အဲဒီကိစ္စသိသလား"

"နည်းနည်းပါးပါးတော့ သိမယ်၊ တိတိကျကျကြီးတော့ ပြောမထားသေးဘူးဗျ၊ကလေးတွေ အနေခက်မစိုးလို့လေ"

ဦးမြတ်သာနှင့် ဒေါ်သန်းရီက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်မိကြ၏။

ပြဿနာဖြစ်မည့်အရေးပါလား။ ဒေါ်သန်းရီတမိန်းမသားပီသစွာ ကြွေ့မေမေ ဒေါ်ဖြူဖြူကိုသတိပေးမှဖြစ်မယ်ဟု စိတ်အတွေးရောက်၏။

"ဩော် . . သေချာရင်တော့ တိတိကျကျသိထားရအောင်ပြောထားသင့်တယ် ဦးဉာဏ်လင်း၊ ဒါ . . ကျွန်တော့်စိတ်ထင်လေ၊ လူငယ်မဟုတ်လား၊ တော်နေကြာ ချစ်သူထားပြီးမှ ပြောရဆိုရတော့မကောင်းဘူးပေါ့"





"အေးဗျာ . . ဦးမြတ်သာတို့ဆီ သားက မကြာခဏလာနေတာဆိုတော့ ဦးမြတ်သာတို့လက်ထဲအပ်ပါတယ် . . သားကို ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါဗျာ၊ ဒီတစ်ခါသူပြန်လာရင်တော့ တိတိကျကျပြောရမယ်၊စေ့စပ်ထားသင့်ရင်လည်း စေ့စပ်ထားပေးရမှာပဲ၊ ခုလည်း . . သားက အဆောင်မှာသွားနေတာ၊ အဲဒီကို ဖုန်းဆက်တာမရလို့ ရှာရင်းက ခင်ဗျားစကားသတိရပြီး အဲဒီမှာရောက်နေသလား ဆက်ကြည့်ရာက . . မြင်ဦးလွင်ကို လာမယ်ဆိုတာ သိရတာ၊ ကျေးဇူးပဲဗျာ . . ဦးမြတ်သာ၊ ကျွန်တော့်ကြောင့် အလုပ်ရှုပ်သွားပြီထင်တယ်"

"ဟာ . . ရှုပ်မလားဗျာ ခင်ဗျားကလည်းအချင်းချင်းတွေကို"

နှုတ်ဆက်စကားပြောပြီး ဖုန်းချရာမှ ပင့်သက်ချသံကြားသဖြင့် လှည့်ကြည့်၏။ ဒေါ်သန်းရီမျက်နှာပျက်နေလေသည်။

"အဲဒါကြောင့် . . ဖြူဖြူ့ကို ကျွန်မသတိပေးစကားတို့ပြောထားခဲ့တာ ကိုမြတ်သာ၊ ခု . . တွေလား၊ သူတို့သဘောတူထားတဲ့သူနဲ့တလွဲရင် ဘယ်သူနဲ့မှကို မစဉ်းစားတာ၊ ဘယ်သူလဲတောင် သိချင်ပုံမရဘူး"

"သိနေလို့ မေးစရာမလိုတာလည်းဖြစ်မယ်၊တစ်ခုတော့ ရိပ်မိနေပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြောရင်းမှ နာရီထံအကြည့်ရောက်၏။ အံ့အားသင့်မျက်နှာဖြစ်ထွန်း၏။

"ဟ . . အချိန်မနည်းတော့ပါလား၊ ဒေါ်သန်းရီ ခင်ဗျားသားမင်းစော ပြန်မရောက်သေးပါလား"

"ဟုတ်တယ် . . ထမင်းဟင်းချက်ထားတာတွေတောင်အေးစက်ကုန်ပြီ၊ ကြည့်ရတာ . . ခိုင်မင်းခန့်ရောက်နေလို့ အပြင်ထွက်လည်ရာက မိုးချုပ်တယ်ထင်တာပဲ"

"အေးကွာ . . စောစောကတင် အလင်းကြီးရှိသေးတယ်၊ ချက်ချင်းမှောင်ကျသွားတာပဲ"

"ဟုတ်ပါရဲ့ . . ဦးညဏ်လင်းခန့်တို့ပူတာမပြောနဲ့၊ကျွန်မစိတ်ထဲတောင် ပူလာပြီ"

မြောရင်း အိမ်ရှေ့သို့ထွက်ကာ လမ်းမဘက်မျှော်ကြည့်လေသည်။ ထိုအချိန်မှာ ခြံထဲဝင်လာသောလူရိပ်ကိုတွေ့ ရ၏။

ဘယ်သူလဲ သေချာစွာကြည့်တော့ ကြွေဝတ်မှုန်မိခင် ဒေါ်ဖြူဖြူဖြစ်နေလေသည်။

☺ ☺ ☺



# ၂၇

"ဒုက္ခပဲ မင်းစောရယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ . . ငါလည်းတွေးနေတာပဲ ကြွေရဲ့၊ အမှန်မှာတော့ ချိန်းကြိုးပြတ်တာလောက်ဖဟာ၊ ပြန်ဝယ်ပြီးထည့်တာလောက်ပဲ၊ ဘာမှ အခက်အခဲမရှိပါဘူး၊ အခုဟာ . . မဟုတ်တဲ့နေရာမှာလာဖြစ်လို့ ဒုက္ခဖြစ်နေတာ"

အမှောင်ထုက မြန်ဆန်စွာ ဖုံးလွှမ်းကျရောက်၏၊ တစ်ယောက်ကိုတစ်ယောက် ထင်ရှားစွာ မမြင်ရတော့ဘဲ မှုန် ဝါးဝါးသာမြင်ရသောအခြေအနေမှာရှိလေသည်။

"ကားအသွားအလာကလည်း အဲဒီလောက်ကိုပြတ်ရတယ်လို့ . . အံ့ရော"

www.burmeseclassic.com



"စောစောကဖြုတ်သွားတဲ့ကားနဲ့ နင်လိုက်သွားဆိုတော့ လိုက်မှမသွားတာ ကြွေရဲ့"

"လိုက်ရမလား၊ ငါလိုက်သွားရင် နင်တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့ စိတ်ပူရတာနဲ့သေမယ်၊ ပြီးတော့ . . ကားပေါ်ပါတဲ့ လူသုံးယောက်ပုံစံက အရက်သောက်ထားတဲ့ပုံစံနဲ့ ဘယ်လိုလိုက်လို့ဖြစ်မလဲ"

"အေး . . အဲဒါတော့ ဟုတ်တယ်၊ အဲဒီလူတွေကလည်း ဟာ . . ငါ့ဆိုင်ကယ်ကို သူတို့ဂျစ်ကားနဲ့တွယ်ချိတ်လိုက်မယ်ဆိုတော့ မဖြစ်တာက စပြောတယ်၊ တကယ်လူမှုရေးစိတ်ခေါင်းပါးတယ်၊ သူတို့သာ တင်သွားရင် နင်ရောငါရော အဆင်ပြေမှာနော်"

"တစ်ခုတော့ရှိတယ် . . သူတို့က မုံရွာမြို့ထဲအထိသွားမှာမဟုတ်ဘူးလို့လည်း ပြောတယ်ဆိုတော့ တခြားဘာရှိသေးလို့လဲ"

"မပြောတတ်ဘူးလေ၊ တကယ်ပဲ လုပ်ငန်းတစ်ခုခုရှိတဲ့ဘက်သွားစရာရှိလို့ဖြစ်မှာပေါ့၊ ဟော . . ဟိုမှာ . . ကားတစ်စီးလာနေတယ် ကြွေရဲ့၊ ဘုရားသိကြား 'မ'လို့ကူညီတတ်တဲ့ သူတော်ကောင်းတွေဖြစ်ပါစေဗျာ"

မင်းစောက အားရဝမ်းသာဖြင့် လမ်းမပေါ် ပြေးတက်၏။ လက်လှမ်းတား၏။

ကားမီးရောင်စူးစူးက မျက်လုံးကိုပြာသွားစေခဲ့





၏။ မင်းစောက လက်တစ်ဖက်က ကာရင်းတားလေသည်။

"ဘာလဲဗျ . . ဘာဖြစ်လို့လဲ"

ကားက ကံကောင်းထောက်မစွာ ဆန်နီပစ်ကပ်ကားဖြစ်နေ၏။ ကားမောင်းသူ၏နဘေးမှာ ကားမောင်းလာသူ၏ ဇနီးဖြစ်ဟန်တူသူ မိန်းမခပ်ရွယ်ရွယ်တစ်ယောက်(ကြွေ့ထက်ကြီးသူ)ပါရှိလေသည်။

ကားမောင်းလာသူက 'မင်းစော'လမ်းမပေါ်သို့ တက်၍ ရှေ့မှကာဆီးရပ်ကာ ကားတားခြင်းအတွက် စိတ်မကျေမနပ်ဖြစ်ပုံရလေသည်။

"အကူအညီတောင်းချင်လို့ဗျာ . . ကျွန်တော့်ဆိုင်ကယ် ချိန်းကြိုးပြတ်သွားလို ဆက်သွားလို့မရဘဲဖြစ်နေလို့"

"ဟာ . . ခက်တာပဲ၊ ဆိုင်ကယ်ချိန်းကြိုးက ဒီမှာဘယ်လွယ်မလဲ"

"ဝယ်လို့ရမယ့်ဆိုင်ကိုသွားချင်လို့ဗျာ၊ ပြီးတော့ . . ဒီနေရာက လူပြတ်တယ်ဗျ၊ မိန်းကလေးတစ်ယောက်လည်း ပါနေတော့ သူကလည်းကြောက်နေတယ်"

ထိုအခါမှ . . သူတို့က ကားထဲမှခေါင်းငုံ့ကြည့်ကြ၏။ ဒူးပိုက်ပြီး ကျုံ့ကျုံ့လေးထိုင်နေသော ကြွေက မြင်သာအောင်ထွက်ရပ်ပြရလေသည်။

"ဟုတ်ပါတယ် . . ကြွေတို့ကို ကူညီပါ၊ ကြွေတို့က သူငယ်ချင်းနှစ်ယောက်ပါ၊ ခဏတစ်ဖြုတ်လာရာက ချိန်းကြိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လို့ ဒုက္ခရောက်နေတာပါ၊ အိမ်ကိုပြန်ဖို့ခက်နေတယ်"

"အိမ်က ဘယ်မှာလဲ"

ဒီတစ်ခါ မိန်းမကမေးခြင်းဖြစ်၏။

"ပြင်ဦးလွင်မှာပါ"

"ဘုရားရေ . . ဝေးလိုက်တာ"

"ဟုတ်ကဲ့ . . ပြင်ဦးလွင်ကနေ ကြွေတို့က မန္တလေး တက္ကသိုလ်လာတက်နေတာပါ"

ကြွေက ကျောင်းသားမှတ်ပုံတင်ကတ်ထုတ်ပြ၏။

မိန်းမဖြစ်သူက လှမ်းယူကြည့်၏။ ကြွေဝတ်မှုန် အမည်နာမကို ထင်ရှားစွာ သတိထားမိ၏။

"ကြွေဝတ်မှုန်တဲ့ . . နာမည်လေးက အပျံစားပဲ၊ မမတို့က မုံရွာမှာနေတာပါ၊ မန္တလေးကို သွားချင်တယ်ဆိုရင်တောင် ပို့ဖို့ကမလွယ်ဘူး၊ အတော်ကိုဝေးသေးတာ"

"ဟိုဒင်းလေ . . မန္တလေးအထိပို့ဖို့လည်း မဟုတ်ပါဘူး၊ မင်းစောပြောတာက ပစ္စည်းဝယ်လို့ရမယ့်ဆိုင်အထိ ဆိုင်ကယ်ကိုကားပေါ်တင်သွားလို့ရမလားလို့ပါ"

"ဆိုင်ကယ်ကို"

ပြောရင်းက မင်းစောထံ အကြည့်ရောက်၏။

"သူက . . 'မင်းစောသာ'တဲ့၊ ကြွေတို့ ပြင်ဦးလွင်ကပါ၊





သူလည်း မန္တလေးတက္ကသိုလ်ကျောင်းသားပါပဲ၊ မင်းစောပြလိုက်လေ . . နင့်ကျောင်းသားကတ်ကို"

'မင်းစော'ပြမည်ပြင်တော့ ကားမောင်းသူက အားနာစွာတား၏။

"ဟာ . . နေ . . ညီ၊ ရတယ်၊ ယုံပါတယ်၊ ညီတို့က လူရည်သန့်တွေပဲဟာ၊ အစ်ကိုတို့ ကူညီလို့ရသလောက်ကူညီပါ့မယ်"

ကြွေရော မင်းစောပါ ဝမ်းသာသွားတာ ထခုန်မိမတတ်ပါ။

"ခက်တာက . . ဒီမှာဆိုင်က ရှားတယ်၊ ဒီလို ဆိုင်ကယ်ပစ္စည်းရောင်းတာမျိုးက ရှိရင်တောင် ပိတ်လောက်ပြီ၊ မနက်လောက်မှရှိတတ်တာ"

"အဲဒါဆိုရင်လည်း အစ်ကိုရယ်၊ နည်းနည်းရှာကြည့်ရင်ရော၊ ဒီမှာကျတော့ . . ညလုံးပေါက်နေဖို့က ဘယ်လိုမှ မဖြစ်လို့ပါ၊ ကျွန်တော်က ကိစ္စမရှိဘူး၊ သူ့အတွက်ကျတော့ မကောင်းဘူးပေါ့"

"ရှာကြည့်လို့ကတော့ မလွယ်ဘူး၊ စိတ်ဆင်းရဲအောင်ပြောတာတော့ မဟုတ်ဘူး၊ တကယ်ကိုမရှိတာ၊ အစ်ကိုတို့က မြို့ခံဆိုတော့ ခတ်သိပေါ့၊ ဒီတော့ . . မြို့ထဲအထိလိုက်ခဲ့ကြလေ"

"ကျေးဇူးတင်လိုက်တာဗျာ . . တကယ်ကိုကျေးဇူးတင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဆိုင်ကယ်ကို ကားပေါ်တင်ဖို့ မင်းစောနှင့် ကြွေ ကြိုးစား၏။ ကားမောင်းလာသူက ကားပေါ်မှဆင်းပြီး ကူညီတင် ပေးလေသည်။

"မန္တလေးကို ပြင်ဦးလွင်ကနေ ကျောင်းလာတက်တာလား"

ကားပေါ်ဆိုင်ကယ်ရောက်တော့ လှမ်းမေးလေသည်။

"ကြွေကတော့ . . အဆောင်နေပါတယ်၊ ကျောင်းပိတ်ရက် ပြန်ပါတယ်၊ မင်းစောက နေ့တိုင်းသွားပြန်လုပ်တာပဲ"

"ဒီနေရာကို ဘယ်လိုရောက်လာတာလဲ . . မဆီမဆိုင်"

"သူငယ်ချင်းတစ်ယောက်ကိုလာရှာတာပါ၊ စီးပွားရေးကလေ . . သူနဲ့မတွေ့လို့ပြန်လာခဲ့ရာက ဒီရောက်လာတာ"

"သြော် . ."

ထိုသူက ယခုမှ နားလည်သဘောပေါက်စွာ ခေါင်းညိတ်၏။

ကြွေနှင့်မင်းစောက ကားနောက်ခန်းပေါ်တက်ကြ၏။ အမိုးတပ်ထားခြင်းမရှိ၊ ထိုင်ခုံတပ်ထားခြင်းမရှိသဖြင့် ကြမ်းခင်းပြင်မှာထိုင်ရ၏။ ဆိုင်ကယ်ကို ကြားကခံကာနှစ်ယောက်





သားတစ်ဖက်တစ်ချက်ထိုင်၏။ အမိုးမရှိသောကြောင့် လေ တဟူး ဟူးတိုက်နေ၏။ ကားအမြန်မောင်းလေ . . အသက် ရှူမရအောင် လေဖြစ်ကာ ကြွေတို့နှစ်ယောက်သား မျက်နှာမူရာအရပ်ကိုကျော ခိုင်းထိုင်ရလေသည်။

"အမယ်လေး . . ကံကောင်းလို့နော်၊ ကူညီမယ့်သူတွေ့တာ"

"အဲဒါက အရေးမကြီးဘူး၊ ငါတို့အိမ်တွေက သိပ်စိတ်ပူကြမှာပဲနော် . . ကြွေ"

"ဟုတ်တယ် . . ငါလည်း ဒီနေ့ပြန်လာမယ်ပြောထားတာ၊ အမေစောင့်နေမှာပဲ၊ ဘုရားသိကြားမလို့ ဆိုင်ကယ်ချိန်းကြိုး ဝယ်လို့ရပါစေ"

"ရရင်တောင် ပြန်တပ်ရမှာနဲ့ . . သွားရမယ့်ခရီးနဲ့ဆိုရင် မနက် မိုးလင်းလောက်မှအိမ်ပြန်ရောက်ရင်ကံကောင်း"

"အေး . . ဟုတ်တယ်နော်"

ကြွေ စိတ်မာတတ်ကျဆင်းလေသည်။ ခန့်ကို သတိရလေသည်။

"ခန့်ရောက်နေပြီလား မသိဘူး"

"အရေးထဲမှာ . . 'ခန့်'ပြန်ပြီ၊ သူ့ကြောင့် . . ဟိုရှာဒီရှာ လုပ်ချင်တာနဲ့ ဒုက္ခရောက်ရတာ မမှတ်သေးဘူး"

"မင်းစောသာ . . နင့်မှာရည်းစားမရှိတာနဲ့ ငါ့ကို ကိုယ်ချင်းမစာတတ်ဘူး၊ ကိုယ့်ရည်းစား ကိုယ်လွမ်းတာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလဲ၊ နင့်ကျမှ . . သိမယ် သိလား"

မင်းစော သဘောကျစွာ ရယ်၏။

"သိရမလားဟ . . နင် ငါ့အနားမှာရှိနေတဲ့ဟာ"

ပြောင်သလို နောက်သလို တကယ်အတည်ပြောလေသည်။

"အမယ် . . မင်းစော အစုတ်ပလုတ်၊ နင် ဘာပြောတာလဲ၊ သေမယ် . . ဘာမှတ်နေလဲ"

မင်းစောကို ကြွေက ထိုင်နေရာမှ လှမ်းရိုက်၏။ ရယ်သံ စကားပြောသံသဲ့သဲ့ ကားရှေ့ခန်းသို့ရောက်လေသည်။


"ကောင်လေးနဲ့ ကောင်မလေးက ချစ်သူတွေနဲ့တူတယ်၊ သူငယ်ချင်းက ဒီအချိန်ထိလည်းမလား"

"ဒါပဲပေါ့ . . အလည်လွန်ရာက ဒုက္ခဖြစ်တာလေ၊ ကလေးတွေက ခက်တယ်"

ကားမောင်းသူက ခပ်ညည်းညည်းကလေးပြောရင်း ကားကို အလျင်အမြန်မောင်းလေသည်။ ကောင်လေးနှင့် ကောင်မလေး ဒုက္ခကို ကူညီဖြေရှင်းပေးလိုက်စိတ်စေတနာအပြည့်အဝရှိနေလေသည်။

☺ ☺ ☺






ခိုင်မင်းခန့်အတွက်ကတော့ လူကို ခြေထောက်နှင့်ကိုင်ရိုက်ခံထားရသလို တစ်ကိုယ်လုံး ဖွတ်ဖွတ်ညက်ညက်ကြေအောင် နာကျင်ပင်ပန်းခြင်းများစွာ ခံစားရပါသည်။

တစ်နေကုန်ဆေးရုံမှာ လှုပ်ရှားခဲ့ရ၏။ ကြွေ့ထံ ရောက်သွားလိုစိတ်ဖြင့် ကားကိုအပြင်းမောင်းခဲ့၏။

ကြွေ၏မွေးနေ့မှာ ကြွေ့အံ့အားသင့်ဝမ်းသာစေလိုစိတ်ဖြင့် နောက်တစ်နေ့ . . နေ့လယ်အချိန်ကိုက် ရောက်ဖို့ ချိန်း ရွယ်ခဲ့၏။ ကြွေနှင့်ချိန်းခဲ့၏။

မထင်မှတ်ဘဲ ကားကဖောက်လွဲဖောက်ပြန်ဖြစ် (တော်လည်းနိုးပါလျက်)လုံးဝ သွား၍မရဖြစ်ခြင်းက 'ကြွေ နဲ့'ဟု တစ်စုံတစ်ယောက်ကဆွဲထားသလိုဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ရောဗျာ . . ကျွန်တော် ကားနည်းနည်းပါးပါးမြင် တတ်ပါတယ်၊ ခုလိုမျိုး . . တစ်ခါမှ မကြုံဖူးဘူးတော့ အဟုတ်မှ ဟုတ်သေးရဲ့လားတောင် အောက်မေ့ခဲ့မိ တယ်"

လူခြေပြတ်သောနေရာ၊ သစ်ပင်ကြီးငယ်တို့ အုပ်ဆိုင်းနေသောနေရာ၊ မျက်စိအကြည့်ရောက်လျက် ခိုင်မင်းခန့် ပြော၏။ နေ့မှည . . ပြောင်းလဲသွားသောအမှောင်ထုက လူ၏စိတ် ကို ချောက်ချားစေသည်။

'ဟိုင်းဝေး'ခရီးဖြစ်သဖြင့် အရှိန်ပြင်းစွာမောင်း သွားသောကားကြီးကားငယ်တို့က မျက်စိရှေ့မှာ ရိပ်ခနဲ ဖြတ်ပြေး တာ မြန်လှ၏။ ဝိုးခနဲ ဝိုးခနဲ အသံတုန်ခါသွားသောမြေလှိုင်းထသံ ကို မြေပေါ်မှာထိုင်ချနေမှ လူကို ကိုင်လှုပ်သလိုဖြစ်နေတာ တိုက် ရိုက်ထိတွေ့ခံစားရ၏။

ကားပြင်သော ဝပ်ရှော့ဆရာက ခိုင်မင်းခန့်ကို ကရုဏာသက်စွာလှမ်းကြည့်၏။ အလင်းရောင်အားနည်းကာ အ မှောင်ကြီးစိုးနေသဖြင့် တစ်ယောက်ကိုတစ်ယောက် ဝိုးတိုးဝါးတား (ခပ်ဝါးဝါး)သာ မြင်ရလေသည်။

"ဖြစ်တတ်ပါတယ် . . ဒီလိုမျိုးက၊ ဘာမဟုတ်တာနဲ့ စိတ် ဒုက္ခဖြစ်ရတယ်၊ တစ်ယောက်တည်းဆိုတော့ ပိုဆိုးတာ ပေါ့၊ ဂီယာဖောက်ချတာ . . ကလပ်ဘရိတ်လဲတာ အ ချိန်တော်တော်ကုန်တာ၊ ခုတောင် . . နည်းတဲ့အချိန်





လား . . ကုန်သွားတာ"

ကားဆရာက ကားဘော်ဒီအောက်ပိုင်းမှ ထွက် လာရသဖြင့် ညောင်းညာနေသောကြောင့် ကိုယ်လက်လှုပ်ရှားမှု (ဘယ်ညာခါးလှည့် ခါးဆန့်)ပြုကာ ပြောရင်း 'ဝါး'ခနဲ တစ်ချက် သမ်း၏။

"ဟား . . အိမ်ပြန်ရောက်ရင် တစ်ချိုးတည်း အိပ်ချလိုက် ရမှာပဲ . . ပင်ပန်းသွားပြီ၊ မိန်းမကတော့ တမျှော်မျှော် ရှိတော့မယ်ဗျ၊ စိတ်ဆိုးဆိုးနဲ့ ထမင်းပွဲမှောက်ချထားရင် တော့ ဒုက္ခပဲ"

"အေးဗျာ . . ခင်ဗျားလိုက်လာလို့ တော်သေးတယ်၊ နို့ မို့ . . ကျွန်တော်တစ်ယောက်တည်း ဒုက္ခဖြစ်နေတာ"

"ခင်ဗျားမှာ . . ခင်ဗျားမှာ ဆယ်လ်လူလာရှိနေတာပဲ၊ ဖုန်းခေါ်ပြီး ခင်ဗျားမိတ်ဆွေလား သူငယ်ချင်းလား ခေါ်ဖို့ကောင်းတာ၊ အကူအညီရတာပေါ့"

"အဲဒါပေါ့ . . ဘူးလေးရာ ဖရုံဆင့်ဆိုတာ၊ ကားကပျက်ရ တဲ့ကြားထဲမှာ ဖုန်းက ဘက်ထရီအားကုန်တော့ ဘယ်မှ ဆက်လို့မရဘူး၊ ခါတိုင်းတော့ ဘက်ထရီအပိုဆောင် သေးတယ်၊ အခုက . . ယူဖို့ကို သတိမရတော့တာ"

"အေးလေ . . ခုတော့လည်း ပြီးပါပြီ၊ သူငယ်ချင်းခေါ်လို့ ရရင်တောင် သူပြင်တတ်မှာမှ မဟုတ်တာ . . မဟုတ် ဘူးလား၊ တဲ . . ကားစမ်းကြည့်ပါဦး . . ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းခန့်က ကားစက်နှိုးပြီး ဂီယာသွင်းကြည့်၏။ ကားရွေ့လျားမှုရှိမှ ရင်ထဲမှအလုံးကြီး ကျသွားလေသည်။

"ဟာ . . ရပြီဗျ၊ ခုမှ စိတ်ချမ်းသာတော့တယ်"

ခိုင်မင်းခန့် ဝမ်းသာအားရအော်၏။

"ကိုင်း . . သွားကြစို့၊ ခင်ဗျားပစ္စည်း ဘာကျန်သေးလဲ ကြည့်ဦး"

ကားပြင်ဆရာက မြေပြင်ကို ငုံ့ကြည့်၏။ ခိုင်မင်းခန့်က ကားကိုနောက်ဆုတ်ကာ ကားမီးထိုးပေးလေသည်။

"ရပြီ . . အားလုံးပြည့်စုံပြီ"

ကားပြင်ဆရာက ကားပြင်ပစ္စည်းတွေထည့်ထားသောသေတ္တာ လက်ထဲဆုပ်ကိုင်ပြီး ကားပေါ် ပြေးတက်၏။

"တော်သေးဗျာ . . မြို့ပြတ်သွားလို့ မှောင်နဲ့မဲမဲမှာ ခြင်ကလည်းကိုက်သေး . . မလွယ်ဘူး"

"အေးဗျာ . . ကျွန်တော်လည်း ဒီလိုနဲ့ မိုးလင်းပြီတောင်မှတ်တာ၊ ဒီတစ်ခါလောက် စိတ်ညစ်စိတ်ကုန်တာ ဒီတစ်ခါပဲရှိသေးတယ်၊ ဒါကြောင့် . . ကားနဲ့ပတ်သက်ပြီး ကျွန်တော့်အဖေ စိတ်မချတာပါလား်ဆိုတာခုမှသဘောပေါက်တယ်"

တားပြင်ဆရာ ရယ်လေသည်။

"မှားပြီ . . သားမှားပြီ ဖေဖေရဲ့ပေါ့ . . ဟုတ်လား၊ သီချင်းအော်ဆိုလိုက်ဖို့တောင်ကောင်းပြီ"



"လောလောဆယ်တော့ ထမင်းဆာတာဗိုက်အောင့်နေပြီဗျ၊ သီချင်းဆိုဖို့တော့ ဝေလာဝေးပဲ၊ဆိုင်ကောင်းကောင်းတွေ့ရင်ပြောဗျာ . . စားကြရအောင်"

"အမယ်လေး . . ဆရာရယ်၊ ဒီအချိန်မှာ ထမင်းဆိုင်ကောင်း,မကောင်း ရွေးနေရမယ့်အချိန်မဟုတ်တော့ဘူးဗျ၊ တွေ့တဲ့ဆိုင်ဝင်စားဖို့ပဲရှိတယ်၊ အချိန်လည်းကြည့်ဦး၊ ဘယ်နှစ်နာရီရှိပြီလဲလို့"

ခိုင်မင်းခန့် စိတ်ထဲ 'ဟုတ်သားပဲ' ဟုတွေးမိ၏။

"ကြွေနဲ့အတူတူ ထမင်းစားကြမယ်"

ဟု ဖုန်းဖြင့်ပြောဆိုထားခဲ့သောစကား သတိရ၏။ ကြွေ . . ခုလောက်ဆို စိတ်ဆိုးနေလောက်ပြီ။ ယခုအချိန်မှာ မြင်ဦးလွင်သို့ ကြွေ ပြန်ရောက်နေလျက် အိပ်မောကျနေလောက်ပြီဟု ကြွေ့ထံ စိတ်ရောက်နေလေသည်။

ထိုအချိန်မှာ . . ကားတစ်စီးနှင့်ပွတ်ကာသီကာတိုက်မိမလိုဖြစ်လေသည်။

"ဟာ . . ဟေ့လူ၊ အိပ်ငိုက်သွားတာလား . . ဟုတ်လား၊ ကျွန်တော်မောင်းပေးရမလား"

ကားပြင်ဆရာက ကားစတီယာရင်ကိုလှမ်းကိုင်မလိုပြု၏။

"အိပ်ငိုက်တာမဟုတ်ဘူးဗျ . . အတွေးလွန်သွားတာဟားဟား၊ ကျွန်တော့်ကောင်မလေး ခုချိန်လောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်နေလောက်ပြီလို့တွေးမိလိုက်တာ"

ကားပြင်ဆရာ သဘောကျစွာ ရယ်၏။

"လက်စသတ်တော့ ခင်ဗျားက ရည်းစားနဲ့ချိန်းထားတာကိုး၊ ရုပ်ရှင်ထဲကလိုဖြစ်နေဦးမယ်"

"ဘာ . . ဘယ်လိုဖြစ်နေမှာလဲ"

"မိန်းမခိုးပြေးမလို့ဗျာ . . ချိန်းထားတဲ့ဆီ အချိန်မီ မရောက်တော့ သစ္စာဖောက်တယ် မလာတော့ဘူးမှတ်ပြီး စိတ်ကောက် အိမ်ပြန် . . ကွဲ၊ သကြိန်မိုးဇာတ်ကားထဲက နေအောင်နဲ့ ခင်သန်းနုဗျာ . . ဟားဟားဟား"

"ဟာ . . ဟေ့လူ . . မဦးမချွတ်ဗျာ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဖွ . . လွဲပါစေ ပယ်ပါစေ၊ ကျွန်တော့်မှာ ရှားရှားပါးပါး ဒီချစ်သူတစ်ယောက်ပဲရှိတာဗျ၊ ပြီးတော့ . . သွားခိုးမှာလည်းမဟုတ်ပါဘူး၊ သွားတွေ့မှာ"

"ဆောရီးဗျာ . . ကျွန်တော်က ကြည့်ဖူးတဲ့ရုပ်ရှင်သတိရပြီး ပြောမိတာ၊ ခင်ဗျား အယူမသီးတတ်ဘူးမဟုတ်လား"

"ပြောပြီးလို့ နားကတောင်ကြားပြီးပြီ၊ ဘာတတ်နိုင်မှာလဲ၊ ခုမှတော့ . . အယူသီးတာ မဟုတ်ပေမဲ့ ခင်ဗျားပြောတော့ စိတ်ထဲမှာတစ်မျိုးကြီးတော့ဖြစ်သွားတယ်ဗျ၊ ထင့်ခနဲကိုဖြစ်တာ"

"ဆောရီးဗျာ . . ဆောရီး၊ ကျွန်တော်လည်း တစ်ချိန်လုံး





ရင်တမမနဲ့ ကားပြင်နေရတာ၊ ခုမှ စိတ်ဖော့လိုက်တော့ အပျော်စကားပြောမိသွားတာဗျာ . . ဆောရီး၊ ဟောဟိုရှေ့ကထမင်းဆိုင်က သိမ်းတောင်သိမ်းတော့မယ်ဗျ၊ မြန်မြန်ကားထိုးရပ်၊ တော်နေကြာ . . ငတ်ပေါက်တိုးနေမယ်"

ခိုင်မင်းခန့်က ကားကို ဆိုင်ရှေ့မှာထိုးရပ်၏။ ထမင်းဆိုင်က ဆိုင်သေးသေးပဲဖြစ်၏။ တံခါးရွက်တစ်ချပ်ပင် ပိတ်နေခဲ့ပြီ။

"ဆိုင်သိမ်းပြီဗျ . . ဘာမှမရှိတော့ဘူး"

စားပွဲထိုးကောင်လေးက စိတ်ပျက်စွာ ဆီးကြိုပြော၏။ ဒီလိုအဖြစ်မျိုး မကြာခဏကြုံတွေ့နေရသဖြင့် . . အိပ်ရေးပျက်ပေါင်းများ၍ စိတ်တိုဟန်တူသည်။

ဆိုင်ရှင်က သဘောကောင်းလေသည်။ အကျိုးအကြောင်းမေးမြန်းပြောဆိုပြီး တည်ခင်းပေးခြင်းကြောင့် ခိုင်မင်းခန့်နှင့် ကားပြင်ဆရာမှာ ကံကောင်းလွန်းလှသောကြောင့် . . လက်ကျန်ထမင်းဟင်း စားခွင့်ရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com








" ခြံထဲသို့ဝင်လာသူမှာ . . ကြွေဝတ်မှုန်၏မိခင် ဒေါ်ဖြူဖြူဖြစ်၏။ 'ဒေါ်ဖြူဖြူပါလား'ဟု သိလိုက်ရချိန်မှာဒေါ်သန်းရီ၏စိတ်၌ ထင့်ခနဲဖြစ်၏။

ဘာကို စိုးရိမ်ပူပန်မှန်းမသိ စိုးရိမ်ပူပန်လေသည်။

"ဖြူ ပါလား . . လာလာ"

အသံပြုခေါ်ရင်း ခင်ပွန်းဖြစ်သူကို ငဲ့ကြည့်၏။

"ကြွေတို့မေမေ လာတာ"

ဟု ခပ်တိုးတိုးပြောသောဒေါ်သန်းရီ၏အသံမှာ တစ်စုံတစ်ခု ကြောင့်ကြသံပါနေလေသည်။

"တစ်ယောက်တည်းပါလား၊ ကြွေ မပါဘူးလား"





www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုနှုတ်ဆက်ရင်း . . ညမိုးချုပ်ကြီးလာတာ အကြောင်းတစ်ခုခုတော့ရှိပြီဟု တွေးမိပြီးဖြစ်၏။

ခိုင်မင်းခန့်တို့အိမ်နှင့် ယခုပင်ဖုန်းဆက်ပြောထားပြီးဖြစ်သဖြင့်လည်း . . "ကြွေနှင့်ခိုင်မင်းခန့်တို့ ပြဿနာများဖြစ်နေမလား"ဟု အတွေးမျှင်တန်း၏။

ဒေါ်ဖြူဖြူက . . ဦးမြတ်သာနှင့် ဒေါ်သန်းရီကို ပြုံးနှုတ်ဆက်ရင်း မျက်လုံးက 'မင်းစော'ကိုရှာ၏။

"ကြွေ မပါဘူးလ၊ ဒီနေ့ ပြန်လာမယ်ပြောပြီး ပြန်ရောက်မလာလို့မောင်မင်းစောများအကျိုးအကြောင်းသိမလားလာမေးတာ"

"ဟင်"

ဦးမြတ်သာရော ဒေါ်သန်းရီပါ အာမေဍိတ်သံတိုးတိုးထွက်၏။ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါပါကြည့်မိကြ၏။

ဒေါ်ဖြူဖြူက မျက်နှာရိပ် မျက်နှာကဲကြည့်ကာ မျက်လုံးလေးပြူးသွားလေသည်။

"သမီးသတင်းသိချင်လို့ 'ဖြူ'လာမေးတာပါ၊ မိုးချုပ်နေတော့ အားနာလိုက်တာ၊ စောစောက ဖုန်းဆက်တော့လည်းဒီဘက်က ဘယ်လိုမှလိုင်းမအားဘူးဖြစ်နေတော့ စိတ်မြန်ကိုယ်မြန်နဲ့ လူပဲထလာခဲ့တာ၊ ဦးမြတ်သာတို့ကို အနှောင့်အယှက်ပေးမိရာ ရောက်နေပြီထင်တယ်"





ထိုအခါမှ . . ဦးမြတ်သာတို့ အားနာစွာ ပြုံးကြ

"ဘာစိတ်အနှောင့်အယှက်ဖြစ်စရာရောက်မလဲဗျာ၊ ဒီလူတွေနဲ့ဒီလူတွေ အကြောင်းရှိရင် ကူညီကြရမယ့်သူတွေပဲဟာ . . အားနာရမယ်လို့ . . မဟုတ်တာ"

"ဒါပေမဲ့ . . မိုးချုပ်နေလို့ အားနာပါ၊ မောင်မင်းစောရောအိပ်ပြီလားမသိဘူး"

"ဘယ် . . ဒီအချိန်အိပ်မလဲ၊ ရှိလို့ကတော့ . . ညဥ့်နက်အောင်နေတတ်တာ ဖြူရဲ့၊ အခု . . သားပြန်မရောက်သေးလို့ 'သန်း'တို့လည်း မျှော်နေတာ"

"ဟင် . . မောင်မင်းစောက နေ့တိုင်းအိမ်ပြန်နေကျပဲမဟုတ်လား၊ မပြန်လာသေးဘူးလား"

"နေ့တိုင်းပြန်တယ် . . ကိစ္စရှိမှ သူငယ်ချင်းအဆောင်မှာဝင်အိပ်တတ်တာ၊ ဒီနေ့ ပြန်လာရမှာ အသေအချာပဲ၊ ခိုင်မင်းခန့်လာမယ်ဆိုလို့ 'သန်း'က ထမင်းဟင်းချက်ပြီး တောင်စောင့်နေခဲ့တာ၊ ခုထိ . . ပြန်မရောက်သေးဘူး"

ဒေါ်ဖြူဖြူ မျက်မှောင်တွန့်ကလေးဖြစ်သွား၏။

"ခါတိုင်းတော့ နည်းနည်းလောက်နောက်ကျမယ်ဆိုလည်း ဖုန်းဆက်ပြောနေကျ၊ ခုတော့ . . ဖုန်းလည်းမဆက် . . ဘာအကြောင်းမှမကြားနဲ့၊ လူကြီးတွေစိတ်ပူအောင်လုပ်ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာ၏အသံမှာ စိတ်တိုသံပါနေလေသည်။ ဒေါ်သန်းရီက ဒေါ်ဖြူဖြူကို အားနာပြုံး ပြုံးကြည့်၏။

"ဒီနေ့ . . ခိုင်မင်းခန့်လာမယ်ပြောတယ်၊ အဲဒါ . . ဖြူ သိလား"

တိုးညှင်းစွာပြောသော လေသံကနှစ်ကိုယ်ကြားပြောသောလေသံ။ ဒေါ်ဖြူဖြူ ခေါင်းညိတ်လေသည်။

"ဒီနေ့က ကြွေ့မွေးနေ့လေ၊ အဲဒါ ခန့်လာမှာမို့ ဘုရားသွားကြမယ်တဲ့၊ နည်းနည်းပါးပါးနောက်ကျရင် စိတ်မပူပါနဲ့လို့ ခွင့်တောင်းတဲ့သဘောနဲ့ ပြောသွားတာ"

"သြော် . . ဒါကြောင့်ကိုး"

ဦးမြတ်သာထံမှ အသံထွက်လာလေသည်။

"ခန့် . . အဲ . . ခိုင်မင်းခန့်က ဒီကိုခိုးထွက်လာတာ ဒေါ်ဖြူဖြူရဲ့၊ ခုနက . . ဖုန်းလိုင်းမအားတာ ခန့်အဖေ ဦးဉာဏ်လင်းခန့်နဲ့ ကျွန်တော်တို့ စကားပြောနေကြတာ"

ဦးမြတ်သာက ပြောသောစကားရပ်၏။ ပြုံးနေကျထုံးစံအတိုင်း ဒေါ်ဖြူဖြူ၏မျက်နှာကို အကဲခတ်ကြည့်၏။ ပြီးမှ . . စကားဆက်လေသည်။

"ကလေးတွေ ရည်ငံ . . အဲ . . မေတ္တာရှိနေကြတာ ဒေါ်ဖြူဖြူသိတယ်ပေါ့၊ ကြွေက ခွင့်တောင်းသွားတယ်ဆိုတော့လေ"

ဒေါ်ဖြူဖြူ လှုပ်လှုပ်ရှားရှားလေးဖြစ်၏။ သမီး





ရှင်ဖြစ်နေခြင်းကြောင့် ခွင့်ပြုထားခြင်းကို ရှက်စိတ်ဝင်ကာမျက်နှာကွက်ခနဲပျက်ရလေသည်။

"တိတိကျကျကြီးတော့မဟုတ်ဘူးပေါ့၊ ဟိုကောင်လေး အနေအထားက သမီးကိုမေတ္တာရှိနေတာသိသာနေတာပဲ၊ မွေးနေ့မှာ သူငယ်ချင်းတွေနဲ့ ဘုရားသွားတာ လည်ပတ်တာက သမီးအကျင့်ပဲလေ၊ ဒီနေ့မှာ . . ခန့်လည်းလာလိမ့်မယ်ဆိုတာ သမီးပြောပြလို့ ကျွန်မသိတာပါ"

ဦးမြတ်သာကို ဒေါ်သန်းရီက မသိမသာလေး ခေါင်းယမ်းပြ၏။ ခင်ပွန်းဖြစ်သူကို နောက်ထပ် ဘာစကားမှဆက်မပြောစေချင်ပေ။ တော်နေကြာ . . ဦးဉာဏ်လင်းခန့်တို့ဘက်က သူ့သားကို ဘယ်သူနှင့် ဘယ်လိုသဘောတူထားတာ၊ ဘာညာပါ ဝင်ကာ စကားရှုပ်မှာစိုးရိမ်လေသည်။

"အဲဒါ . . ဖြူရေ၊ ကလေးတွေ ဘယ်လိုဖြစ်ကြတယ်မသိပါဘူး၊ ခိုင်မင်းခန့်အိမ်ကလည်း၊ သူ့သား ခရီးထွက်တာသိသွားတော့ ရောက်ပြီလား လှမ်းမေးနေတယ်၊ ဒီတစ်ခါ . . ခိုင်မင်းခန့်က ကားယူမောင်းသွားတာဆိုတော့ ဒီကို အချိန်နဲ့ရောက်မလာသေးတာကို စိတ်ပူတယ်ထင်တယ်"

"ဟင် . . ဟုတ်လား"

ဒေါ်ဖြူဖြူ အံ့သြအကြည့် ကြည့်၏။ မျက်ခုံး

www.burmeseclassic.com



လေးပင့်၏။ ရှင်မှာ တဒိတ်ဒိတ်ခုန်၏။ အစက သမီးလေး ကြွေဝတ်မှုန်အတွက်သာ စိတ်ပူနေခဲ့၏။

ယခုတော့ . . ခိုင်မင်းခန့်အတွက်ပါ ရောနှောပါဝင်လာလေသည်။

"မင်းစောကရော . . သူတို့နဲ့ပါသွားမယ်ထင်သလား"

ဦးမြတ်သာအကြည့်က ဒေါ်သန်းရီနှင့်ဒေါ်ဖြူဖြူထံရောက်၏။

"မပြောတတ်ဘူးလေ၊ သန်းကြ ဘယ်လိုသိမှာလဲကိုမြတ်သာ၊ ရှင်နဲ့နှစ်ယောက် ထိုင်ဈေးနေခဲ့တာ ရှင်ရှေ့မှာ ငုတ်တုတ်ကြီး ရှင်မြင်သားနဲ့"

ဒေါ်သန်းရီက ပြောရင်း ထိုင်ရာမှ ထ၏။ သားအတွက်စိတ်ပူစိတ်ဖြင့် ဖုန်းဆက်မေးတာ စုံစမ်းတာလုပ်မလား ဦးမြတ်သာလိုက်ကြည့်၏။

ခဏနေတော့ . . .

ဘုရားခန်းထဲမှ ပြန်ထွက်လာ၏။

"ဘာသွားလုပ်တာလဲ"

ဦးမြတ်သာက မေးဆတ်မေးလေသည်။

"သောက်တော်ရေသွားကပ်တာ၊ ရင်ပူလွန်းလို့လေ . . ရင်အေးအောင်လို့"

ရင်ဖိကာ ဆို၏။ ဒေါ်ဖြူဖြူ အနား ပြန်ထိုင်၏။

"ဘာမှ မဆိုင်ဘူး"



ဦးမြတ်သာ မျက်စောင်းထိုးပြောသံကြောင့် ဒေါ်ဖြူဖြူ ပြုံးလုလုဖြစ်သွားရလေသည်။ ဒေါ်သန်းရီက ဒေါ်ဖြူဖြူ ပြုံးတာမြင်ကာ ရောယောင်ပြုံးလေသည်။

"အဲဒီလိုပဲ . . သူက၊ သူများလုပ်ရင် ဝေဖန်ဖို့ပဲ၊ ပူတာကျတော့ သူက ကျွန်မထက်တောင်ပိုပြီး ပူတတ်တာ ဖြူရဲ၊ ပါးစပ်က ပွစိပွစိနဲ့ . . မပြီးတော့ဘူး"

ပြောရင်း . . မျက်လုံးအကြည့်ကခြံဝသို့ရောက်၏။

"စိတ်ထင်လို့ပဲလား မသိဘူး၊ ကားတစ်စီးခြံထဲဝင်လာသလိုပဲ"

ဒေါ်သန်းရီစကားအဆုံး ဦးမြတ်သာရော ဒေါ်ဖြူဖြူပါ ခြံဝအကြည့်ရောက်၏။

"ဟုတ်တယ် . . ကားဝင်လာတာ သန်းရဲ့ ပြန်လာကြပြီထင်တယ်"

ဒေါ်ဖြူဖြူပြောသံက စိုးရိမ်စိတ်တွေ ကင်းစင်ပပျောက်လျက် ဝမ်းသာအားရအသံဖြစ်၏။ ဒေါ်သန်းရီ၏မျက်နှာကဝင်းပကြည်လင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com








မီးထိုးဝင်လာသောကားက တိုက်ရှေ့အရပ်သွားပေါ်မှဆင်းလာသူက ခိုင်မင်းခန့်တစ်ယောက်တည်းဖြစ်နေခဲ့၏။

အမြဲတစေ သပ်ရပ်ရှင်းသန့်စွာနေတတ်သော ခိုင်မင်းခန့်ပုံစံက နွမ်းလျနေ၏။

ခိုင်မင်းခန့်ကလည်းရပ်စောင့်ကြည့်နေသူထဲ မှ မင်းစောပါဝင်သည်မှတ်ကာ လက်ပြနှုတ်ဆက်ဆင်းလာ၏။

"ကွာ . . ဒုက္ခရောက်လိုက်တာ၊ ကားပျက်လို့ လူဆိုတာ ဂျင်ဂျီလယ်သွားတာပဲ"

"မင်းစောတို့ရော ခိုင်မင်းခန့်၊ သားစောဘယ်မှာလဲ"

ဦးမြတ်သာ၏ စိုးရိမ်တကြီးမေးသံကြားမှ . .

www.burmeseclassic.com

www.burmeseclassic.com



'မင်းစော'ဟု မိမိထင်မှတ်သူမှာ . . 'မင်းစောသာ'မဟုတ်ဘဲ 'ဦးမြတ်သာ'ဖြစ်နေတာကြောင့် ခိုင်မင်းခန့် အားနာသွား၏။

"ဟာ . . ကန်တော့ ဦး၊ ကန်တော့ခင်ဗျာ . . ကျွန်တော်က သုံးယောက်ရပ်နေတာမြင်တော့ ဦးကို မင်းစောမှတ်သွားတာ၊ မင်းစောရော"

မေးရင်း . . လူကြီးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်တာ သတိထားမိရာမှ ဒေါ်ဖြူဖြူကို မြင်တွေ့သွားလေသည်။

"ဟာ . . အန်တီဖြူပါရောက်နေတာပဲ၊ ကြွေရော ပါလာသလား"

"ဘုရားရေ"

ဒေါ်ဖြူဖြူ ရင်ဖိ၏။ မျက်လုံးပြူး အံ့အားသင့်ပုံကို အနီးကပ်ရှိနေသော ဒေါ်သန်းရီ အထင်အရှားမြင်တွေ့ရလေသည်။

"ကြွေ . . ကြွေနဲ့သားတို့ မတွေ့ကြဘူးလား"

ဒေါ်ဖြူဖြူ့အသံက တုန်ခါနေ၏။ ခိုင်မင်းခန့်က အံ့အားသင့်စွာကြည့်ရင်း ခေါင်းယမ်းစဉ်မှာ . . ဒေါ်သန်းရီက အိမ်ထဲဝင်ဖို့ခေါ်ရလေသည်။

"ကိုင်း . . လာပါ . . စကားအေးအေးဆေးဆေးပြောကြတာပေါ့"

"ကားက . . ဘယ်လိုဖြစ်တာလဲ . . ခိုင်မင်းခန့်"



ဦးမြတ်သာက အိမ်ထဲအရောက် ဦးစွာမေး၏။

"ကားက ကလပ်ဘရိတ်ကြွေသွားတာခင်ဗျ၊ မန္တလေးမြို့နယ်အစနားအရောက်မှာမှ ကပ်ပြီး ဖြစ်သွားတာဆိုတော့ ကျွန်တော် တော်တော်ဒုက္ခရောက်သွားခဲ့တာ"

"မင်းကွာ . . ဖုန်းလေးဘာလေး ဆက်ဖို့ကောင်းတယ်၊ ဒီမှာ . . မင်းအန်တီက တစ်ချိန်လုံးမျှော်နေတာ"

"ဖြစ်ချင်တော့ . . ကျွန်တော့်ဆယ်လ်လူလာက ဘက်ထရီအားကုန်သွားတာနဲ့ မဆက်ဖြစ်တာ၊ တခြားဖုန်းဆက်ဖို့ကလည်း ဝေးနေတော့ မလွယ်ဘူးလေ"

ခိုင်မင်းခန့်က ဦးမြတ်သာကို ဦးတည်ပြော၏။ ပြီးမှ . . ဒေါ်ဖြူဖြူနှင့် ဒေါ်သန်းရီထံ အကြည့်ရောက်၏။

"မင်းစောနဲ့ ကြွေတို့တော့ စိတ်ပူမှာပဲ ကျွန်တော်သိတယ် ကျွန်တော် မနေ့ညကတည်းကထွက်လာခဲ့တာ၊ မထင်မှတ်ဘဲ ကားပျက်တော့ ဘယ်လိုမှမတတ်နိုင်ဘူး"

"ဒါဖြင့် . . ကြွေနဲ့ လုံးဝ မတွေ့ရသေးဘူးပေါ့ . . ဟုတ်လား"

"ဟုတ်ကဲ့ . . အန်တီဖြူ ကျွန်တော် ကားပြင်ပြီးချိန်က ညဉ့်နက်ပြီဆိုတော့ . . အဆောင်ကိုဝင်လို့မရတော့ဘူးလေ၊ ကြွေ ဒီကို မင်းစောနဲ့ပြန်လာပြီဆိုတော့ သူတို့ အိမ်ပြန်ရောက်နေပြီပဲ မှတ်တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ မျက်လုံးပြူးကြပြန်၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပုံက အလန့်တကြားဖြစ်နေကြလေသည်။

"မင်းစောနဲ့ ကြွေ ပြန်သွားပြီလို့ သားကို ဘယ်သူကပြောတာလဲ"

ဦးစွာသတိဝင်ကာမေးသူကဒေါ်သန်းရီဖြစ်၏။

"နီလွင်ကြည်ပြောတာ၊ ဖြင်ဦးလွင်အဝင်မှာ သူတို့ကားနဲ့ ခုလေးတင်တွေ့တာ၊ ခရီးသွားမလို့ . . လို့ပြောတယ်"

"ဟုတ်တယ် . . ဟုတ်တယ်၊ သူတို့ ပုဂံညောင်ဦးသွားမယ်လို့ အန်တီ့ကိုပြောဖူးတယ်"

ဒေါ်သန်းရီက ခေါင်းတညိတ်ညိတ်ဖြစ်ကာ ခေါင်းကို လက်ဖြင့်အုပ်ကိုင်၏။

"ခေါင်းတောင်ကိုက်လာပြီ၊ စောစောက အန်တီတို့ပူနေတာ ခိုင်မင်းခန့်အတွက်ပူနေတာ၊ သားအဖေက ဒီနေ့တစ်နေ့လုံး သားမရောက်သေးဘူးလား တစ်မေးတည်းမေးနေလို့၊ ကိုယ့်ဆီလာရင်း မင်းတစ်ခုခုဖြစ်မှာစိတ်ပူလိုက်ရတာ၊ သွားပြီး . . ဖုန်းဆက်ပါဦး သားအဖေဆီကို၊ ရောက်ပြီဆိုတာ"

"ဖေဖေတို့က ဘယ်လိုသိသွားတာလဲ၊ ကျွန်တော် ဒီကိုလာမယ်လို့ မပြောထားဘူး"



"မင်းအန်တီဟော့ . . ဒီကို မင်းအမေဖုန်းဆက်တော့ ခန့်တောင်လာလိမ့်မယ်လို့ ပြောမိရာကနေ သိသွားတာ၊ အဲဒါထား . . မင်းစောတို့က မင်း လာနိုး . . လာနိုးနဲ့များ အဆောင်မှာစောင့်အိပ်ပြီး မျှော်နေကြသလားမသိဘူး"

ဒေါ်ဖြူဖြူက ခေါင်းတညိတ်ညိတ်ထောက်ခံနေလေသည်။

"ကျွန်တော် . . မနက္ခလေးပြန်ဆင်းလိုက်မယ်လေ၊ သွားကြည့်လိုက်ရမလား"

လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပြန်၏။ ခိုင်မင်းခန့်ပုံစံက ခရီးပန်းရသည့်ကြားထဲ ကားပျက်သည့်စိတ်ဆင်းရဲခြင်းဒဏ် တစ်နေကုန်ခံလာရသဖြင့် . . လဲပြို ကျမတတ်ဖြစ်နေတာ မြင်နေရတာလေ။

"ကြွေနဲ့ မင်းစောသာအတူတူပြန်လာရင် ရောက်ပြီပေါ့၊ ခုတော့ . . အဆောင်မှာပဲရှိနေမှာထင်တယ်"

ဒေါ်ဖြူဖြူ၏မျက်နှာက ကြားသိရသောသတင်းကြောင့် ပူပင်သောကနည်းသွားပုံပေါ်သည်။

မျက်နှာအနေအထား အသံဟုန်အားလုံး ပင်ကိုယ်ပုံစံအေးဆေးငြိမ်သက်စွာ စကားပြောနိုင်ပြီဖြစ်၏။

"အေးလေ . . တကယ်ဆိုရင် ခိုင်မင်းခန့်ရောက်မလာသေးလို့ အဆောင်မှာပဲ စောင့်နေတယ်၊ စိတ်မပူပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖုန်းဆက်သင့်တယ်၊ ခုတော့ . . လူကြီးတွေမှာ ကြည့်စမ်း . . ဘယ်လောက်စိတ်ပူရသလဲဆိုတာ၊ မြင်တဲ့အတိုင်းပဲ၊ ခုလည်း . . မင်းအတွက်စိတ်ပူနေကြရှာတာခိုင်မင်းခန့် . . ဖုန်းဆက်လိုက် . . သွား"

ခိုင်မင်းခန့်က 'ဟုတ်ကဲ့'ဆိုကာ ဖုန်းရှိရာ ထသွား၏။ အကျိုးအကြောင်းပြောဆိုသံ အတိုင်းသားကြားနေရ၏။

ဖေဖေဦးညာဏ်လင်းခန့်က ကားပျက်ပုံကို အစအဆုံး မေး၏။ တားဂီယာပေါက်ချရတာကအစ ပြင်ရပုံအလုံးစုံကို 'ခန့်'က ဖြေ၏။

'ပြီးပြီ'ဆိုမှ ဟိုက ဖောက်မေး ဒီကဖောက်မေးကို ခိုင်မင်းခန့် ဖြေနေရသည်မှာမပြီးစီးနိုင်အောင်ရှိနေလေသည်။

☺ 😐 ☺






"ဘာလဲ . . ဆက်လို့မရဘူးလား"

စိတ်ပျက်လက်ပျက်မျက်နှာနှင့် တယ်လီဖုန်းနားမှ ခွာလာသော မင်းစောကို ကြွေက အကဲခတ်ကြည့်ဖြင့် ကြည့်မေး၏။ မင်းစော ခေါင်းယမ်းလေသည်။

"ကယ်သူတွေနဲ့ ဘာတွေ ဒီလောက်ပြောနေကြတယ် မသိပါဘူး ကြွေရေ၊ ဆက်လိုက်တိုင်း . . ဆယ့်နှစ်ရာသီ အင်(န်)ဂေ့ဖြစ်နေတာပဲ"

"နင်တို့အိမ်ကတယ်လီဖုန်းပျက်နေပြီထင်တယ် မင်းစောရဲ့၊ ဖုန်းပျက်ရင်လည်း အဲဒီလိုပဲ မြည်တာပဲ"

"နင်တို့အိမ်ဆက်တုန်းကရော . . ."

"ခေါ်ကြိမ်ပြည့်အောင်ကိုခေါ်တယ် . . မကိုင်ဘူးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ . . မေမေ မကိုင်ဘူးနဲ့တူတယ်၊ ရှိမှ ရှိရဲ့လားပဲ"

"ညကြီးမိုးချုပ် . . ဘယ်သွားမှာမို့လဲ"

"အရမ်းအိပ်မောကျနေလို့လည်းဖြစ်နိုင်တယ်"

"ဟာ . . အန်တီဖြူက အဲဒီလောက်တောင်အိပ်မဲ့ပုံမပေါ်ပါဘူး"

"တယ်လီဖုန်းက အောက်ထပ်ကဆိုင်ခန်းမှာထားတာ မင်းစောရဲ့၊ နင်မြင်သားနဲ့၊ ညဘက် တံခါးတွေအားလုံး ပိတ်အိပ်ရင် အသံလုံးဝ မကြားရဘူး"

မင်းစော ပင့်သက်ချလေသည်။

"အေးလေ . . အဲဒီတော့လည်း မဆက်ရရုံရှိတာပေါ့၊ တော်နေကြာ . . လူကြီးတွေ စိတ်ပူမှာစိုးလို့ဆက်နေရတာ"

"ကဲ . . တော်တော့ဟယ်၊ အိမ်ရှင်တွေ အားနာပါတယ်၊ ငါတို့ စကားတတွတ်တွတ်ပြောနေတော့ အိပ်မရတာဖြစ်နေမယ်၊ ဖုန်းလည်း ဆက်မနေနဲ့တော့၊ သူတို့ခမျာ . . ငါတို့ကို ကားပေါ်လည်းခေါ်တင်ရသေး၊ဆိုင်တွေလည်း လျှောက်ရှာပေးရသေး၊ ဒီကြားထဲ ပစ္စည်းဝယ်မရတော့ အိမ်ခေါ်လာပြီး သိပ်ရသေးတယ်၊ နင်က ဖုန်းပါဆက်တော့ အားနာဖို့ကောင်းတယ်"

"ငါက ယောက်ျားလေး ကြွေရဲ့၊ ငါ ပျောက်တာက တော်သေးတယ်၊ ရှင်းလို့ရတယ်၊ နင်ပျောက်နေရင် နင့်အမေ





စိတ်ပူမှာ၊ ပြီး . . တောင်ထင်မြောက်ထင် ထင်မှာတာ"

"ကဲပါ . . တော်ပါတော့ဆို . . အိပ်တော့"

ကြွေက ခပ်ဆတ်ဆတ်ကလေးပြောပြီး အိပ်ဖို့ပြင်လေသည်။

ကားဖြင့်တင်ခေါ်လာပေးသည့် လင်မယားက သဘောကောင်းကြရှာပါသည်။ ပစ္စည်းဝယ်မရသဖြင့် အခက်အခဲရှိနေမှန်းသိကြ၏။

"ကဲကွာ . . မနက်မိုးလင်းမှ ပစ္စည်းလိုက်ရှာကြတော့၊ တစ်အောင့်နေ မိုးလင်းတော့မှာပဲဟာ၊ အိမ်မှာလိုက် အိပ်ကြ"

လင်မယားနှစ်ယောက်လုံးကခေါ်သဖြင့် ကြွေတို့လိုက်ပါခဲ့ရ၏။ ခေါင်းအုံး၊ ခြင်ထောင်၊ စောင် ပြည့်စုံအောင်ပေးပါသည်။

"ခြင်ထောင်တွေဘာတွေ ထောင်ပေးမနေပါနဲ့ မမ၊ ကြွေတို့ သူငယ်ချင်းနှစ်ယောက် ဘုရားစင်ရှေ့နားမှာ ခဏ မှိန်းရုံနဲ့ရပါတယ်"

ကြွေက ခြင်ထောင်မထောင်ဖို့တား၏။

"အမယ်လေးလေး . . ခြင်ထောင်မထောင်လို့ကတော့ ခြင်သယ်သွားမှာနော် ကြွေဝတ်မှုန်၊ မမတို့ဆီက ခြင် သိပ်များတယ်"

www.burmeseclassic.com



"ကိစ္စမရှိပါဘူး . . ဒီအတိုင်းပဲရပါတယ်"

"ဘယ် . . မဟုတ်တာ၊ ခရီးပန်းပြီး ခရီးမတွင်လို့ စိတ်ပင်ပန်းနေကြတာ၊ အိပ်ပျော်အောင်အိပ်ဖို့လိုတယ်"

မင်းစောက ထိုင်ရာမှ ထ၏။

"ပေး . . မမ၊ ကျွန်တော်ထောင်ပေးမယ်"

"ဟဲ့ . . မင်းစော၊ နင်ကလည်း ခဏနေပြန်ထရမှာ . . မထောင်ပါနဲ့"

"နင် အေးအေးဆေးဆေးအိပ်ပေါ့ ကြွေရဲ့၊ ငါက ဟိုပက်လက်ကုလားထိုင်မှာ အိပ်မှာ"

မင်းစောက ပြောပြောဆိုဆိုခြင်ထောင်ထောင်၏။ ကြွေ စိတ်ပျက်စွာ ငေးကြည့်ရင်း ပင့်သက်ချမိလေသည်။

ခိုင်မင်းခန့်ထံ စိတ်ရောက်၏။

ကြွေ့ဆီလာမည်ပြောပြီး မလာတာဘာ့ကြောင့်လဲ။

ကြွေ တွေးမရပေ။

ယခုတော့ . . ကြွေတို့မှာ ခန့်ကိုရှာရတာနှင့် ပင်အချိန်ကုန် လူပင်ပန်း စိတ်ဆင်းရဲရပြီ။

သူ . . ဒါတွေ သိပါမည်လား။

"ကိုင်း . . ဝင်အိပ်တော့ ကြွေ၊ ပေါင်းတည်ဇာခြင်ထောင်ဆိုတော့ လုံတယ်ဟ၊ နင် စိတ်ချလက်ချလွတ်လွတ်လပ်လပ်အိပ်လို့ရတယ်၊ အအိပ်ကြမ်းလို့လည်း ရတယ်၊ ဘာမှ ပူစရာရှိဘူး"

ရယ်ကျဲကျဲမျက်နှာဖြင့် ကြွေကပဲ အအိပ်ကြမ်းသလို နောက်ပြောင်ဆိုလေသည်။

"အမယ် . . နင့်လိုမှတ်လို့၊ မင်းစောနော်"

ကြွေက ခေါင်းအုံးတစ်လုံးဖြင့် အားယူပြီး လှမ်းပေါက်၏။

"ကျေးဇူးပဲ ကြွေ"

မင်းစော ရယ်မောကာ ဖမ်းလေသည်။ အိမ်ရှင်မမကသဘောကျစွာ ရယ်ရင်း အခန်းထဲဝင်သွား၏။

"တကယ် . . သူငယ်ချင်းတွေပဲ မောင်ရဲ့၊ ရှိုးရှိုးသားသားလေးတွေ"

ခင်ပွန်းဖြစ်သူကို တိုးတိုးစကားပြောလေသည်။

☺ 😐 ☺







www.burmeseclassic.com

www.burmeseclassic.com








"မင်းလည်းပင်ပန်းလှပြီ ခိုင်မင်းခန့်၊ ရေမိုးချိုးပြီး အိပ်လိုက်၊ မနက်ကျမှ အဆောင်လိုက်သွားရင် သူတို့နဲ့တွေ့မှာပဲ"

"ကျွန်တော် . . ကြွေတို့အဆောင်ကဖုန်းနံပါတ်သိတယ်ခင်ဗျ၊ ဖုန်းဆက်မေးကြည့်လိုက်ရင် ကောင်းမလား"

ခိုင်မင်းခန့်ကို ဒေါ်ဖြူဖြူက ကြည့်၏။

"အန်တီ . . ဒီအိမ်မလာခင်က ဆက်သေးတယ်"

အားလုံးက ဒေါ်ဖြူဖြူ့ထံ အကြည့်ရောက်၏။ ဒေါ်ဖြူဖြူက စဉ်းစဉ်းစားစားပြုနေသောမျက်နှာဖြင့်ခပ်လေးလေးပြောသောကြောင့် ပြောမည့်စကားကိုစောင့်နားထောင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ . . ပြန်သွားပါပြီလို့ပြောတယ်"

"ဟင်"

အားလုံး အလန့်တကြားဖြစ်သွားကြ၏။ ဒေါ်ဖြူ ဖြူတစ်ယောက်သာ ထိတ်လန့်ပုံမရပေ။

"ကြည့်ရတာတော့ . . တစ်ယောက်ယောက်က မသိဘဲ ထင်ရာပြောတာဖြစ်မယ်ထင်တယ်"

ခိုင်မင်းခန့် မျက်ခုံးကလေးနှစ်ခုထိစပ်လုနီးပါး တွန့်၏။ နီလွင်ကြည်နှင့်ကားချင်းယှဉ်မိစဉ်ပြောသောစကား ပြန်လည်ကြား၏။ နီလွင်ကြည်က ဝမ်းသာအားရ စတင်နှုတ်ဆက်ခြင်းဖြစ်၏။

"ဟယ် . . ခိုင်မင်းခန့် ခုမှလာသလား"

"အေးဟာ . . ကားပျက်နေလို့ မိုးချုပ်သွားတာ၊ မင်းစော တို့နဲ့ ငါချိန်းထားတာဟ၊ ဒီကောင်တွေစောင့်ရတာနဲ့ စိတ်တိုမှာသေချာတယ်"

"ကြွေ့ကို မင်းစော တစ်နာရီလောက်က လာခေါ်သွား တာတွေ့လိုက်တယ် ခိုင်မင်းခန့်ရဲ့၊ကြွေက မင်းစောဆိုင် ကယ်ပေါ် ပါသွားတာပဲ၊ အိမ်ပြန်တာလားဘယ်သွားလဲ တော့မသိဘူး၊ ကြွေ ပြန်လာတာတော့ မတွေ့ဘူး"

"ဟုတ်လား . . ဒါဆို အိမ်ပြန်တာထင်တယ်"

ယခုတော့ . . ကြွေရော မင်းစောပါ အိမ်မှာ မရှိပြီ။

ခိုင်မင်းခန့်မျက်နှာက စိုးရိမ်တကြီးပုံစံ လှုပ်





လှုပ်ရှားရှားဖြစ်သွား၍ အားလုံးအကြည့်က ခိုင်မင်းခန့်ထံရောက် ၏။

"နီလွင်ကြည်ပြောတာနဲ့ ကိုက်နေတယ် အန်တီဖြူ၊ နေ့ လယ်တစ်နာရီမှာ မင်းစောက ကြွေ့ကိုလာခေါ်သွားခဲ့ တာတဲ့၊ ဆိုင်ကယ်နဲ့ ကြွေပါသွားတာမြင်တယ်ပြောကြ တယ်"

"ဟင်"

"ဘုရားရေ"

"နေ့လယ်တစ်နာရီတည်းကဆိုရင် ပြန်ရောက်သင့်နေ တာပဲ"

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြရပါ သည်၊စိတ်လှုပ်ရှားခြင်းများစွာဖြင့် ဘာလုပ်ရမှန်းမသိကြတော့ပါ။

ဦးမြတ်သာက ဖုန်းထဆက်၏။

"ကိုမြတ်သာ . . ညကြီးသန်းကောင်ကျော်မှာဘယ်ဆက် မှာလဲ"

ဒေါ်သန်းရီက လှမ်းဟန့်၏။

"မင်းစောရှိမယ့်အဆောင်ကို . ."

ဖုန်းဆက်စကားပြောသံကို အားလုံးနားစိုက် ထောင်ပြီးနေတာ တိုင်ပင်စရာမလိုပါ။

"မရှိဘူး . . ဟုတ်လား၊ ဘယ်သွားလဲ . . ဒီကောင်"

". . . . . . . . . . . . . . . . . . ."

"ဟာ . . ခုထိ ပြန်မရောက်သေးဘူး၊ အေးကွာ . . ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာနဲ့ ဖုန်းဆက်ခိုင်းပါ၊ ဒါမှမဟုတ် မင်းပဲ ဆက်ပါ . . ဟုတ်လား . . အေးအေး ကျေးဇူးပဲ"

ဖုန်းချလိုက်စဉ်မှာ ခိုင်မင်းခန့်နှလုံးသားတွေ ပြုတ်ကျသွားသလို ခံစားလိုက်ရတာပါ။ လူကြီးတွေ လှုပ်လှုပ်ရှားရှားဖြစ်ကြ၏။

ကြွေ မရှိ . . .
မင်းစောမရှိ . . .
မင်းစောက ကြွေ့ကိုလာခေါ်သွားခဲ့ . . .
ကြွေက မင်းစောဆိုင်ကယ်ပေါ်ပါသွားခဲ့ . . .
အိမ်ပြန်ရောက်မလာ . . .
အဆောင်မှာ မရှိကြ . . .
ဘယ်သွားကြတာလဲ။

ရင်မှာပူလောင်သွား၏။ တစ်ခါမှမဖြစ်ထွန်းဖူးသော သံသယက ရင်ထဲသို့ အလုံးအရင်းဖြင့် ဝင်လာ၏။

ခိုင်မင်းခန့်၏နှလုံးသွေးက တဒိတ်ဒိတ်အခုန်မြန်၏။

မင်းစောနှင့် ကြွေ့အကြောင်းပြောဆိုစဉ်က စကားတွေ ပြန်လည်သတိရကြားယောင်၏။

"မလုပ်နဲ့ကွ . . တကယ့်ဆတ်ဆတ်ကြဲ . . မာနခဲလေး၊ တစ်လောကလုံးမှာ သူနဲ့တန်တဲ့သူ မရှိဘူးလို့တောင်ထင်နေသလားမသိပါဘူး၊ အားလုံးကို ရန်လုပ်လွှတ်တာပဲ၊ တစ်ယောက်မှကို လက်မခံခဲ့ဘူး၊ မျက်နှာထား



က ဘာတင်းသလဲမမေးနဲ့၊ လှသလောက် မာန တကယ်ကြီးတယ်"

"မှန်မှန်ပြော . . မင်းစော မင်းရော အဲဒီလိုရန်လုပ်ခံရတဲ့အထဲ ပါခဲ့သေးတယ်မဟုတ်လား"

"သဘောကျတာ ဝန်ခံတယ်ကွာ . . ကြိုက်တယ်၊ နည်းနည်းပါးပါးပြောကြည့်ခဲ့ဖူးတယ်"

မင်းစော၏ ရှက်တက်တက်မျက်နှာ ရယ်ကျဲကျဲမျက်နှာအမူအရာကို ယခုအချိန်မှာ မြင်ယောင်စဉ်၌ ဒေါသစိတ်ပြင်းစွာထွက်၏။

"ဟဲ့ . . သား . . ဘယ်လဲ ခိုင်မင်းခန့်"

ကားပေါ်ပြေးတက်သော ခိုင်မင်းခန့်ကို ဒေါ်သန်းရီ အလန့်တကြားအော်၏။

"ကျွန်တော် လိုက်ရှာမယ်"

"မဟုတ်တာ ဒီအချိန်ကြီးမှာ"

လူကြီးတွေအသံက နောက်မှာကျန်ရစ်၏။

"မင်းစော . . မင်းကွာ . . လုပ်ရက်တယ်"

"ကြွေ . . သစ္စာဖောက်"

ရင်မှာ ဒေါသဖြင့် ဆူဝေ၏။စိတ်ထဲမှာမင်းစောကိုအခါတစ်ရာ တစ်ထောင်မက ဆွဲထိုးနေ၏။ ကားကတာမှ လွှတ်သောမြင်းလို ဒုန်းစိုင်းပြေးနေလေသည်။

ဦးမြတ်သာ၊ ဒေါ်သန်းရီနှင့် ဒေါ်မြမြမှာ ရင်ဖိကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . မဟုတ်တာကွာ၊ ဒီကောင်"

ဦးမြတ်သာ၏တောက်ခေါက်သံက တိတ်ဆိတ်နေသောအခန်းထဲမှာ ကျယ်လွန်းနေ၏။

ဒေါ်သန်းရီက ဒေါ်ဖြူဖြူ၏အေးစက်နေသောလက်ကိုဆုပ်ကိုင်လိုက်၏။ ငိုသံပါဖြင့် ပြော၏။

"ဖြူ့ကို သန်းတို့တောင်းပန်ရတော့မှာပဲ ဖြူရယ်"

ဒေါ်ဖြူဖြူက ခေါင်းယမ်း၏။

"ဖြူကတော့ မင်းစောကိုယုံတယ်၊ မဟုတ်ဘူး ထင်တာပဲ၊ မဟုတ်ပါစေနဲ့ ဆုတောင်းတယ်လေ"

"ဟုတ်လာခဲ့ရင်ရော"


ဒေါ်ဖြူဖြူနှင့် ဒေါ်သန်းရီ အကြည့်ချင်းဆုံ၏။

"ဒီလိုလေ ဖြူရယ်၊ ကလေးတွေက ငယ်ကြသေးတယ် မဟုတ်လား၊ စိတ်ဆိုတာကတစ်စက္ကန့်အတွင်းမှာကုဋေနဲ့ချီပြီး ဖြစ်ပျက်ပြောင်းလဲနေတော့ . . နီးစပ်ရာကနေ မထင်မှတ်တာတွေ ဖြစ်သွားနိုင်တယ်မဟုတ်လား"

"မင်းစောနဲ့သာဆိုရင် ဖြူ ငြင်းစရာမရှိပါဘူး၊သဘောတူပြီးသားပါ သန်းရယ်"

တိုးတိုးညင်သာဆိုသံမှာ တုန်ခါလှိုင်းစွက်၏။ ကြွေ မျက်နှာများသလိုဖြစ်ခြင်းအတွက် ရှက်စိတ်ဝင်ကာ ဒေါသဖြစ်တာအမှန်ပင်ဖြစ်လေသည်။

☺ 😐 ☺




ကောင်းကင်ညိုသည် ရွာမလိုဟန်ရေးပြ၏။ ညိုမှောင်သောတိမ်တိုက်တွေက အဆုပ်လိုက်အခဲလိုက် မှိုပွင့်ကြီးများပုံသွင်းလောင်းကာ ယခုပင်ရွာချတော့မလား ထင်မှတ်ရ၏။

လေပြင်းပြင်းတစ်ချက်ဝှေ့အတိုက်မှာ တိမ်ညိုလွှာများ တစချင်းစီပျက်ပြယ်၏။ အဝေးသို့လွင့်ကာ ရွေ့လျား၏။ နောက်ဆုံးမှာ. . ကောင်းကင်တစ်ခုလုံး ညိုမှောင်သောတိမ်တိုက်များ ပျောက်တွယ်၏။ ဤသည်မှာ ကောင်းကင်ညို၏လှည့်ဖြားမှု တစ်ရပ်သာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း"ဟူသောသတင်း။

"မင်းစောသာ"

နှင့်

"ကြွေဝတ်မှုန်"

ဟူသောအမည်နာမက 'ရဲထွန်း'ကိုအံ့အားသင့်စေခဲ့ရပါသည်။

ဘယ်လိုဖြစ်တာလဲ . . .

ရဲထွန်းသိထားသည်က ကြွေဝတ်မှုန်နှင့်ခိုင်မင်းခန့်ဖြစ်၏။

ခိုင်မင်းခန့် မိတ်ဆက်ပေးဖူးသဖြင့် ကြွေဝတ်မှုန် ကိုမြင်တွေ့ခဲ့ဖူး၏။ ခိုင်မင်းခန့်၏ချစ်သူအဖြစ် ကြွေဝတ်မှုန်ကို သိထားခဲ့၏။

သူငယ်ချင်းနှစ်ယောက်တည်း ဆုံတွေ့စဉ်မှာ ခိုင်မင်းခန့်က မေးစမ်းခဲ့ဖူး၏။

"ဘယ်လိုလဲ"

"ဘာကို ဘယ်လိုရမှာလဲ"

"ကြွေဝတ်မှုန်ကို . . မင်းအမြင် မေးတာ"

"ငါ့ကိုယ်ငါ ဒေါသဖြစ်တယ်"

"ဟင် . . ဘာဆိုင်လဲ . . ငါမေးတာနဲ့"

"ဆိုင်တယ် . . . ကြွေဝတ်မှုန်ကို ငါအရင်တွေ့ဖို့ကောင်းတာ"





"ခွေးကောင် . . ငနာ"

ခိုင်မင်းခန့် ပါးစပ်မှ ပျစ်ပျစ်နှစ်နှစ်ဆဲတာ ခံရ၏။ ရဲထွန်း သဘောကျစွာ ဟားတိုက်ရယ်လိုက်၏။

"တကယ်ပြောတာ . . ခန့်ရ၊ မင်း ကံကောင်းတယ်"

ခိုင်မင်းခန့် မျက်စောင်းကိုမြင်ရ၏။

"တော်ပြီ . . မပြောနဲ့တော့၊ ငါက ကြွေ့ကို မင်းဘယ်လိုမြင်လဲသိချင်လို့မေးတာ၊ မင်းက ပါးစပ်အရသာခံသေးတယ် . . တော်တော့"

"သူငယ်ချင်းတကွာ . . ချစ်လို့စတာကို၊ ကြွေက ချောတာလှတာထက် တစိမ့်စိမ့်ထိုင်ကြည့်နေဖို့ကောင်းအောင်ကို ကျက်သရေရှိတာနော်"

"ရဲထွန်း"

ခိုင်မင်းခန့် လိုက်ထိုး၍ ပြေးခဲ့ရ၏။ ဤမျှ အချစ်ကြီးကြသူနှစ်ဦး ဘာတွေအဆင်မပြေဖြစ်ကြတာလဲ။

'မင်းစောသာ' ကိုလည်း ခိုင်မင်းခန့်စကားပြောလျှင် ပါဝင်နေခြင်းကြောင့် နာမည်ကြားခဲ့ဖူးတာလေ။

ယခုတော့ . . ထိုနှစ်ယောက် . . .

သတင်းစာဖတ် . . တွေးနေရင်းမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရ၏။

ဟိုးတစ်လောလေးတုန်းကဖြစ်၏။

"မင်းကို . . စုံတွဲတစ်တွဲလာရှာတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဘယ်ကစုံတွဲလဲ"

"ဟာ . . ဒါတော့ ဘယ်သိမှာလဲ၊ ကိုရဲထွန်းတဲ့ . . ရဲထွန်းနဲ့တွေ့ချင်တယ်ပြောတာပဲ"

"နာမည်လေးဘာလေး မေးထားဖို့ကောင်းတယ်ကွာ . . မင်းတို့က"

"ဟို ကောင်လေ . . ကောင်မလေးကို ငေးနေတာ မျက်လုံး

ကြီးများတောင်ကျွတ်ကျဦးမယ်နော်လို့ သတိပေးရတဲ့အထိ စိုက်ကြည့်နေပြီး မေးဖို့ကျတော့ သတိမရဘူး"

"ကြည့်လို့ကောင်းလို့ကြည့်တာကွာ . . ဘာဖြစ်သလဲ၊ မျက်စိဆိုတာ ကြည့်ဖို့ထားတာ"

"အေးလေ . . အဲဒီတော့ . . နာမည်မေးဖို့ မင်းမေ့သွားတယ်မဟုတ်လား။ အဲဒါ . . ငါပြောတာ"

သူငယ်ချင်း အချင်းချင်းပြောကြဆိုကြသံတွေ နားမှာ ကြားယောင်၏။ မျက်စိမှာမြင်ယောင်၏။

အဲဒီတုန်းက 'ကြွေဝတ်မှုန်'နှင့်'ခိုင်မင်းခန့်'များ မိမိဆီရောက်လာကြတာလား။

ထိုစဉ်က အပြင်ကပြန်အလာ ခရီးပန်းနေသဖြင့် ပြောကြားသောစကား နားထောင်ခဲ့၏။ ဘယ်သူတွေဖြစ်မလဲ စဉ်းစား၏။

ခိုင်မင်းခန့်နဲ့ ကြွေဝတ်မှုန်နဲ့ကလွဲ၍ ဘယ်သူမျှ





မဖြစ်နိုင်ဟုတွေးခဲ့၏။ အကြောင်းထူးရှိမည်မဟုတ်။ ချစ်သူစုံတွဲ လျှောက်လည်ရာမှ လာရောက်ကြတာပဲဟု တွေးခဲ့မိပြီး ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ပဲထားခဲ့တာပါ။

☺ ☹ ☺

"ရဲထွန်း . . . ဧည့်သည်"

လှမ်းအော်ပြောသောအသံကြောင့် သတင်းစာကိုပိတ်ကာ ထိုင်ရာမှ ထကြို၏။

"ဟာ . . ခိုင်မင်းခန့် . . မင်း"

အားရဝမ်းသာကြိုရာမှ ခိုင်မင်းခန့်၏ ညှိုးငယ်မရွှင်လန်းသော အနေအထားကြောင့် သတင်းစာပါသတင်းကို သတိရကာ . . ရဲထွန်း ရယ်ရွှင်မျက်နှာပျက်၏။

"လာကွာ . . ခုပဲ . . ငါ မင်းတို့အကြောင်းတွေးပြီး မင်းကို သတိရနေတာ"

ခိုင်မင်းခန့်မျက်နှာမှာ မချိပြုံးကိုမြင်ရ၏။ ဒာဆောင်ဖြစ်ခြင်းကြောင့် ခုတင်ပေါ်မှာ တစ်ယောက်ကထိုင်လျှင် တစ်ယောက်က စာကြည့်ခုံမှာ ထိုင်ရလေသည်။ ခိုင်မင်းခန့်က စာကြည့်ခုံမှာ ထိုင်၏။ အကြည့်က သတင်းစာကိုရောက်၏။

"တွေ့ပြီးပြီလား . . အမင်္ဂလာသတင်း"

နာကျင်စွာဆိုသော စကားသံမှာလှိုက်ရှုနာသံ

www.burmeseclassic.com



ပါဝင်၏။ သတင်းစာကို မေးဆက်၏။

"တွေ့ပြီးပြီ၊ အံ့သြတယ်ကွာ . . ဘာဖြစ်ကြတာလဲ မင်းတို့"

"မပြောနဲ့တော့ . . သစ္စာဖောက်တွေအကြောင်းကို"

"မင်းကမပြောနဲ့ဆိုလေ ငါကပြောချင်လေပဲ၊ 'မင်းစောသာ'က မင်း ပြောပြောနေတဲ့ သူငယ်ချင်းပဲ မဟုတ်လား"

"အင်း"

"မင်းနဲ့ ကြွေ့အကြောင်း သူ သိနေတာမဟုတ်လား"

"အင်း . . မင်းပြောတော့ ငါက ကံကောင်းတယ်တဲ့၊တကယ်ကံကောင်းတာက မင်းပဲ ရဲထွန်း၊ အဲဒီလို သစ္စာမရှိတဲ့မိန်းမနဲ့ မင်းမတွေ့ရတာ"

"သူတို့ချင်း ချစ်ကြိုက်သွားကြတာလား"

"ဒါပဲရှိမှာပေါ့ . . လိုက်တောင်ပြေးတာကွာ၊ ဘယ်လောက်ရက်စက်သလဲဆိုတာ"

"ဟင် . . လိုက်ပြေးတာ"

ရဲထွန်း၏ အံ့သြမှုက မျက်တောင်ခတ်ဖို့ပင် မေ့ ၏။

"ဘာလဲ . . မင်း မယုံဘူးလား၊ လိုက်ပြေးလို့ လူကြီးတွေ မကောင်းတတ်လို့ လက်ထပ်ပေးဖို့ စီစဉ်ရတာ"

"မဟုတ်သေးဘူးထင်တယ် နိုင်မင်းခန့်၊ ငါ လူကဲခတ်





ကျွမ်းကျင်ပါတယ်ကွ၊ ကြွေဝတ်မှုန်ကအဲဒီပုံစံမျိုးမဟုတ်ဘူး"

"ချပ်ပဲကွာ . . ဘာရှပ် ညာရှပ်ဆိုတာရှိမလား"

"ရှိတယ် . . မင်းကျတော့ အချစ်ကြီးသလောက် အမျက်ကြီးတယ်၊ တွေ့စ်ယှသန် တစ်ဇွတ်ထိုးလုပ်တတ်တယ်ကွ၊ ရှူးရှူးရှဲရှဲဆိုတာမျိုး၊ အဲဒီတော့ . . မှားစရာရှိရင် ဇွတ်မှားရော"

"မှန်တာရှိရင် ဇွတ်မှန်မှာလည်း ထည့်ပြော"

"ပြောလို့မရဘူး . . အဲဒီ တစ်ဇွတ်ထိုးသမားက ချင့်ချိန်ဝေဖန်ပိုင်းခြားချိန်မှမရှိတာ . . မှားမှာပဲ"

"ကိုင်း . . ခု . . မင်းပြော၊ ငါပြောတာမှားသလား၊ မင်းပဲကြည့် . . သတင်းစာမှာ အထင်အရှားတွေ့နေရပြီ"

"ဒါ . . လူကြီးတွေစီစဉ်လို့လည်းဖြစ်နိုင်တာပဲ"

"သွားပြီ . . မင်း ရေရေလည်လည်မှားပြီ၊ အမှားကြီးမှားပြီ ရဲတ "

"ဘာ့ကြောင့်လဲပြော . . လူသက်သေ၊ ပစ္စည်းသက်သေရှိသလား"

နိုင်မင်းခန့် မရှုပ်ပျူးလ . . ရဲထွန်းက ရှင်းပျအောင် ခပ်မော့ပေါ့ပြော၏။

"ရှိတယ် . . လူသက်သေတွေအများကြီး၊ အဲဒီနှပ်ယောက်စလုံးရဲ့မိဘတွေနဲ့ ငါ သူတို့ခိုးပြေးတာ နေ့



www.burmeseclassic.com

www.burmeseclassic.com



လယ်တစ်နာရီကွာ . . နောက်တစ်နေ့နေ့လယ်မှ ပြန်တွေ့ကြရတာ"

"မင့်မျက်စိရှေ့တင်"

"အေး . . မင်းမျက်လုံးတွေက မယုံဘူးဆိုတာပြနေတယ်၊ ငါလည်း အဲဒီလိုပဲ မယုံချင်ဘူး ရဲထွန်း။ အဲဒီနေ့ကငါနဲ့ ကြွေ ချိန်းထားကြတာကွာ၊ ငါက လမ်းမှာကားပျက်နေလို့ နောက်ကျသွားတယ်၊ အဲဒီမှာ ဟိုကောင်က သုတ်ပြေးတာ"

"သုတ်ပြေးတယ် . . အံ့ဩစရာပဲ မင်းစကား"

"မယုံဘူးပေါ့ . . ပြီးရော . . ."

"သုတ်ပြေးရအောင် 'မင်းစောသာ'က စွန့်ရဲမဟုတ်ဘူး၊ ကြွေ၀တ်မှုန်က 'သားတစ်'မှ မဟုတ်တာ"

"အဲဒီတော့ . . အလိုတူအလိုပါပေါ့၊ သစ္စာဖောက်တယ်လို့ ငါပြောတာပေါ့ . . ရဲထွန်း"

"အံ့ပါ့ကွာ . . မင်းတို့နှစ်ယောက် . . ဟိုတစ်လောကငါ့ဆီရောက်လာတယ်ကြားတယ်၊ အခုပဲ . . ဒီသတင်းတွေလို့ ငါ အံ့ဩနေတာ၊ ဖြစ်ပျက်တာတွေကမြန်လိုက်တာ"

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာလျှောက်ပြောရမှာလဲ . . တွဲသွားတွဲလာလုပ်တာက မင်းနဲ့၊ လက်ထပ်မှာက ဟိုတစ်ယောက်နဲ့၊ ဘယ်လောက်မြန်ဆန်သလဲ အဖြစ်အပျက်က"





"မဟုတ်သေးပါဘူး . . မင်းစောစောကပြောတဲ့စကားကို ငါပြောတာ ရဲထွန်း၊ ငါ သူနဲ့ မင်းဆီကိုလာလည်မယ်လို့ ပဲပြောခဲ့တာ . . လာမှ မလာရသေးတာ၊ ရောက်လာတယ်လို့ ဘာကြောင့်ပြောရတာလဲ"

"ကြောင်နေပြီ . . မင်းကြောင်နေပြီ၊ ဟိုတစ်လောကနှစ်ယောက်တွဲလာတာ မင်းတို့မဟုတ်ဘူးလား"

"မဟုတ်ဘူး . . လုံးဝကိုမဟုတ်တာ၊ ကြွေ့မွေးနေ့မှာကြွေနဲ့လျှောက်လည်ဖို့ လာခဲ့တာ၊ ကားပျက်နေလို့ အချိန်မီမရောက်ဘူး၊ အဲဒီနေ့မှာပဲ သူတို့နှစ်ယောက် ပျောက်သွားကြတာ"

ပြောရင်း . . စဉ်းစားမိသွား၏။

"နေပါဦး . . ကြွေ၀တ်မှုန်နဲ့ ငါလို့ မင်းပြောရအောင်မင်းက ငါ ဟုတ်,မဟုတ်တောင် မသိတော့ဘူးလား"

"သိမလား . . ငါမှမရှိတာ၊ ငါ့သူငယ်ချင်းတွေက စုံတွဲတစ်တွဲလာတယ်လို့ပဲပြောတော့ မင်းတို့ပဲမှတ်တာပေါ့"

"ဟင်"

ခိုင်မင်းခန့် . . စဉ်းစားတွေးတောစရာများဖြစ်ရပါပြီ။ ထိုနေ့က ကားဖြင့် ကြွေတို့ကိုပတ်ရှာခဲ့သောနေ့အချိန်အခါဆီ စိတ်ရောက်၏။

☺ 😐 ☺



www.burmeseclassic.com

www.burmeseclassic.com











အိပ်ချင်သောစိတ်က ဘယ်ဆီလွင့်ပြေးပြီမသိပြီ၊ သောကနှင့်ဒေါသက နှလုံးသားကို ကျွမ်းမြည့်စေသည်အထိ လောင်မြိုက်၏။

မင်းစောရဲ့သူငယ်ချင်း အဆောင်ကို ဦးစွာစုံစမ်း၏။

"ပြန်သွားတာတွေလိုက်တာပဲ၊ ကျွန်တော်တို့အဆောင်တော့ လုံးဝကို လိုက်မလာခဲ့တာ"

ဆိုသောစကားလောက်ရှင်းတာမရှိပြီ။

ကြွေဝတ်မှုန်၏အဆောင်မှူးက ခိုင်မင်းဝေ့ကို မယုံသင်္ကာကြည့်၏၊

"ကြွေဝတ်မှုန် ဘာဖြစ်နေလို့ ဒီလောက်စုံစမ်းနေကြတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ တယ်လီဖုန်းဆက်မေးလို့ဖြေရတာလည်း မောနေပြီ၊ ပြန်သွားတယ် . . ဖြင်ဦးလွင်ကိုလိုက်သွားကြည့် . . ဒါပဲရှိတယ်"

စိတ်တိုစွာအော်ငေါက်ပြော၏။

"သွားပြီ"

"မင်းစောကကြွေ့ကိုခေါ်သွားခဲ့ပြီ"ဆိုသောအသိစိတ်ဖြင့်သွားနိုင်မည်ထင်သောနေရာတွေ လျှောက်စုံစမ်း၏။

နေ . . တော်တော်ကြီးမြင့်မှ . . ဆိုင်ကယ်တစ်စီး ဖြင်ဦးလွင်ဘက်သို့ အရှိန်ပြင်းစွာမောင်းသွားတာမြင်ရ၏။

မင်းစောဆိုင်ကယ်ပဲဖြစ်မည်ဟု မှန်းဆကာလိုက်၏။ ထင်သည့်အတိုင်း မင်းစော၏ဆိုင်ကယ်ပဲဖြစ်နေ၏။

ကြွေက မင်းစော၏ပခုံးကိုကိုင်ကာစကားပြောဆိုလိုက်ပါပုံက . . အလိုတူစွာသွားလာကြခြင်းပဲမဟုတ်လို့ဘာလဲ။

ခိုင်မင်းခန့်က ဆိုင်ကယ်ကို ကျော်တက်၍ ရှေ့က ဆီးကြိုရပ်မှ အကြည်စိုက်ကာ ပျော်မြူးလာသူနှစ်ယောက်က ခိုင်မင်းခန့်ကိုမြင်သွားကြ၏။

"ဟယ် . . ခန့်"

"ဟာ . . ဟော့ကောင်ကြီး"

မျက်နှာပြောင်တိုက်နိုင်ကြပါပေသည်။ ဦးစွာကြွေက ပြေးဆင်းလာခဲ့၏။





"မင်း . . မင်းကွာ . ."

ခိုင်မင်းခန့်က ကားပေါ်မှ အလောသုံးဆယ် ဆင်းတာ ကားတံခါးတောင် ပြန်မပိတ်နိုင်ပါ။

ကြွေ့ကိုကျော်လွှားလျက် မင်းစောသာထံ အရှိန်အဟုန်ပြင်းစွာ ပြေး၏။

"ခန့် . . မင်းဘာဖြစ် . ."

မင်းစောသာ၏ စကားမဆုံးခင်မှာမီပြင်းထန်စွာထိုးသောလက်သီးချက်က မင်းစော၏မျက်နှာပေါ် ဒလစပ်ကျရောက်၏။

"ခန့် . . နင် ဒါ ဘာလုပ်တာလဲ၊ ဘာဖြစ်လို့လဲ . . တော်တော့"

ကြွေ့ ပြန်ပြေးလာရင်း အော်၏။ ဆွဲ၏။

"နင် . . ဘာဖြစ်လာတာလဲ ခန့်ရဲ့ . . ဟင်၊ နင် ဘာလို့ထိုးရတာလဲ"

ကြွေ ပြေးထူပွေ့တာ . . မင်းစောကိုဖြစ်၏။ ခန့် ကို ရန်လိုစွာကြည့်သောအကြည့်မျက်ဝန်းများမှာ အရမ်းကို အံ့ဩ နေသောအကြည့်ပါဝင်နေ၏။

"သူငယ်ချင်းအပေါ် သစ္စာမရှိလို့ထိုးတာ၊ ရွံလို့ထိုးတာ၊ နင့်ကိုလည်း ငါသတ်ပစ်ချင်လောက်အောင် ရွံတယ် . . မုန်းတယ် ကြွေ၊ နင်တို့အကြောင်း စောစောသိရတာ ငါ ကံကောင်းတာပဲ"

www.burmeseclassic.com



"ခိုင်မင်းခန့် . . နင်ဘာတွေလျှောက်ပြောနေတာလဲ၊ ဘယ်သူက ဘာတွေဖြစ်နေလို့လဲ"

ကြွေ့အသံလေးက ဒေါသဖြင့် တုန်ခါနေ၏။ အသားတွေ တဆတ်ဆတ်တုန်နေ၏။

"ခန့်"

"မခေါ်နဲ့ . . မင်းတို့အသံ ငါ မကြားချင်ဘူး မင်းစော၊ ငါ့ကိုချောင်ထိုးပြီး မင်းတို့အရှုးလုပ်သမျှ ငါခံခဲ့ရတာ ငါရှက်တယ် . . သိလား"

"ဟော့ကောင် . . မစော်ကားနဲ့၊ မင်းလွန်ပြီ"

"စော်ကားတာက မင်း၊ ယုတ်မာတာက မင်း၊ သူငယ်ချင်းရည်းစားတောင် မရှောင်နိုင်အောင် မင်း စည်းကမ်း မရှိတာမလွန်ဘူးလား"

"ဟာကွာ . . မင်း"

မင်းစောက ပြေးထိုး၏။ ကြွေ ကုန်းအော်လေသည်။

"တော်ကြပါတော့ . . မရှက်ဘူးလား၊ လူတွေ ကားတွေ ရပ်ကြည့်ကုန်ပြီ"

"ခြော် . . ဒါတော့ရှက်သေးသကိုး ကြွေရဲ့၊ ဟင် . . သူငယ်ချင်းနှစ်ယောက်ကြားထဲဟိုပင်ဒီပင်ကူးရတာ တော့နင်မရှက်ဘူးလား"

ကြွေ၏လက်က မြှောက်တက်သွား၏။ ခိုင်မင်း





ခန့်၏ပါးပြင်က ကျိန်းစပ်နွာကျင်သွား၏။ ကြွေ သည်းထန်စွာငို လေသည်။

"လူယုတ်မာ . . လူတကာကို နင့်လိုစိတ်နဲ့မနှိုင်းနဲ့၊အရိုင်းလူရိုင်း . . ငါ့မှာ နင့်စကားယုံစားပြီး မျှော်လိုက်ရတာ၊ နင်ရှိမယ်ထင်တဲ့နေရာကို စိတ်ပူပြီးရှာလိုက်ရတာ. . ငါ့စေတနာ ငါ့မေတ္တာတွေကို နင် အရမ်းစော်ကားတယ်၊ နင့်စိတ်က စုတ်ပဲ့လွန်းတယ်"

"တစ်ညလုံး . . ဘယ်နေရာသွားနေမှန်းမသိတဲ့မိန်းမ လောက်တော့ မစုတ်ပဲ့သေးဘူး"

"ကြည့်စမ်း . . နင် ဘာပြောတယ်၊ ဘာပြောလိုက်တယ်"

"နင်တို့အကြောင်း လူမသိသေးဘူးမှတ်နေသလား ကြွေ၊ နင်နဲ့မင်းစော တစ်ညလုံးပျောက်နေတာအားလုံးသိကုန်ကြပြီ၊ နင့်အမေရော. . ဟိုကောင့်မိဘတွေပါသိပြီး လိုက်စောင့်နေကြပြီ၊ ငါ့ကို နင်မေ့လိုက်တော့၊ နင့်ကိုလည်း ငါ လုံးဝမေ့လိုက်ပြီ၊ ရွံသွားပြီ . . မုန်းသွားပြီ . . သိရဲ့လား"

ခိုင်မင်းခန့်က ကားပေါ် တက်ကာတံခါးဆောင့်ပိတ်၏၊ မင်းစောပြေးလာလေသည်။

"ဟိတ်ကောင် . . မင်းမှားနေပြီ၊ ကြွေနဲ့ငါက အရှင်းကြီး၊ ဘာမှမပတ်သက်ဘူး၊ မင်းထင်သလိုမဟုတ်ဘူး"

"လုပ်မနေနဲ့ . . ငါ နွားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစော . . မပြောနဲ့၊ နေပေ့စေ . . သွားပေ့စေ"

ကြွေ့အသံကို သဲ့သဲ့မျှ ကြား၏။ ကားကို ရန်ကုန်ဘက် တစ်ရှိန်ထိုးမောင်းပြီးပြန်လာခဲ့၏။

ကားပေါ်မှနေ၍ လွှင့်ပစ်ချခဲ့သော ပလက်တီနမ်ဆွဲကြိုးကလေးက မြက်ခင်းပေါ်မှာ ပိုင်ရှင်မဲ့စွာ ကျန်ရစ်ခဲ့လေသည်။





"အဲဒီလိုနဲ့ . . သူနဲ့ငါ ပြတ်ခဲ့ကြတာပဲ၊ ခုကြည့်လေ . . သူတို့စေ့စပ်လိုက်တာ မင်းအမြင်၊ မဟုတ်ရင် . . ဒီလိုတွေ ဖြစ်လာမလား"

ရဲထွန်း ခေါင်းယမ်း၏။

"တစ်ခုခုတော့ လွဲနေပြီ ခိုင်မင်းခန့်၊ စောစောက မင်းပြောတဲ့စကားထဲမှာ ကြွေက မင်းရောက်မလာလို့ စိတ်ပူပြီးလိုက်ရှာခဲ့တယ်လို့ ပြောခဲ့တယ်မဟုတ်လား"

"ဪ"

"အဲဒီအချိန်က ငါ့ဆီရောက်လာတာ မင်းစောနဲ့ ကြွေ မဖြစ်နိုင်ဘူးလား"

"ငါ မင်းနဲ့မိတ်ဆက်ပေးတုန်းက မုံရွာတက္ကသိုလ်ပဲပြော



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သူ ဘယ်လိုလာတတ်မလဲ"

"မင်းစောရော ကြွေဟာ တက္ကသိုလ်ကဘွဲ့ရတော့မှာကွ၊ လမ်းဘေးကမဟုတ်ဘူး၊ မေးမြန်းပြီး ငါ့အဆောင်ထိ လာရှာလို့ရတယ်၊ ပြီးတော့ . . ဒီမှာက တစ်ယောက်ကို တစ်ယောက် သိနေကြတာ"

"ထားပါ . . အခု . . စေ့စပ်တောင်ပြီးပြီ . . မဟုတ်ရင်"

"ဒါကတော့ . . မိဘတွေက မင်းလိုပဲတွေးပြီး အထင်မှား လက်ထပ်ပေးကြတာ မဖြစ်နိုင်ဘူးလား၊ ခဏနေဦး . . ဟိုနှစ်ယောက်လာတုန်းက မြင်လိုက်တဲ့သူရှိတယ် . . သွားခေါ်ဦးမယ်"

"ဘာလုပ်မှာလဲ"

"ပုံပန်းသဏ္ဌာန်မေးကြည့်ရင် ဘယ်သူတွေလဲ သိရတာပေါ့"

ရဲထွန်း ထွက်သွား၏။ ခဏနေတော့ ကျောင်းသားတစ်ယောက်နှင့်ပြန်ရောက်လာ၏။

"ဒါ . . မျက်လုံးကျွတ်အောင်ကြည့်လိုက်တဲ့ စိန်ထွန်းပဲ"

စိန်ထွန်း ရှက်ရယ် ရယ်၏။

"ဟာဗျာ . . ကျွန်တော်က ရိုးရိုးကြည့်တာကို ဟိုကောင်နောက်တာပါ"

"ကိုင်း . . ပြောပါဦး၊ ဘယ်လိုပုံစံလဲဆိုတာ"



စိန်ထွန်းပြောသောပုံစံက ကြွေဝတ်မှုန်ဖြစ်နေ၏၊ ကောင်လေးက 'မင်းစော' ခိုင်မင်းခန့် သိလိုက်၏။

"အေးဗျာ . . ကျေးဇူးပဲ . . သွားတော့"

ရဲထွန်းက ပြန်တွန်းလွှတ်၏။

"ဟာ . . အသားလွတ်ကြီးခေါ်မေးတာပါလား၊ လက်ဖက်ရည်ကော်ဖီလည်းမတိုက်ဘဲနဲ့"

ရယ်မောပြောဆိုပြီး ထွက်သွား၏။

"သူတို့လာတာ မင်းကိုလာရှာတာပဲဖြစ်မယ် ခိုင်မင်းခန့်"

"ဟုတ်တယ် . . ဟိုလူပြောတဲ့ရက်က ကြွေ့မွေးနေ့ပဲ၊ ကြွေနဲ့ငါ ချိန်းထားတဲ့နေ့"

"မင်း အထင်လွဲသွားခဲ့ပြီထင်တယ်"

"မန္တလေးနဲ့မုံရွာ တစ်ညလုံးသွားစရာမလိုတာတော့ မင်းသိမှာပါ"

"ရန်ကုန်နဲ့မန္တလေး . . မင်းကားမောင်းရင် မနက်လာညနေရောက်ပဲ၊ ဟိုနေ့က ဘယ်လောက်ကြာလဲ . . နှစ်ရက်နီးပါးမဟုတ်ဘူးလား"

"ကားပျက်တာကိုး"

"သူတို့လည်း ကုန်းကြောင်းလျှောက်တာမဟုတ်ဘူး ခိုင်မင်းခန့်၊ လိုင်းကားစီးတာမဟုတ်ဘူး၊ ဆိုင်တယ်စီးတာ ဆိုင်ကယ်လည်း ဓာတ်ဆီကုန်တာ ဘီးပေါက်တာရှိတာ

www.burmeseclassic.com



ပဲ"

နိုင်မင်းခန့် ပြုံး၏။

"မင်း ဆေးကျောင်းတက်ဖို့မကောင်းဘူး၊ ရှေ့နေလုပ်ဖို့ပဲ ကောင်းတယ်"

"တကယ်ဝါသနာပါတာ ရှေ့နေပဲ၊ သူများဒုက္ခဖြစ်တာ အနိဋ္ဌာရုံတွေ မကြားရဲလို့ မလုပ်တာ၊ မင်း အေးအေး ဆေးဆေးပဲ မဟုတ်လား . . ခုလာတာ"

"ဆိုပါတော့"

ပြောရင်း . . . မချိသွားဖြရယ်၏။

"ငါ့အိမ်က အကျိုးအကြောင်းဘာမှသိမထားတော့ ဟို ကောင်'မင်းစော'စေ့စပ်တာ သွားလိုက်ဆိုပြီးလွှတ်တာ ကွ၊ စေ့စပ်ပွဲတက်ခိုင်းတာ၊ ငါကွာ . . ခါတိုင်း ဂရိုးဂရိုး လာနေပြီး . . ခုမှမသွားဘူးပြောရင် မကောင်းတော့ ထွက်လာပြီး မင်းဆီရောက်လာတာ"

ရဲထွန်း သဘောကျစွာ ရယ်၏။

"ဘာရယ်တာလဲ"

"မင်းအဖြစ်ကို သဘောကျလို့ပါ"

"ဘာသဘောကျစရာရှိလို့လဲ"

"ရွှဲကုန်သည်နှစ်ယောက်လေ . . အဲလိုလောဘကြီးတဲ့ ရွှဲကုန်သည်က သူများပစ္စည်းအလကားလိုချင်တာနဲ့ အ





လကားအသုံးမကျတဲ့ခွက်စုတ် ဘာညာပြောပြီး အိုက် တင်ခံထွက်သွားတော့ တကယ့်အဖိုးထိုက်ရတနာရွှေ ခွက်ကို မရလိုက်တော့ဘူးပေါ့၊ စိတ်ထားကောင်းတဲ့ရွှဲ ကုန်သည်လက်ထဲ အဖိုးထိုက်ရတနာရွှေခွက် ရောက် သွားတာ သတိရလို့"

"ဟာ . . ရဲထွန်း . . ငရှုပ်၊ မင်းက ငါ့ကို စိတ်ထားပုပ် တယ် ပြောတာပေါ့ ဟုတ်လား၊ ကြွေ့နဲ့မထိုက်တန်လို့ မရတာလို့ ပြောတာပေါ့လေ"

"မင်းကို ဘာတစ်ခုမှလည်း ငါမပြောရပါလားနိုင်မင်းခန့် ရာ၊ မင်းဘာသာမင်း မလုံမလဲဖြစ်တာတော့ မတတ်နိုင် ဘူးပေါ့"

"ခွေးကောင်"

သူငယ်ချင်းနှစ်ယောက် သဘောကျစွာ ရယ် ၏။

"ဟ . . ဒါက ဘာလဲ"

စားပွဲပေါ်တင်ထားသောဘူးကို နိုင်မင်းခန့် တိုင်ကြည့်၏။

"သိချင်ရင် . . ဖွင့်ကြည့်လေ"

နိုင်မင်းခန့် ဖွင့်ကြည့်၏။စန္ဒရားလှလှလေးတွေ့ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ . . မကြီးမငယ်နဲ့၊ ကလေးပစ္စည်းနဲ့ဆော့ချင်သေးတယ်"

"မင်းဘကြီး . . အဲဒါနဲ့ဆော့ရမလား။ ငါ့တူမလေးပူဆာလို့ ဝယ်ထားတာ၊ သွားပို့ရမယ်၊ အတော်ပဲဟော့ကောင် မင်းမှာကားပါတာပဲ . . လိုက်ပို့"

"ဘယ်ပို့ရမှာလဲ"

"မုံရွာမြို့ထဲကို"

"မရွှီးနဲ့ . . မင်းမှာ မောင်နှမရင်းချာတစ်ယောက်မှ မရှိတာ ငါ သိတယ်"

"ရင်းချာ မရှိပေမဲ့ . . တစ်ဝမ်းကွဲကနေ ဆယ်ဝမ်းကွဲအထိပြည့်နေတာ၊ မင်းသိတာမှ မဟုတ်တာ"

"မုံရွာမှာ အမျိုးရှိတယ် မကြားဖူးပါဘူး"

"ငါ့အမျိုးတွေ ဘယ်မှာနေတယ် မင်းဘယ်လိုသိမှာလဲ စကားစပ်မိကြတာမှ မဟုတ်တာ၊ လာကွာ . . မင်းကို ရက်တော့ရင့်မှာ ထမင်းကျွေးလို့ပါရတာပေါ့"

ရဲထွန်းသွားမည်ဆိုမှတော့ ခိုင်မင်းခန့်တစ်ယောက်တည်း ဘယ်လိုနေခဲ့လို့ရပါမလဲ။

ရဲထွန်းကိုတင်ပြီး ကားမောင်းထွက်လာခဲ့၏။ ဩော် . . ဒီနေရာအထိ ကြွေတို့ရောက်ခဲ့တာပါလား . . သတိရ၏။



သို့သော် . . .

နောက်တစ်နေ့မှာမှ ပြန်တွေ့ရသောမြင်ကွင်းကို သတိရ၏။ မင်းစောထိုင်ခုံနောက်မှာ တင်ပါးလွှဲထိုင်လိုက်ရင်းပခုံး ကိုဆုပ်ကိုင်ထားသော ကြွေ . . .

စကားတွေဖောင်ဖွဲ့ ပြောဆိုသွားကြသောသူနှစ်ယောက်။ လှည့်စားရက်သည်ဟု ရင်မှာနာကျင်စွာ ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com











ပျဉ်ထောင်အိမ်သေးသေးရှေ့သို့ ခိုင်မင်းခန့်၏ကားရပ်သောအခါ . . အိမ်ထဲမှ လှမ်းကြည့်နေသူတွေထဲမှ တလေးတစ်ယောက်ပြေးထွက်လာ၏။ ရဲထွန်းကိုမြင်သွား၏။

"ဟာ . . ရလေးလေးထွန်းလာတယ်မေမေ"

အိမ်ထဲသို့ လှည့်ကြည့်အော်၏။

"လေးထွန်း . . သမီးမှာတာပါလား"

"ပါတာပေါ့ . . ညည်းအတွက် သီးသန့်ကိုလာပို့ရတာ"

ရဲထွန်းက စနစ်တကျရားထည့်ထားသောဘူးကိုယူပြီး ကားပေါ်မှဆင်း၏။

"လာလေ . . ခိုင်မင်းခန့်"

မလိုက်တော့ဘူးဟု ငြင်းဆိုမည်ပြုပြီးမှ . . အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှထွက်လာသော ခပ်ရွယ်ရွယ်လင်မယားနှစ်ယောက်က ပြုံးကြည့်စောင့်ကြိုနေသဖြင့် . . ခိုင်မင်းခန့် ဆင်းလာခဲ့၏။

"ကားရပ်တော့ . . အိမ်မှားရပ်တာမှတ်ပြီး ကြည့်နေတာ အထွန်းလို့မထင်ထားဘူး"

မိန်းမရွယ်က အပြုံးဖြင့်ပြော၏။

"ခိုင်မင်းခန့်တဲ့ မမဝါ . . ကျွန်တော့်သူငယ်ချင်း၊ ဒါက ငါ့အစ်မကွ . . ဝါဝါခိုင်တဲ့၊ ဒါက ယောက်ဖ ကိုညွန့်တင်တဲ့"

တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နှုတ်ဆက်ကြလေသည်။ ဘုရားခန်းရှေ့မှာ သစ်သားဆက်တီစားပွဲချထားပုံက အသံစီမှန်းသိသာစွာ သစ်လွင်လှပနေ၏။

"ဆက်တီက အသစ်ပါလား . . ဟိုအရင်က အဟောင်းသုံးလုံး ဖြုတ်လိုက်ပြီလား"

ရဲထွန်းက ဆက်တီမှာဝင်ထိုင်ရင်း စပ်စု၏။

"သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတာလိုပါပဲ၊ လက်ဆောင်လာပို့သွားတာလေ . . မနေ့ကပဲ"

ဝါဝါက မေးလေးဆတ်ပြော၏။ ကိုညွန့်တင်က ရယ်မောရင်း . . မျက်ခုံးပင့်၏။

"နောက်ဆို . . ညဘက် ကားတစ်ပါတ်ပတ်ဖို့ မင်းအစ်မက ငါ့ကို တာဝန်ပေးနေပြီ ရဲထွန်းရဲ့"

"အမယ်လေး . . မဟုတ်တာ၊ နောက်ပြောတဲ့ဥစ္စာကိုအဲ



ဒီတစ်ယောက်ဟာလေ . . ညှော်သည့်က တကယ့်မှတ်တော့မှာပဲ"

ဝါဝါခိုင်၏အသံမှာ ရှက်ရိပ်လွှမ်း၏။

"ဘာဖြစ်လို့လဲ . . ပြောပါဦး"

ရဲထွန်းက စကားစ၏။ ဝါဝါခိုင်က အအေးနှစ်ခွက် လျက်မြန်စွာထည့်ယူလာကာ ရှေ့မှာချ၏။

"သောက်ပါဦး"

ခိုင်မင်းခန့်ကို ကြည့်ပြောလေသည်။

"ကိုင်း . . ဘာတဲ့လဲ . . ပြောလိုက်လေ"

"ရှင်ပြောပါလား . . သိပ်ပြောချင်နေတဲ့ဟာ"

"မင်းက အပြောကောင်းလို့ ပြောခိုင်းတာပါ ဝါဝါရ"

ဝါဝါခိုင်ရယ်၏။

"တစ်ခါကွယ် . . ဆိုင်ကယ်ချိန်းကြိုးပြတ်သွားတဲ့စုံတွဲလေးတစ်တွဲ လမ်းမှာဒုက္ခရောက်နေတာနဲ့ ကူညီလိုက်တာ၊ သူတို့က လမ်းကြုံလိုက်တာပဲဆိုပါတော့၊ ညဘက်ကြီးလေ . . မှောင်တောင် တော်တော်မှောင်နေပြီ"

ခိုင်မင်းခန့်နှင့်ရဲထွန်း တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်အပြည့်ဖြင့် ကြည့်မိကြရပါပြီ။

"အဲဒီတော့ . ."

ရဲထွန်းက စိတ်လှုပ်ရှားစွာ စကားထောက်၏။

"ဆိုင်တွေက ပိတ်နေ၊ ချိန်းကြိုးက ဝယ်မရဘူး၊ သူတို့ဆိုင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကယ်ကလည်း မဝါတို့ပစ်ကပ်ကားပေါ်တင်ယူလာကြရတာဆိုတော့ . . မရဘူးဆင်းတော့ပြောလို့ ဘယ်ဖြစ်မလဲ၊ သွားမယ့်နေရာကလည်း အဝေးကြီးဆိုတော့ အဲဒီထိလည်း ဘယ်ပို့နိုင်မလဲ၊ ဒါနဲ့ . . ဒီအိမ်မှာ တစ်ညတည်းခိုင်းလိုက်ရတာ"

"လင်မယားလား . . သူတို့က"

ခိုင်မင်းခန့်က ဝင်မေးခြင်းဖြစ်၏။

"မဟုတ်ဘူး . . သူငယ်ချင်းတဲ့၊ တကယ် ရိုးရိုးသားသားပါ၊မှန်တာပြောရရင် အစက မမစိတ်ထဲ သိပ်မကြည်ဘူးပေါ့၊ ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်နေမှာစိုးလို့လေ၊ နောက်သူတို့ပြောတာဆိုတာတွေကြားနေရတော့ တကယ့် သူငယ်ချင်းအစစ်တွေဖြစ်နေတာ သိရတယ်၊ ခြင်ထောင်တောင် မထောင်ဘူးလုပ်တာ . . ခြင် မတရားကိုက်လို့ထောင်အိပ်ပါဆိုမှ ကောင်မလေးကခြင်ထောင်ထဲမှာအိပ်ပြီး . . ကောင်လေးက ဒီဘက်က ပက်လက်ကုလားထိုင်မှာ စောင်ခြုံအိပ်တာ၊ မနက်ဘက်ကျမှ . . ဟိုတစ်ယောက်က ချိန်းကြိုးလိုက်ဝယ်ပေးပြီး နေမြင့်မှ ထွက်သွားကြတယ်၊ အဲဒါ ကျေးဇူးတင်လို့ဆိုပြီး ဒီဆက်တီခုံကိုလာပို့သွားကြတာ၊ဟော . . . ဒီနေ့တော့ သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်း ပြီးစီးတဲ့သတင်းပါလာတယ်"





"ကြည့်ရတာ . . . အဲဒီနောက်ပိုင်းမှာ အဆင်ပြေသွားကြတယ် ထင်ပါကွာ"

မဝါဝါ၏စကားကို . . . ကိုညွန့်တင်က ရယ်မောအဆုံးသတ်၏။ သတင်းစာထယူပြီး . . . လက်ထောက်ပြ၏။

"ဟောဒီမှာလေ . . . သူတို့"

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းကြော်ငြာ . . . "မင်းစောသာ" နှင့် "ကြွေဝတ်မှုန်"တို့၏ နာမည်ကိုထင်ရှားစွာမြင်တွေ့ရ၏။

ခိုင်မင်းခန့် . . . ခေါင်းငိုက်စိုက်ကျရလေသည်။

"တိုင်း . . . ငါမပြောလား"ဟူသော အကြည့်ဖြင့် ရဲထွန်းကြည့်လေသည်။

☺ ☺ ☺

"စေ့စပ်တာပဲတွာ . . . လက်ထပ်ရသေးတာမှ မဟုတ်တာ မင်း . . . ကြွေ့ကို ပြန်ပြီး ချဉ်းကပ်ပါလားခိုင်မင်းခန့်"

အပြန်ခရီးမှာ ရဲထွန်း၏စကားက စိတ်ဖိုတွန်းအား အဖြစ်လှုံ့ဆော်၏။

"အချစ်ကြီးလို့ အမျက်ကြီးတာပဲ၊ မင်းသတ်တာစိတ်မြန်

www.burmeseclassic.com



တာကလည်း အလွန်ကြီးတော့ မဟုတ်ပါဘူး၊ ငါဆိုရင် လည်း ဖြစ်မိမှာပဲ"

ကြွေရယ် . . .

တမ်းတစွာ ခေါ်မိ၏။

"သစ္စာဖေါက်မ"ဟု . . . ကြမ်းတမ်းစွာ ခေါ်မိခြင်းကို ယခုအချိန်မှာ . . . ကြီးမားစွာနောင်တရ၏။

ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ မချစ်ခဲ့ဖူးဘူးသောအချစ်ဖြင့် ခိုင်မင်းခန့်က ကြွေ့ကို ချစ်မိတာပါ။

ကြွေ့ကိုချစ်မိသော အချစ်မျိုးဖြင့် နောက်ထပ်မည်သူတစ်ဦးတစ်ယောက်ကိုမျှ . . . ခိုင်မင်းခန့် ချစ်မိမှာ မဟုတ်တော့ပါ။

"တောင်းပန်ပါတယ် ကြွေ . . . ခွင့်လွှတ်ပါ"

ဦးထောက် တောင်းပန်တိုးလျှိုးချင်၏။

"ကျွန်တော့်ကို ပေးချင်တဲ့အပြစ်သာ ပေးပါတော့ ကြွေရယ်"

လည်စင်းပေးချင်၏။

"ကြွေကသာ ခွင့်လွှတ်မယ် . . ကျွန်တော့်ကို ပြန်လက်ခံမယ်ဆိုရင် ကျွန်တော် . . . ကျွန်တော် . . . ဒီဘဝမှာ သေပျော်ပါပြီ ကြွေရယ်"

ဝမ်းနည်းမျက်ရည်စီးကျ၏။

ကြွေနှင့် မင်းစောတို့ ၏ ဆိုင်ကယ်နှင့် ခိုင်မင်း





ခန့် ၏ကား ဆုံတွေ့သော နေရာမှာ . . . ကားရပ်၏။

မင်းစောကို မညှာမတာထိုးမိသော လက်တိုဖြန့်ကြည့်မိ၏။ နီးရာသစ်ပင်ကို လက်သီးဖြင့် ထိုးမိ၏။

ခွင့်လွှတ်ပါတော့ သူငယ်ချင်းရယ် . . .

တောင်းပန်မိ၏။

လက်မှာ ယောင်ကိုင်းကာ သွေးခြေစုလျှက် ညိုမဲလာ၏။ခိုင်မင်းခန့်က နာကျင်စွာ ခံစားရသော ဝေဒနာတို အံ ကြိတ်ခံစားရင်း မျက်ရည်တွေစီးကျလာ၏။

ရွှေကုန်သည်နှစ်ယောက်လေ . . .

အလိုလောဘကြီးတဲ့ရွှေကုန်သည်က သူများပစ္စည်း အလကား လိုချင်တာနဲ့ . . .

အလကား အသုံးမကျတဲ့ခွက်စုတ် ဘာညာပြောပြီး အိုက်တင်ခံထွက်သွားတော့ . . .

တကယ့်အဖိုးထိုက်ရတနာ ရွှေခွက်ကို မရလိုက်တော့ဘူးပေါ့ . . .

စိတ်ထားကောင်းတဲ့ ရွှေကုန်သည်လက်ထဲ အဖိုးထိုက်ရတနာရွှေခွက် ရောက်သွားတာ သတိရလို့ . . .

ရဲထွန်းနောက်ပြောင်ပြောဆိုသော စကားများမှာပြန်လည်ကြားယောင်ရင်း ရင်မှာ ဆွေး မြည့်စွာခံစားရ၏။

ပြင်ဦးလွင်သို့ ကားဦးလှည့်ထားရာမှ . . .

www.burmeseclassic.com




ရန်ကုန်ဘက်သို့ ပြန်လည်ချီးကွေ့ခဲ့၏။

ယခုတော့ မိမိဘာတတ်နိုင်တော့မှာလဲကွယ်။

'သံသယ'ဖြစ်ခြင်း၏ အကျိုးဆက်က ဘဝတစ်ခုလုံးကို ချေမွဖျက်ဆီးလိုက်သည်ပါတကား။

ဆင်ခြင်စိတ်ဖြင့် ကြောင်းကျိုးချင့်ချိန်ဆုံးဖြတ်နိုင်ဖို့ ခိုင်မင်းခန့် နားလည်သဘောပေါက်မိချိန်မှာ ကြွေ့ကိုဆုံးရှုံးလိုက်ရပါပြီ။

ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ။
စာချစ်သူများ၏



မအေးမလေး

၂. ၅. ၀၂

www.burmeseclassic.com